
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

သင်မြတ်နိုး

# ထာဝရချစ်နေခွင့်လေးပေးပါ

BURMESE CLASSIC .com

စိုးမိုး - စာပေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"ဘာ…ဘာပြောတယ် ကောင်းကင်ယံ၊ အဲဒီရှင်သခင်ဆိုတဲ့ ကောင်မလေးက မင်းကို လုံးဝမချစ်ဘူး ဟုတ်လား၊ မင်းဘယ်လိုလိုက်လိုက် လိုက်လို့မရဘူး၊ မင်းကို မတူသလို မတန်သလိုတောင် ဆက်ဆံလိုက်သေးတယ်၊ အမလေးနော် ဒီလောက်ချမ်းသာတဲ့ ဘွားမဟာစံရဲ့ တစ်ဦးတည်းသော မြေးယောကျ်ားလေးကိုတောင် သင်းက မတူသလို မတန်သလို လုပ်နေတယ်ဆိုတော့ သင်း သင်းက ဘယ်လောက်ချမ်းသာနေလို့လဲ ပြောစမ်းပါကောင်းကင်ယံ၊ ဟင်း…ဟင်း မခံချင်လိုက်တာနော်၊ မခံချင်လိုက်တာ၊ အမေက တော်ဝင်ရတနာပိုင်ရှင်၊ အစ်မတွေက တစ်သက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မာနနဲ့ကိုယ် ဒိတ်ဒိတ်ကြဲ နေလာခဲ့ကြတဲ့ အစ်မတွေ၊ ကြည့်စမ်း ကိုယ့်မှာ ဒီမောင်လေးတစ်ယောက်တည်းရှိတယ်ဆိုပြီး တစ်သက်လုံးက ဖူးဖူးမှုတ် အလိုလိုက်ထားတာ ခုတော့ ကြည့်စမ်းပါဦး ရှင်သခင် ဆိုတဲ့ ကောင်မလေးရဲ့ အချစ်ကိုမရလို့ အသည်းတွေကွဲနေပြီတဲ့"

"ဟာ...မအော်နဲ့လေ"

"ဟဲ့...နင့်ဥစ္စာက မအော်လို့ရမယ် ကောင်းကင်ယံ၊ တစ်နေ့ တစ်နေ့ ထမင်းမစား ဟင်းမစားဘဲ နင် တစ်နေကုန် ကားတစ်စီးနဲ့ လျှောက်သွားနေတာ ပြန်လာတော့လည်း မှိုင်လို့၊ ပြီးတော့ ဟိုချောင်မှာခွေလိုက်၊ ဒီချောင်မှာခွေလိုက်နဲ့ အခုတလော မျက်နှာလေးတောင်ချောင်ပြီး တော်တော်လေးပိန်သွားတယ်"

"ကျွန်တော်...ကျွန်တော် အရမ်းခံစားနေလို့ပါဗျာ"

"ဟဲ့...နင်က အရမ်းခံစားနေရအောင် ဟိုက ဘယ်လောက်တောင်ချောနေလို့လဲ၊ ကြည့်စမ်း ဘွားမဟာစံရဲ့မြေး ဆိုပြီး လိုချင်တဲ့သူဌေးသမီးတွေ၊ ဝိုင်းဝိုင်းလည်နေတဲ့ကြားက ဘယ်ဟာမကိုများ ကြိုက်ပြီး ဇာတ်လမ်းတွေ ရှုပ်နေသလဲမသိဘူး၊ မာမီသိရင် မိုးမီးလောင်တော့မယ်၊ ဘွားသိရင်လည်း သူ့မြေးကို





ပြန်မကြိုက်ရကောင်းလားဆိုပြီး ဆတ်ဆတ်ခါနာတော့မယ် ကောင်းကင်ယံ၊ နင် နင် တော်တော်ပြဿနာရှာတာပဲ"

"ပြဿနာရှာတာ မဟုတ်ပါဘူး၊ အဲဒီရှင်သခင်ဆိုတဲ့ ကောင်မလေးကို မမျှော်လင့်ဘဲတွေ့သွားပြီး အရမ်းစွဲလမ်းသွားရလို့ ဒီလောက်ထိ ခံစားလိုက်ရတာပါ၊ ကျွန်တော့်ဘဝမှာ သူဟာ အချစ်ဦးပါ၊ သူကလွဲရင် ဘယ်သူ့ကိုမှလည်း ကျွန်တော် ချစ်လို့ရတော့မှာ မဟုတ်ဘူး မမတိမ်သလ္လာရယ်"

တကယ်ဆိုရင် သည်အကြောင်းတွေကို ဘယ်သူ့ကိုမှ မပြောချင်ပါ။ သိသွားလျှင်လည်း တစ်ခွေလုံးတစ်မျိုးလုံး ဒေါသတွေပေါက်ကွဲကြမှာ သေချာနေသည်။ ကောင်းကင်ယံဆိုတာ ဘွားမဟာစံ သိပ်ချစ်တဲ့ ယောကျ်ားလေးတစ်ယောက်တည်းပဲ ရှိခဲ့တာလေ။ အမွေတွေအားလုံးကိုတောင် ကောင်းကင်ယံ တစ်ယောက်တည်းကိုပဲ ပုံအောပေးခဲ့မှာလို့ ဘွားမဟာစံက အမြဲရည်ရွယ်နေခဲ့တာ။

တိမ်သလ္လာကတော့ အကြီးဆုံးအစ်မပါ။ အလယ်မှာ မိုးဝဠာဆိုတဲ့ အစ်မတစ်ယောက်က ထပ်ရှိနေသေးတယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မောင်လေး ကောင်းကင်ယံကိုပဲ အစ်မနှစ်ယောက်စလုံးက ခေါင်းပေါ်တင်မထားရုံတမယ် ချစ်ခဲ့ကြတာ။ ခုတော့ သူတို့အသည်းကျော် မောင်လေးကောင်းကင်ယံက ရှင်သခင်ဆိုတဲ့ ကောင်မလေးက ပြစ်စားလိုက်လို့ ဟတ်ကော့တွေဖြစ်ပြီး အသည်းတွေ စွတ်ကွဲနေပြီနဲ့ မောင်လေးအဖြစ်ကိုကြည့်ကာ တိမ်သလ္လာ ဒေါ်ပွနေရသည်။

"ကဲ...မင်းကာ ဒီလောက်တောင်ချစ်နေတယ်ဆိုတော့ မမသလ္လာ ဘာလုပ်ပေးရမလဲ၊ မမကိုပြောစမ်း မမကိုယ်တိုင် လိုက်ပြောပေးရမလား"

"ဟာ...ဘယ်လိုလုပ်ရမှာလဲ"

"ဟင်...ဘာဖြစ်လို့လဲ"

"ရှင်သခင်က မာနအရမ်းကြီးတာ"

"ဘာ"

"ကျွန်တော်လိုက်တာတောင် ကျွန်တော့်ကို တစ်ချက်လှည့်မကြည့်ဘူး"

"အမလေး...ကောင်းကင်ယံ၊ နင့်လို အရမ်းချော အရမ်းခေတ်မီတဲ့ ကောင်လေးတစ်ယောက်လိုက်တာကို လှည့်မကြည့်ဘူး





ဆိုတော့ သင်းက ဘာမို့လို့လဲ၊ ဟင်း အဲဒါမျိုး မမသလ္လာနဲ့ တွေ့လိုက်ချင်တယ်၊ မခံချင်လိုက်တာကွာ၊ တကယ်ပဲ တကယ်ပဲ"

"ဟင်...မမတို့နှစ်ယောက် အခန်းထဲမှာ ကျိတ်ကျိတ်ကျိတ်ကျိတ်နဲ့ ဘာတွေပြောနေကြတာလဲ"

စလင်းဘတ်အိတ်ကလေးလွယ်ပြီး ရှိုးစမိုးနဲ့ အပြင်က ပြန်ရောက်လာတဲ့ မိုးဝဠာ။

"မပြောနဲ့ မမသလ္လာ"

"ဟဲ့...ဘာဖြစ်လို့မပြောရမှာလဲ၊ ပြောမယ် ပြောမယ်၊ ပြောကိုပြောရမယ်"

"ဟာ...မမသလ္လာလုပ်တာနဲ့ အကုန်ရှုပ်ကုန်တော့မယ်ဗျာ"

ကောင်းကင်ယံ ပိုပြီးစိတ်ဓာတ်ကျနေရပြီ။

"နင်ဘာဖြစ်လို့ မပြောစေချင်ရမှာလဲ ကောင်းကင်ယံ၊ ဒီကိစ္စက တော်ဝင်ရတနာမိသားစုရဲ့ ဂုဏ်သိက္ခာကို ထိခိုက်နေတာ၊ ဒီပြဿနာကို ငါနဲ့ဝဠာ နှစ်ယောက်ထဲရှင်းမယ်"

"မမသလ္လာ မောင်လေးဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးတစ်ယောက်ကို ကြိုက်နေလို့"

"ဘာ"

"အဲဒီကောင်မလေးက မာနတွေအရမ်းကြီးပြီး မောင်လေးကို ပြန်မကြိုက်ဘူးတဲ့လေ"

"အမလေး မြတ်စွာဘုရား၊ တို့မောင်လေး ကောင်းကင်ယံဆိုတာ လိုချင်သူတွေ အများကြီးဝိုင်းနေတဲ့ဥစ္စာ၊ အဲဒါ မောင်လေးကို ပြန်မကြိုက်ဘူး ဟုတ်လား မမသလ္လာ၊ ဟင်း ဟင်း ကြားလိုက်ရတာနဲ့တင် အမောကဆို့သွားတာပဲ၊ ပြောစမ်း ကောင်းကင်ယံကိုပြန်မကြိုက်တာ ဘယ်ကောင်မလေးလဲ၊ နာမည်ပြော၊ ဖုန်းနံပါတ်ပေး၊ ဝဠာတစ်ခါတည်း အပြတ်ချပေးလိုက်မယ်"

ပြောပြောဆိုဆို မျက်နှာလေးရဲ့ နှုတ်ခမ်းလေးစူပြီး စလင်းဘတ်အိတ်ထဲက အနက်ရောင် ဟန်းဖုန်းလေးကို ဆွဲထုတ်လိုက်တာ မိုးဝဠာ။

"မရဘူး မမဝဠာ၊ သူ့ဆီကို ဖုန်းဆက်လို့မရဘူး"

"ဟယ်…ကြည့်စမ်း ဘဝင်ကလည်း မြင့်လိုက်တာ၊ မောင်လေးက ဆက်တာတောင် ဟိုက ဖုန်းမကိုင်တဲ့သဘော၊ ဟင်း





ဟင်း သင်းက ဘယ်လောက်ချမ်းသာနေလို့ ဘဝင်က ငယ်ထိပ်တက်နေရတာလဲ၊ ပြောစမ်း ကောင်းကင်ယံရာ၊ ဖုန်းပြောလို့မရရင် အိမ်အထိလိုက်သွားမယ်၊ ကဲ ပြော သူဘယ်မှာနေတာလဲ၊ ဝင်ဒါမီယာလား၊ ရွှေတောင်ကြားလား"

"မမဝဠာ မသိပါဘူး"

"ဟဲ့…မသိလို့ မေးနေတာပေါ့ဟဲ့၊ သိရင်လိုက်သွားတာကြာလှပြီ၊ တို့သွေးက ဘွားမဟာစံရဲ့ မိုးကုတ်သွေး နားလည်လား၊ ဘွားမဟာစံလောက် ဘယ်သူက ချမ်းသာမှာလဲ၊ ဘွားမဟာစံကိုပြိုင်လို့ ဘယ်သူကနိုင်မှာလဲ၊ အဲဒါတောင် သင်းက ကြီးကြီးကျယ်ကျယ်လုပ်လို့၊ ဟင်း ဒီကိစ္စကို မာမီသိရင်တောင် ဖွေ့ဖွေ့ခုန်သွားဦးမယ်၊ သင်း ဘယ်လောက်မာနကြီးကြီး မာမီကြီးတာကို သင်းသိရင် တစ်ခါတည်းနဲ့တောင် ဝပ်ဆင်းသွားဦးမယ်၊ လာဟာကြာတယ်၊ မာမီ့ကို သွားပြောမယ်"

"ဟာ…မပြောပါနဲ့"

ကောင်းကင်ယံ စိတ်ညစ်ရတာ အဲဒါပဲ။

အစ်မနှစ်ယောက်ရှိပါတယ်။ ကောင်းကင်ယံကိုထိရင်



www.burmeseclassic.com

www.burmeseclassic.com



ကက်ကက်လန်ဖို့လောက်ပဲ စဉ်းစားနေကြတာ။ ပြဿနာကို ခေါင်းအေးအေးနဲ့ ဘယ်လိုဖြေရှင်းရမလဲဆိုတာကို တစ်ချက်ကလေးမှ စဉ်းစားကြတာမဟုတ်ဘူးလေ။ မမသလ္လာထက်စာရင် မမဝဇ္ဇာက ပိုတောင်ဆတ်ဆတ်ထိမခံသေး။

"ဟင်း…ငါတို့က ငါတို့မောင်လေးကို ဗိုလ်ချုပ်ဈေးမှာ စိန်ရွှေရတနာဆိုင်ဖွင့်ထားတဲ့ အန်တီခိုင့်သမီး ယစ်မူးက တစ်ဖက်သတ်ကြိုက်နေတာတောင် အိမ်အလာခံတာမဟုတ်ဘူး၊ ဟိုကုမ္ပဏီပိုင်ရှင် ဦးကောင်းကောင်းသမီး တွယ်တာဆို ကောင်းကင်ယံကို ပေးလိုက်ရတဲ့ အမှတ်တရလက်ဆောင်တွေ၊ မသုံးချင်လို့ ဂိုဒေါင်ထဲမှာ ပစ်ထည့်ထားလိုက်တာ၊ ဟင်း ငါတို့ကလည်း သဘောမတူပါဘူး၊ လုပ်မနေနဲ့"

"အေး ငါတို့က ဘယ်လောက်ပဲ သဘောမတူ တူတူ ငါတို့မောင်လေးကို ပြန်ငြင်းမယ့်လူရှိနေပြီ ဝဇ္ဇာ၊ အဲဒါဘယ်လိုလုပ်မလဲ၊ အဲဒီကောင်မကို ဂုတ်ကနေကိုင်ပြီး မာနကို ချွတ်ပေးလိုက်ရင် မကောင်းဘူးလား၊ မောင်လေးကို မရရအောင်ကိုလိုက်နိုင်းပြီး ရတော့မှ ဘီလူးဆိုင်းတီးပြီး ခွဲပစ်လိုက်မယ်"





"ကောင်းတယ် မမသလ္လာ၊ အဲဒါ ဝဇ္ဇာလည်း သဘောတူတယ်"

တွေ့လား။

အစ်မနှစ်ယောက်စလုံး အတိုင်အဖောက်တွေက တအားကိုပဲ ညီနေကြတာ။

"ကြည့်စမ်းပါဦး ဝဇ္ဇာရယ်၊ အဲဒီ့စိတ်နဲ့ လူပိန်သွားတာ၊ အရင်ရက်တွေတုန်းက ငါတို့အလုပ်များနေလို့ မောင်လေးကို သတိမထားလိုက်မိတာ၊ ဒီနေ့မှ သူခိုးရေးနေတဲ့ စာကိုမိသွားလို့၊ ဟင်း ဟင်း စာထဲမှာလေ တို့မောင်လေးက တော်တော့်ကို အောက်ကျ နောက်ကျခံပြီး အဲဒီကောင်မရဲ့အချစ်ကို တောင်းနေရတာဟဲ့ သိရဲ့လား"

"ဟင်…အဲဒီလောက်တောင်"

မိုးဝဇ္ဇာ မျက်လုံးပြူးနေသည်။ တိမ်သလ္လာကလည်း မဲ့ကာ ရွဲ့ကာ ပြောနေသည်။ သူတို့နှစ်ယောက်ကြားမှာ ဘာတစ်လုံးမှ မပြောနိုင်တာ ကောင်းကင်ယံ။

"အဲဒါထက်ဆိုးတာက ဘယ်နားက ဘတ်စ်ကားဂိတ်လဲ



www.burmeseclassic.com

www.burmeseclassic.com



တော့မသိဘူး၊ အဲဒီကားဂိတ်လေးနားက အုတ်ခုံလေးမှာတောင် မျက်နှာငယ်ငယ်လေးနဲ့ အဲဒီကောင်မကို စောင့်နေရတာတဲ့''

''ဘုရားရေ''

ဝဋ္ဋာ ထပ်ပြီး အသက်ရှူမှားရပြန်ပြီ။

ကြည့်စမ်း ဒါဟာ မောင်လေးကောင်းကင်ယံ တော်တော့်ကို အောက်ကျခံပြီး လိုက်နေရတာ။ ဒီလောက်ချောတဲ့ ကောင်းကင်ယံ။ မိန်းကလေးတစ်ယောက် ရူးရလောက်အောင် ယောကျ်ားတန်မဲ့ အသားလေးဝင်းနှစ်ပြီး နှုတ်ခမ်းလေးတွေကအစ ရှင်းသန့်ပြီး ရဲနေတဲ့ မောင်လေးကို ဘွားမဟာစံရဲ့သွေးက ဘတ်စ်ကားဂိတ်လေးမှာ ငုတ်တုတ်လေး ထိုင်စောင့်ပြီး လိုက်ရသတဲ့။

ရာဇဝင်ရိုင်းလိုက်တာ။

ဘွားမဟာစံသာ သူ့မြေးအဖြစ်ကို သိသွားခဲ့ရင် မိုးကို မီးနဲ့တက်ရှို့တာကမှ သက်သာချင် သက်သာဦးမည်။ သူ့မြေးလို ဒိတ်ဒိတ်ကြဲတစ်ယောက်ကို မချစ်ရကောင်းလားဆိုပြီးတော့ ရှိသမျှ စည်းစိမ်ချမ်းသာတွေ ပုံအောပြီး စိန်ခေါ်တော့မှာလေ။ နောက်ဆုံး မရရင် ဘွားကို အသိပေးသင့်ရင် ပေးရတော့မှာပဲ။





''ကောင်းကင်ယံ''

''ဘာလဲ မမဝဋ္ဋာရယ်''

''မင်း မာမီ့အကြောင်းကိုရော ဘွားအကြောင်းကိုပါ သိတယ်နော်၊ ဒီကိစ္စကို မာမီနဲ့ဘွား သိသွားရင် မခံချင်စိတ်နဲ့ ဓာတ်လမ်းတွေရှုပ်သွားလိမ့်မယ်''

''မမတို့ သွားမခေါ်ရင်ပြီးတာပဲ''

''ဘာ''

''မပြောနဲ့လေ''

''ဟဲ့…မပြောစေချင်ရင် မင်းဟာမကို မင်းအပိုင်ရအောင် ကြိုးစားလေ၊ မင်း ဒီလောက်အောက်ကျခံပြီး လိုက်နေတာကို မရတဲ့အကြောင်း မာမီသိသွားရင် မာမီ ဘယ်လောက်ထိ အသည်းထဲမှာ ဆတ်ဆတ်ခါ နာသွားမလဲဆိုတာ မင်း တွေးကြည့်စမ်း''

''သူက အရမ်းမာနကြီးတယ်လို့ ကျွန်တော်ပြောပြီးပြီပဲ၊ မမဝဋ္ဋာရယ်၊ အနားကပ်သွားရင်လည်း မောင်းထုတ်တယ်၊ နှုတ်ခမ်းလေးကိုကိုက်ပြီး ခပ်မာမာ ခပ်တင်းတင်းလေးလည်း ကျွန်တော့်ကို ပြန်ကြည့်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"ကြားလား မမသလ္လာ၊ ဒီကောင်မ မောင်လေးကို အထက်စီးကနေ ခပ်ကြောကြော ဆက်ဆံနေတာ၊ မင်းက မပြောလိုက်ဘူးလား၊ နင့်တစ်ကိုယ်လုံးကို စိန်နဲ့ချိန်ပြီး ဝယ်ပစ်လိုက်လို့တောင် ရတယ်လို့၊ မြန်မာပြည်မှာ မဟုတ်ဘူး အင်္ဂလန်မှာ မင်္ဂလာဆောင်ရင်လည်း တစ်ဆွေလုံးတစ်မျိုးလုံးကို လေယာဉ်ပျံစီးလုံးတိုက်နဲ့ ခေါ်သွားလို့ရတယ်လို့"

"ဟာ…အဲဒီလိုများ ပြောလိုက်လို့ကတော့ ဟိုက ဟားတိုက်ပြီးတော့တောင် ခွက်ထိုးခွက်လှန် ရယ်ပစ်လိုက်ဦးမယ်"

"ဟာ…နင် နင့်ဟာမလေးက အဲဒီလောက်ကို စာမဖွဲ့ဘူးဟုတ်လား၊ ဒါ ဒါဆို အဲဒီဟာမလေးက ငါတို့ထက် ချမ်းသာတယ်ပေါ့၊ ငါတို့ချမ်းသာတယ်ဆိုတာကို သူက ဟားတိုက်ပြီးတော့တောင် ရယ်နိုင်တယ်ပေါ့"

"မမသလ္လာ မသိပါဘူးဗျာ"

"ပြောစမ်း…သင်းနာမည် ငါ့ကိုပြောစမ်း"

ကောင်းကင်ယံ အသက်ကို ခပ်ပြင်းပြင်း တစ်ချက်ရှိုက်လိုက်ပြီး ပြီးတော့မှ ဟင်းခနဲနေအောင် သက်ပြင်းကြီးကို ချလိုက်





တာ

"ရှင်သခင်တဲ့"

"အမယ်လေး နာမည်ကအစ မြင့်လိုက်တာနော်၊ နာမည်ကြားရုံနဲ့တင် သူ့ဖိနပ်ကိုတောင် ကိုယ်က ပွေးကိုင်ရမလို ဖြစ်နေပြီ၊ သေချာတယ် သေချာတယ်၊ ဒီနာမည်အတိုင်းသာဆိုရင် ဒီကောင်မလေးက နတ်ပြည်ခြောက်ထပ်ကို အရှင်လတ်လတ်ရောက်နေတဲ့ ကောင်မလေးပဲ ဖြစ်ရမယ်၊ ဟွန်း လုပ်မနေနဲ့၊ နတ်ပြည်ခြောက်ထပ် မကလို့ ဘယ်နှစ်ထပ်အထိ ရောက်အောင်ပြိုင်မလဲ၊ ကောင်းကင်ယံ မင်း မင်း မမတို့စိတ်ဓာတ်ကို သိတယ်နော်၊ ဟင်း…ဟင်း"

မိုးဝဠာ ဘယ်လိုမှ မခံနိုင်တော့ပါ။

ဒီလောက် ဆွေစဉ်မျိုးဆက်တွေအားလုံး ရွှေလင်ဗန်းနဲ့ အချင်းဆေးလာခဲ့ကြတဲ့ဟာ။ ကောင်းကင်ယံလက်ထက်ကြမှ အောက်ကျခံရတယ်လို့။ ဘွားမဟာစံရဲ့ စည်းစိမ်ချမ်းသာတွေကို ခဏဘေးချိတ်ထားလိုက်ရင်တောင် မာမီချမ်းသာတာနဲ့တင် အချိန်မရွေး ထပြိုင်လို့ရတယ်။ လုပ်မနေနဲ့၊ တွေ့မယ် တွေ့မယ်။ အဲဒီ ရှင်သခင်ဆိုတဲ့ ဟာမလေးကို မတွေ့တွေ့အောင် ရှာပြီးတော့မှကို



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာတာခြင်း ပြိုင်ပစ်လိုက်ဦးမယ်။

ကားချင်းမီးပုံရှို့မလား။

တစ်ကိုယ်စာ ဝတ်ထားတာချင်း အလေးချိန်မလား။

စီးထားတဲ့ ဒေါက်ဖိနပ်ကအစ ကမ္ဘာကျော် ဘယ်ထိပ်တန်း ကုမ္ပဏီကထုတ်တဲ့ တံဆိပ်နဲ့ပြိုင်မလဲ။ ဟား ဟား အဲဒီ ရှင်သခင်ဆိုတဲ့ ကောင်မလေးကို မိုးဝဥ္စာရဲ့ လက်ဖဝါးပေါ်တင်ပြီး ယောဒီလို လေနဲ့မှုတ်ထုတ်လိုက်ရတောင် ရတယ်သိလား။

မောင်လေး ကောင်းကင်ယံကိုမှ ခါးခါးသီးသီး ငြင်းဆန်နေတဲ့ မိန်းမ။

ဒီကိစ္စတွေ့ အစကတည်းက မိုးဝဥ္စာ မသိခဲ့လို့ပါ။ ဒီနေ့ကစပြီး ကောင်းကင်ယံနောက်ကို မိုးဝဥ္စာလိုက်မယ်။ ဒီပြဿနာကို မိုးဝဥ္စာ ကိုင်မယ်။

"မမသလ္လာ"

"ဟင်...ဘာလဲ ဝဥ္စာ"

"ဒီနေ့ကစပြီး ကောင်းကင်ယံကို အလွတ်မပေးနဲ့"

"စိတ်ချ...စိတ်ချ"





"ရှင်သခင်ဆိုတဲ့ ဟာမလေး ဘယ်မှာနေတယ်ဆိုတာ ကျိတ်စုံစမ်း"

"ရတယ် ဖြစ်တယ်"

"တွေ့လို့ကတော့ ဟင်း ကောင်းကင်ယံကို ပြန်ချစ်မလား၊ မချစ်ဘူးလားလို့ မေးမေးပြီးတော့ကို ပါးရှစ်စိတ်ပွဲအောင် ရိုက်ပစ်လိုက်မယ်"

စိတ်ညစ်ညစ်နဲ့ ကောင်းကင်ယံက သူ့အခန်းထဲ သူပြန်ဝင်သွားပြီမို့ တိမ်သလ္လာနဲ့ မိုးဝဥ္စာ ပြောနေကြတဲ့ စကားတွေကို မကြားနိုင်တော့ပါ။

အစ်မနှစ်ယောက်ကတော့

ပြီးလိုက်မဲ့ ...ကို တက်တစ်ခေါက်ခေါက် လုပ်လိုက်နဲ့ပဲ ရှင်သခင်ဆိုတဲ့ ကောင်မလေးကို အရေဆုတ်ပစ်ဖို့ သံမဏိဥာဏ်တွေချ လို့။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

"တီ...တီ"

"တီ...တီ"

ဟန်းဖုန်းခေါ်သံလေး မြည်လာလို့ မိုးဝဥ္စာက ခပ်သွက်သွက်ကလေး ဖွင့်နားထောင်လိုက်သည်။

"မမသလ္လာလား"

"ဟုတ်တယ် ဝဥ္စာ၊ ဝဥ္စာ အခုဘယ်ရောက်နေလဲ"

"ဆူးလေဘုရားလမ်းက ရေတမာပင်အောက်မှာ ရပ်နေတယ်"

"တွေ့လား"





ကောင်းကင်ယံကို မေးလိုက်တာမှန်း မိုးဝဥ္စာက တန်းသိနေသည်။

"ကားရပ်ထားတာပဲတွေ့တယ် မမသလ္လာ၊ လူက ပျောက်နေတယ်၊ ယံ ယံ အိမ်ကထွက်သွားတုန်းက ဝတ်ထားတာ ချော့ကလက်ရောင် စပို့ရှပ်လက်တိုလေးနော်"

"ဟုတ်တယ်...ဟုတ်တယ်၊ ချော့ကလက်ရောင် စပို့ရှပ်လက်တိုလေး ဘောင်းဘီလေးက အနက်ရောင် စတိုင်နံ့ပင်နံ့လေး၊ ကားက လင့်ခရူဆာနော်၊ သူ့များကားနဲ့ မှားနေဦးမယ်"

"မမှားဘူး...မမှားဘူး၊ ရုပ်ရှင်ရုံရှေ့က ပါကင်မှာ ကားရပ်ထားခဲ့ပြီး လူကပျောက်သွားတာ"

"ဟဲ့...အဲဒါဆို သူ့ဟန်းဖုန်းကို လှမ်းခေါ်ကြည့်လိုက်လေ"

"အမလေး...ကိုယ်တော်လေးက အရမ်းလည်တယ် မမသလ္လာရေ၊ ဖုန်းပိတ်ထားတယ်တဲ့၊ လူကြီးမင်းနဲ့ချည်း တိုးနေလို့ စိတ်လျှော့ပြီး ရေတမာပင်အောက်က ရပ်ကြည့်နေတာ၊ ဖာင်း



www.burmeseclassic.com

www.burmeseclassic.com



ရှင်သခင်ဆိုတဲ့ ဟာမလေးနောက်ကို လမ်းလျှောက်လိုက်သွားလို့ ပျောက်သွားတာပဲနေမှာ တွေ့လို့ကတော့လား"

"တွေ့အောင်ရှာ၊ တွေ့အောင်ရှာ အလွှတ်မပေးနဲ့၊ တွေ့ရင် နှစ်ယောက်စလုံးကို ဝင်တွေ့ပြီး အပြတ်မေး၊ ရှင်သခင်ဆိုတဲ့ ကောင်မလေးက ဂျစ်တစ်တစ်လုပ်ပြီး ခပ်ကြောကြောလုပ်နေရင် အလျှော့မပေးနဲ့၊ စိန်ခေါ်ပစ်လိုက်၊ ကြားတယ်နော်၊ မမသလ္လာပြောနေတာတွေကို ဝဏ္ဏ အကုန်ကြားတယ်နော်"

"ကြားတယ်…ကြားတယ်"

"ဝဏ္ဏတစ်ယောက်တည်း မနိုင်ရင် မမကို ချက်ချင်းဖုန်းဆက်ခေါ်လိုက်၊ မမ လိုက်လာခဲ့မယ်"

"ဒါပဲနော် မမ"

"အေး…ဒါပဲ ဒါပဲ"

အတိုင်အဖောက်တွေက ညီနေသည်။ လျှပ်ရှားမှုတွေက သွက်နေသည်။ ကိုယ့်မောင်လေး ခံနေရတာကို ဝဏ္ဏ မကြည့်ရက်နိုင်ပါ။ ကောင်းကင်ယံက အဲဒီရှင်သခင်ဆိုတဲ့ ဟာမကလေးကို





တော်တော်လေးစွဲလမ်းပြီးတော့ ချစ်နေရှာတာ၊ ညကဆိုရင် ညစာတောင် ဆင်းမစား။

"ဟယ်…ကြည့်စမ်း"

ကောင်းကင်ယံက ဟိုဘက်ကားလမ်းမကြီးဘေးက ဘတ်စ်ကားဂိတ်အမိုးလေးအောက်က ခုံတန်းပြာလေးမှာ မေးကလေးထောက်ပြီး ငေးငေးငိုင်ငိုင်လေးထိုင်လို့။ ချောကလက်ရောင် စပို့ရှပ်ကလေး ဝတ်ထားတော့ အဝေးက လှမ်းကြည့်တာနဲ့ပင် အသားကလေးက ဝင်းထင်းနေသည်။

မမသလ္လာဆီကို ချက်ချင်း ဖုန်းပြန်ခေါ်လိုက်၏။

"တွေ့ပြီ မမရေ၊ တွေ့ပြီ တွေ့ပြီ"

"ဟင်…ဘာကိုတွေ့တာလဲ၊ ဟို ဟို ရှင်သခင်ဆိုတဲ့ ဟာမလေးကို တွေ့တာလား၊ သူဘယ်လိုနေလဲ၊ သူစီးလာတဲ့ကားက ဘာအမျိုးအစားလဲ၊ မော်ဒယ်နိမ့်လား မော်ဒယ်မြင့်လား"

တိမ်သလ္လာ ဘယ်လိုမှ စိတ်မထိန်းနိုင်။ သိချင်တာတွေကို တရစပ် မေးချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…မမကလည်း တွေ့ပြီဆိုတာ ယုံကိုတွေ့ပြီလို့ပြောတာ"

"ဟင်…ယုံကိုတွေ့တာ"

"ဟုတ်တယ် မမသလ္လာရေ၊ စာ စာထဲမှာ ယုံ ရေးထားတဲ့အတိုင်းပဲသိလား၊ ဘတ်စ်ကားဂိတ်လေးမှာ ယုံတစ်ယောက်တည်း ငေးငေးငိုင်ငိုင်လေး ထိုင်နေတာ"

"ဟဲ့…အဲဒီပုံကို ဟန်းဖုန်းကင်မရာနဲ့ ရိုက်ခဲ့စမ်း၊ မာမီ့သားဖြစ်နေတဲ့ပုံကို မာမီမြင်လိုက်ရင် အူတွေအသည်းတွေယားပြီး ဒေါပွအောင်လို့၊ ဘယ်နှယ့်တော် လမ်းဘေးကခုံမှာ ဘွားမဟာစံရဲ့သွေးက ငုတ်တုတ်ဝင်ထိုင်စောင့်ရသတဲ့လား။ အဲဒါ အဲဒါ ဘယ်လောက်အဆင့်နိမ့်တယ်မှတ်လဲ၊ နင် နင် သူ့ကို သေသေချာချာကြည့်ထား ဝဋ္ဋာ၊ အဲဒါ ရှင်သခင်ဆိုတဲ့ ဟိုဟာမလေးကို မျက်နှာငယ်လေးနဲ့ ထိုင်စောင့်နေတာပဲနေမှာ၊ သင်း သင်းတော်တော်ကို အောက်ကျနောက်ကျခံပြီး အဲဒီဟာမလေးကို လိုက်နေတာပါလား၊ ကောင်းကင်ယံရဲ့ယ် တို့အသိုင်းအဝိုင်းထဲက





တစ်ယောက်ယောက်များ မြင်သွားရင် အရှက်က ဟက်တက်ကွဲရတော့မှာ ဝဋ္ဋာရဲ့၊ ဓာတ်ပုံရိုက်ပြီးတာနဲ့ သူ့ကို ချက်ချင်းသွားခေါ်လိုက်၊ လမ်းဘေးမှာ ဆက်မထိုင်စေနဲ့"

"ဟာ…မသလ္လာကလည်း သွားခေါ်လိုက်ရင် ရှင်သခင်ဆိုတဲ့ ဟာမလေးကို ဘယ်လိုတွေ့တော့မလဲ၊ မသိချင်ယောင်ဆောင်ပြီး နိုးဖမ်းမှ မိမှာ၊ ရတယ် မမသလ္လာ ဘာမှပူမနေနဲ့၊ ဝဋ္ဋာ ဒီနေ့မမိမိအောင် ဖမ်းပြမယ်"

"ဟဲ့…တွေ့ရင် အဲဒီဟာမလေးကို ဟန်းဖုန်းကင်မရာနဲ့ ခိုးရိုက်ခဲ့စမ်း"

"ရိုက်မှာ…ရိုက်မှာ"

ဝဋ္ဋာကလည်း အဲဒါကိုတွေးပြီးသား။ ဒီက သွက်သလားတော့မမေးနဲ့။

"ထူးရင် ငါ့ဆီကိုပြန်ဆက်နော်"

"အို…ဆက်မှာပေါ့"

"ဒါဆို ဖုန်းချလိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ဖုန်းလေးကို ပိတ်လိုက်ပြီး ကားဂိတ်လေးဘက်ကို ပြန်ကြည့်လိုက်တော့

"အမလေး ဒုက္ခပါပဲ၊ ယံ ပျောက်သွားပြီ"

မိုးဝဠာတစ်ကိုယ်လုံး ထူပူသွားသည်။

"သေစမ်း"

အနီးအနားတစ်ဝိုက်မှာ ဘယ်လိုပဲရှာရှာ ရှာလို့မတွေ့တော့ပါ။ ဒါ…ဒါ ရှင်သခင်ဆိုတဲ့ ဟာမလေးရောက်လာလို့ ယံ ပျောက်သွားတာပဲဖြစ်ရမယ်။

ရှင်သခင်။

ညည်း ငါတို့ကို တော်တော်ဒုက္ခပေးနေပါလား။ ဟင်း တွေ့လို့ကတော့ ရေတာမာအောက်မှာလည်း ဝဠာ ကြာကြာမရပ်ရဲ။ ဝဠာပုံစံလေးက အရမ်းခေတ်မီပြီးတော့ ခြေချောင်းလက်ချောင်းလေးတွေကအစ သန့်ရှင်းနုဖတ်နေတာလေ။ ဟိုလူကကြည့်၊ ဒီလူကကြည့်နဲ့ နောက်ဆုံးမှာတော့ ဘယ်မှာမှ ရှာမရတဲ့အဆုံး ဝဠာ ပြန်လာခဲ့ရသည်။





"ဆက်စမ်း ဝဠာ၊ ယံ ဘယ်ရောက်နေလဲဆိုတာ ဖုန်းဆက်ကြည့်စမ်း ဝဠာရယ်၊ နင် အ,လို့ခံလိုက်ရတာ သိလား၊ ဒီလောက်လက်ပူးလက်ကြပ် မိခါနီးကျတော့မှ ပျောက်သွားရတယ်လို့"

"ဝဠာလည်း ရှာတာပဲ"

"ဟဲ့…ဟဲ့ ကားသံကြားတယ်၊ ကောင်းကင်ယံ လာပြီထင်တယ်၊ ဆင်းကြည့်စမ်း ဆင်းကြည့်စမ်း"

"အစစ်ပဲ မမသလ္လာရေ၊ ကောင်းကင်ယံ လာပြီ"

"ဟင်"

အပေါ်ထပ်ကို တန်းပြီးပြေးတက်လာတဲ့ ယံကို လှေခါးထိပ်မှာ ရိပ်ခနဲ မြင်လိုက်ရသည်။

"ဟဲ့…ယံ မမသလ္လာဆီကို လာစမ်း"

ယံက မလာပါ။

ခေါင်းငိုက်စိုက်ချပြီး အခန်းထဲဝင်ဖို့အလုပ်မှာ တိမ်သလ္လာက အနောက်ကပြေးလိုက်ပြီး သူက အလုအယက် အခန်းထဲဝင်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ကောင်းကင်ယံ နင် နင့်နဖူးမှာ"

"ဟာ…ဘာဖြစ်လို့လဲ"

"ကြည့်စမ်း…ဒဏ် ဒဏ်ရာနဲ့"

တိမ်သလ္လာ အသက်ရှူမှားနေရပြီ။ ယံ့နဖူးစောင်းလေးမှာ အနီကွက်လေးထင်ပြီး ခြစ်ရာလေးတစ်ခုကြောင့် သွေးလေးတွေ တောင် စို့လို့။ ဒါ ဒါ ဘယ်ကရလာတဲ့ ဒဏ်ရာလဲ။ ယံ လမ်းမှာ ဘာတွေဖြစ်လာခဲ့လို့လဲ။ ဒီဒဏ်ရာကို ဘယ်သူကရအောင် လုပ်ခဲ့ တာလဲ။

"ပြောစမ်း ယံ မင်းဘာဖြစ်လာတာလဲ၊ မင်းကို ဒီဒဏ်ရာ ရအောင် ဘယ်သူလုပ်လိုက်တာလဲ"

"ကျွန်တော်မှားတာ"

"ဘာ"

"သူ့လက်ကို ဆွဲလိုက်မိလို့"

"အမလေး ယံရယ် လက်ကလေးဆွဲလိုက်မိတာကိုများ ဒီလိုဒဏ်ရာရအောင် လုပ်လိုက်ရတယ်လို့၊ မင်း မင်း ဘယ်သူ့လက်





ကို ဆွဲလိုက်တာလဲဟင်၊ မမသလ္လာကို ပြောစမ်းပါ"

"ရှင်သခင်"

"ဘာ"

"သူက ကျွန်တော့်ကို စိတ်ဆိုးဒေါပွပြီး ခေါက်ထီးနဲ့ လှမ်းရိုက်လိုက်တာလေ"

"ဘုရားရေ ရှင်သခင်ဆိုတဲ့ ဟာမလေးက မင်းကို ခေါက်ထီးနဲ့တောင်ရိုက်တယ်၊ ဝဋ္ဌာရေ ဒီကိုမြန်မြန်လာစမ်းပါဟဲ့၊ ဝဋ္ဌာ ဝဋ္ဌာ"

တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ပြီး လဲတော့မလို ယိုင် တော့မလိုဖြစ်နေတဲ့ တိမ်သလ္လာတစ်ယောက် ဝဋ္ဌာကိုပဲ အသားကုန် ကြုံးအော်ခေါ်နေမိတော့တယ်။ မိုးဝဋ္ဌာကလည်း အသည်းအသန် အပြေးအလွှား အိမ်အပေါ်ထပ်ကို ပြေးတက်လာသည်။

"ဟာ…ဘာဖြစ်တာလဲ မမသလ္လာ"

"ဟိုမှာလေ ရှင်သခင်ဆိုတဲ့ ဟာမလေးက တီးလိုက်လို့ တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်…ယံရယ်"

သွေးစလေးတွေ စို့နေတဲ့ ယုံနဖူးစောင်းလေးကိုကြည့်ပြီး မိုးဝဠာပါ တစ်ချက်တည်းနဲ့ ခုန်ဆွခုန်ဆွ ဖြစ်သွားခဲ့ရပါပြီ။

"ကြည့်စမ်း မမသလ္လာ၊ ဒါ ဒါ ယုံကိုတင်မကဘူး၊ ဝဠာတို့တစ်ဆွေလုံး တစ်မျိုးလုံးကို စိန်ခေါ်လိုက်တာ၊ မမသလ္လာ သည်းခံနိုင်ပေမယ့် ဝဠာ သည်းမခံနိုင်တော့ဘူး၊ မာမီ့ကိုပြောရမယ်၊ လိုအပ်ရင် ဘွားမဟာစံအထိ ဝဠာ တက်ပြောမယ်၊ အဟင့် ဟင့်"

မျက်ရည်ကလည်း လွယ်သလားမမေးနဲ့၊ စိတ်ကလည်း ဆတ်သလားမမေးနဲ့။ မာမီ့ဆီကို ဝဠာ တစ်ခါတည်း ဆင်းပြေးလာခဲ့တော့တာလေ။

"မာမီ…မာမီ"

"အဟင့်…ဟင့်…ဟင့်"

"ဟဲ့…ဟဲ့ သမီးလတ် ဝဠာ၊ ညည်း ညည်း ဘာဖြစ်လာတာလဲ၊ ပြောစမ်း မာမီ့ကိုပြောစမ်း"

"ယံ…ကောင်းကင်ယံ"





"ဟင်…သားငယ်လေးလား"

"မာမီ့သား အရှမ်းအောက်ကျခံတယ်သိလား၊ ကောင်မလေးတစ်ယောက်ကို မာမီ့သားက အတင်းအောက်ကျခံပြီး လိုက်နေတာ၊ ဟိုက မာမီ့သားကို ပြန်မချစ်တဲ့အပြင် နဖူးကိုပါ ခေါက်ထီးနဲ့ အရိုက်ခံလာရတယ်လေ"

"အမလေး မာမီ့သားလေးကို ခေါက်ထီးနဲ့တောင်ရိုက်တယ်"

ဒေါ်တိမ်ထက်စံတစ်ယောက် ကြားလိုက်ရတဲ့ သတင်းစကားကိုပင် မယုံနိုင်။

"သား…သားငယ်လေး အခုဘယ်မှာလဲ"

"အဟင့်…ဟင့် အပေါ်ထပ်အခန်းထဲမှာ မာမီရဲ့ မမသလ္လာ ဆေးထည့်ပေးနေတယ်"

မာမီပါ ထပ်ရောက်လာပြီ။

ကောင်းကင်ယံ စိတ်ညစ်သွားသည်။ သူ ဘာမှမတတ်နိုင်တော့ပါ။ မာမီ့ကို အမှန်အကိုင်းပဲ ဖွင့်ပြောလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"သူမလွန်ပါဘူး မာမီ၊ သား စိတ်မထိန်းနိုင်ဘဲ လွန်သွားလို့ အခုလို မချော်လင့်ဘဲ ဖြစ်သွားရတာပါ၊ သားက သူ့ကို တစ်ဖက်သတ်ချစ်လိုက်မိလို့ပါ၊ သူက မာနအရှိန်ကြီးတဲ့ ကောင်မလေးဆိုတော့ သူ့အချစ်ကိုရဖို့ သားက အရှုံးပေးနေရတာပေါ့ မာမီရယ်၊ အဲဒီရှင်သခင်ဆိုတဲ့ ကောင်မလေးကို သား အရမ်းစွဲလမ်းတယ်ဗျာ၊ သားဘဝမှာ သားအထင်ကြီးပြီး လေးစားမိတဲ့ ကောင်မလေးဆိုလို့ သူတစ်ယောက်တည်းကိုပဲ ရှာတွေ့ထားလို့ပါ၊ မာမီ သူ့ကိုစိတ်မဆိုးပါနဲ့နော်၊ လူကြားထဲမှာဆိုတော့ သူကရှက်ပြီး သားကို"

"ဒီမှာသားငယ်လေး မင်းကို ဒီလိုရက်စက်လိုက်တာကို မင်းကချစ်နေလို့ ခွင့်လွှတ်နိုင်ပေမဲ့ မာမီကတော့ အဲဒီရှင်သခင်ဆိုတဲ့ ကောင်မလေးကို ဘယ်တော့မှ ခွင့်လွှတ်နိုင်မှာ မဟုတ်တော့ဘူး"

"မှန်တယ်၊ မာမီပြောတာ အရမ်းမှန်တယ်"

"ဒီလောက်အညို့ကွက်ထအောင် ဆော်သွားတဲ့ ဟာမလေးကို ဘယ်သူက ခွင့်လွှတ်နိုင်မှာလဲ၊ မတွေ့လို့ တွေ့ရင် ဝဋ္ဋာထီးနဲ့ပြန်ရိုက်မယ်၊ မာမီ မယုံရင် စောင့်ကြည့်လိုက်"





မိုးဝဋ္ဋာ။

ရှင်သခင်ဆိုတဲ့ ကောင်မလေးကို ဘယ်လိုမှ ခွင့်မလွှတ်နိုင်တော့ပါ။ ကောင်းကင်ယံဆိုတဲ့ တစ်ခွေလုံးတစ်မျိုးလုံး သည်းသည်းလှုပ်ချစ်ကြတဲ့ မောင်အငယ်ဆုံးလေးပါ။ ဘွဲ့ရပြီးကတည်းက ဘာအလုပ်မှ မခိုင်းဘဲ ကြိုက်သလိုသုံး ကြိုက်သလိုဖြုန်းခွင့် ပေးထားခဲ့တာ။

ဘွားမဟာစံဆိုရင် မေးမနေနဲ့။ မြေးလေးယံမှ မြေးလေးယံ။ ကောင်းကင်ယံ အိပ်နေရင်တောင် မြေးလေးနိုးမှာကြောက်လို့ ခြေဖျားလေးထောက်ပြီး တိတ်တိတ်လေး ခိုးကြည့်ရတဲ့ အဘွား။ ယံ မွေးတုန်းကဆိုရင် မွေးခန်းထဲအထိလိုက်သွားပြီး မြေးဦးယောက်ျားလေး ယံကို သူကိုယ်တိုင် ရွှေလင်ဗန်းနဲ့ အချင်းဆေးပေးခဲ့တာလေ။

ခုတော့ ကြည့်စမ်း။

အဲဒီမြေးလေးကိုမှ ရှင်သခင်ဆိုတဲ့ ဟာမလေးက ထိရက်လေခြင်း။ တစ်အိမ်လုံး ဒေါတွေပွကြရသည်။ တစ်အိမ်လုံး မခံမရပ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပေါက်ကွဲကြရသည်။ နောက်ဆုံးတော့ သတင်းကြားကြားချင်း သားသမီးတွေနဲ့ အတူမနေဘဲ ဝင်ဒါမီယာထဲမှာ အိမ်ခွဲနေတဲ့ ဘွားမဟာစံကိုယ်တိုင် ကစုန်ဆိုင်းပြီး ရောက်ချလာခဲ့ပြီ။

"ရှင်သခင်ဆိုတဲ့ သင်းက မြေးလေးကို မချစ်ဘူး ဟုတ်လား၊ သင်းက မချစ်ရအောင် သင်းက ဘယ်လောက်ချမ်းသာနေလို့လဲ၊ သင်းက ဘယ်လောက်အဆင့်အတန်း မြင့်နေလို့လဲ၊ ဘွားဘွား မခံနိုင်ဘူးသိလား၊ မြေးလေး အဲဒီရှင်သခင်ဆိုတဲ့ ကောင်မလေးကို ဘွားကြည့်ချင်တယ်၊ သူ့ကိုမြင်ရဖို့ ဘယ်အထိပဲ လိုက်ကြည့်ရ လိုက်ကြည့်ရ ဘွား လိုက်ကြည့်မယ်"

"ဟုတ်တယ် ဘွား၊ ဝဋ္ဌာလည်း ကြည့်မယ်"

"သလ္လာလည်း ကြည့်မယ်နော် ဘွား"

"သူ့ကို သူ့ကိုကြည့်ချင်ရင် ချောင်း ချောင်းကြည့်ရမှာ ဘွားရဲ့"

"ဘာပြောတယ် ယံ၊ ရှင်သခင်ဆိုတဲ့ မင်းဟာမလေးကို ကြည့်ချင်ရင်တောင် မဟာစံဆိုတဲ့ငါက ချောင်းကြည့်ရမယ်၊ အမ





လေး တိမ်ထက်စံရယ် သွားပါပြီ သွားပါပြီ၊ ညည်းသားကိုယ်ထဲက ငါ့သွေးကိုတောင် ဖောက်ထုတ်ပစ်ချင်လာပြီ၊ သူ့ဟာမလေးကို ငါက ရဲရဲတင်းတင်းတောင် ကြည့်ခွင့်မရဘဲ ချောင်းကြည့်ရဦးမယ်တဲ့၊ အရပ်ကတို့ရေ ကြားလို့မှ ကောင်းကြသေးရဲ့လား"

တစ်ကိုယ်လုံးမှာ စိန်တွေ ဖျပ်ဖျပ်လက်အောင် ဆွတ်သီးနေတဲ့ ဘွားမဟာစံ။ အရွယ်နဲ့မလိုက်အောင် ဖျတ်လတ်တက်ကြွနေတဲ့ ဘွားမဟာစံ။ ဒေါသစိတ်၊ မခံချင်စိတ်တွေကြောင့် နှုတ်ခမ်းတွေ၊ အသားတွေပါ တဆတ်ဆတ်တုန်လို့။

"သားကြီးရေ တမလွန်ဘဝကနေ မင်းအချစ်ဆုံး သားငယ်လေးရဲ့ အဖြစ်ကို ထကြည့်လှည့်ပါဦး သားကြီးရဲ့၊ မင်းလိုသွေး၊ မင်းလိုချစ်တတ်တဲ့သွေး၊ မိန်းမတစ်ယောက်ကို မင်းလို အောက်ကျနောက်ကျခံပြီး ချစ်တတ်တဲ့သွေး"

"ဟင်...မာမီက ဘယ်လဲ"

ချွေးမလုပ်တဲ့ ဒေါ်တိမ်ထက်စံ မျက်နှာပျက်ပြီး ယောင်လည်လည်နဲ့ နောက်ဖေးခန်းထဲသွားဖို့ ခြေလှမ်းပြင်လိုက်တော့ ဝဋ္ဌာ



www.burmeseclassic.com

www.burmeseclassic.com



က အလိုက်ကမ်းဆိုးမသိဘဲ လှမ်းမေးလိုက်ခြင်းဖြစ်သည်။

"ဟို...ဟိုဘက်"

"မာမီ မြန်မြန်လာနော်"

"အင်းပါဟဲ့"

ဒါတောင် ထသွားတဲ့မာမီကို ဘွားမဟာစံက မျက်လုံးစွေပြီး တစ်ချက်တော့ ကြည့်လိုက်သေး၏။ ဘွားမဟာစံရဲ့ နှုတ်ခမ်းဒေါင့်ကလေးမှာ ကွေးသွားတဲ့ အရိပ်ကလေးတစ်ခု ထင်သွားခဲ့တာကိုတော့ ဘယ်သူကမှ မြင်လိုက်ကြရမှာတော့ မဟုတ်ပါ။

"ဘွား"

"ဘာလဲဟင် မြေးလေး"

"စောစောက ဘွားပြောလိုက်တာကို ကျွန်တော်ကြားလိုက်တယ်၊ ဒက်ဒီကလည်း မိန်းကလေးတစ်ယောက်ကို အောက်ကျနောက်ကျခံပြီး ချစ်ခဲ့တာဆို"

"ဟင်"

ဘွားမျက်နှာ နည်းနည်းလေးတော့ ပျက်သွားသည်။





"အဲဒါ မင်းမသိချင်စမ်းပါနဲ့ မြေးလေးရယ်၊ စောစောက ဘွားရဲ့သားကြီး အာကာထင်ကို သတိရပြီး ဘွား ပြောလိုက်မိတာ၊ မေ့လိုက်နော်၊ ဘွား ပြောတာကိုမေ့လိုက်၊ အရေးကြီးတာ မြေးမြေးလေးက အောက်ကျခံပြီး ဘယ်သူ့ကိုမှမချစ်ဖို့၊ ရှင်သခင်ဟုတ်လား၊ အဲဒါလည်း မြေးလေး အောက်ကျမခံနဲ့၊ မြေးလေးကိုလိုချင်တဲ့ အချောအလှတွေ တစ်ပုံကြီးရှိနေတာပဲ မြေးလေးရယ်၊ ဟို ယစ်မူးဆိုတဲ့ ကလေးမလေးဆိုရင် ဘယ်လောက်လှသလဲ၊ ပြီးတော့ ဘွားကိုယ်တိုင် မြေးလေးနဲ့ပေးစားဖို့ ရည်ရွယ်ထားတဲ့ တူယှဉ်ပြိုင်ဆိုတဲ့ ကောင်မလေး"

"ဟင်"

တူယှဉ်ပြိုင်ဆိုတဲ့ နာမည်ကို ကောင်းကင်ယံ ကြားလိုက်ရပြန်ပြီ။ အဲဒါဟာ ဘွားနဲ့မျက်နှာချင်းဆိုင်မိတိုင်း ဘွားဆီက အမြဲကြားနေရတဲ့ နာမည်လေး။ နာမည်ကိုသာ ကြားနေရပေမယ့် လူကိုတော့ ခုချိန်ထိ ကောင်းကင်ယံ မမြင်ဖူးခဲ့ပါ။ ဘွားကလည်း နာမည်ကိုသာ ပြောပြီး တခြားကိစ္စတွေအားလုံး ဘာမှမပြောဘဲ



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ထားခဲ့၏။

"ဒါပေမဲ့ အခုပြဿနာကိုတော့ ဘွား ဘယ်လိုမှ သည်းမခံနိုင်ပါဘူး၊ ရှင်သခင်ဆိုတဲ့ ကောင်မလေးက မြေးကို ဘာဖြစ်လို့ ဒီလောက်ထိ ခါးခါးသီးသီး ဖြစ်နေရတာလဲ၊ သူက ဘွားတို့ထက် ပိုချမ်းသာနေလို့လား၊ ဘွားတို့ထက် ပိုပြီးစည်းစိမ် အပြည့်နဲ့ နေနိုင်လို့လား၊ ရွှေတွေ၊ စိန်တွေ၊ တိုက်တွေကားတွေ၊ ဂုဏ်ပကာသန အဆောင်အယောင်တွေနဲ့ ပုံအောထပ်မှ ရမယ်ဆိုရင်လည်း ဘွားဆီက မြေးလေး ကြိုက်သလောက်တောင်းစမ်း"

စကားကို ဘယ်တော့မှ အပိုမပြောတတ်တဲ့ ဘွားမဟာစံရဲ့ မာနကိုတော့ ကောင်းကင်ယံတို့ မောင်နှမ သုံးယောက်စလုံး သိနားလည်ထားခဲ့ပြီးသားပါ။

"ဟုတ်တယ် ဘွား၊ ဘွားမြေးကို ငြင်းနေတဲ့ ရှင်သခင်ဆိုတဲ့ ကောင်မလေးက တော်တော်ချမ်းသာတဲ့ ကောင်မလေးပဲဖြစ်ရမယ်၊ ဒါ ဒါ သူတို့ရဲ့ချမ်းသာမှုကို နည်းနည်းလေးမှ အရေးမစိုက်ဘူးဆိုတာ ပြနေတာ၊ ဝဠာတို့ သိက္ခာကျတယ်၊ သူ့ကိုပြိုင်ရမယ်၊





သူဘယ်လောက်ထိ မာနကြီးနိုင်မလဲ၊ ယုံကို သူ ဘယ်လောက်ထိ ငြင်းနိုင်မလဲ၊ နောက်ဆုံး ကုန်ကုန်ပြောမယ် ဘွားရယ်၊ အဲဒီဟာမလေးကို ကားတင်ပြေးသင့်ရင် ပြေးမယ်"

"ဟဲ့"

မိုးဝဠာအပြောကို ဘွားက လက်မခံပါ။

"သင်းကိုမရတော့ ဘာဖြစ်ရမှာလဲ ဝဠာရဲ့၊ သင်းတို့ထက် သာတာတွေ ဘွားမှာတစ်ပုံကြီး၊ တူယှဉ်ပြိုင်ဆိုရင် မဟာဝင် မြန်မာပြည်ကို ပြန်လာတော့မှာ"

"ဘွား ဘွားနော်၊ ကျွန်တော် ရှင်သခင်ဆိုတဲ့ ကောင်မလေးကိုပဲ ချစ်တယ်၊ ဘွား သဘောတူရင် အဲဒီကောင်မလေးနဲ့ပဲ သဘောတူရမယ်၊ ဘွားပြောတဲ့ တူယှဉ်ပြိုင်ကို ကျွန်တော် စိတ်မဝင်စားဘူး"

"ယံ နင် ဘွားစကားကို ကလန်ကဆန် မလုပ်နဲ့လေ"

မမသလ္လာက ဝင်တားနေသည်။ မျက်ရိပ်မျက်ကဲပြပြီး ဆက်မပြောဖို့ကို သတိပေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါစေ သလ္လာ၊ မြေးလေး ဒီလောက်ပြောနေရင် ဘွားသိပြီ၊ ရှင်သခင်ဆိုတဲ့ မြေးလေး တစ်ဖက်သတ် ချစ်မြတ်နိုးနေတဲ့ ကောင်မလေးကို လိုက်ကြည့်မယ်၊ ဘွား သဘောကျရင် ဘွားရဲ့စည်းစိမ်တွေနဲ့ ပုံလဲပြီး မြေးလေးချစ်တဲ့ ကောင်မလေးကို ဘွားကိုယ်တိုင် ရအောင်တောင်းပေးမယ်၊ ဟုတ်လား"

"ဘွား . တကယ်ပြောတာနော်"

ဘွားကို ပြန်ပြောလိုက်မိပေမဲ့ ကောင်းကင်ယံ အားမရှိပါ။ အခြေအနေတွေအားလုံးကို ကောင်းကင်ယံက သိနေတာပဲ။

မျက်နှာလေးက တကယ့်ကို တည်တင်းပြီးတော့ မာနကလည်း ကြီးလွန်းတဲ့ ရှင်သခင်။ ကောင်းကင်ယံ ဘယ်လိုပဲ ကြိုးစားကြိုးစား အနားကပ်ခွင့်လေးတောင် မပေးဘဲ ခါးခါးသီးသီး ငြင်းဆန်နေတဲ့ ရှင်သခင်။ အဲဒါကြောင့်မို့လည်း ကိုယ် မင်းကို ပိုပြီးချစ်မြတ်နိုးခဲ့ရတာလား ရှင်သခင်ရယ်။

ဘာပဲပြောပြော။

ကိုယ့်ဘဝက ကိုယ့်အသည်းနှလုံးထဲမှာ မင်းကို တကယ်





ပဲ လိုအပ်ခဲ့ရပြီ ရှင်သခင်။ ကိုယ့်အနားမှာ မင်းမရှိလို့ မဖြစ်တော့ပါဘူး။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

"မြေးလေး"

"ဗျာ"

"မင်းပြမယ့် ရှင်သခင်ဆိုတဲ့ ကောင်မလေး မလာသေး ဘူးလား"

"ယံရယ် နင် ဘွားကိုလည်း စာနာပါဦး"

"ကြာတယ်"

"ခိုးကြည့်ရတာတောင် ဒီလောက်ဖြစ်နေတာ တည့်တည့် ထသွားကြည့်မိရင် ဒီထက်တောင်ဆိုးမလား မသိဘူး"

ကားကို ဆူးလေဘုရားလမ်းမ တစ်နေရာမှာ ရပ်ထားပြီး





စက်ကိုနှိုး၊ မှန်တွေအလုံပိတ်၊ ကားအဲယားကွန်းဖွင့်ကာ ကားထဲကနေ ခိုးကြည့်ကြဖို့ ပြင်ဆင်နေကြတဲ့ မိသားစုတွေ။

"ဘွား ကြည့်ချင်တာ မြေးလေးက ဒီလောက်ချစ်မြတ်နိုး နေတာကိုတောင် အရေးမစိုက်ဘဲ မာနက ကြီးလွန်းနေတယ်ဆိုလို့ ကြည့်ချင်တာပါ၊ သူ ဘာဖြစ်လို့ မာနကြီးနေရတာလဲ၊ သူ ဘာဖြစ် လို့ ငြင်းဆန်နေရတာလဲ၊ အဲဒါ ဘွား စိတ်ဝင်စားတယ်"

"အလကားပါ ဘွားရာ၊ ယံ အရမ်းချစ်နေမှန်းသိလို့ သက်သက်မဲ့ ဈေးကိုင်နေတာပဲနေမှာ"

"ယံနော် အဲဒီရှင်သခင်ဆိုတဲ့ဟာမလေး မင်းကို ပြန်ချစ် လာပြီဆိုတာနဲ့ မင်း သူ့ကို အသည်းခွဲပြီး ပစ်ထားခဲ့၊ လှည့်ကို မကြည့်နဲ့၊ မမသလ္လာပြောတာ ကြားလား"

"ဟာဗျာ...သူက လှည့်မကြည့်လို့ စိတ်ညစ်နေရပါ တယ်ဆိုကာမှ ကျွန်တော့်ကို လှည့်မကြည့်ဖို့ လာပြောနေတယ်"

"ဟဲ့...ဟိုက မင်းကို ပြန်ချစ်လာမှ တစ်နေ့ကြရင် ပြော တာဟဲ့"

တိမ်သလ္လာ စိတ်မရှည်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်တုန်းကလို ပြောလို့ဆိုလို့မရရင် ငယ်ထိပ်ကို ခေါက်ခနဲနေအောင် လက်ဆိတ်ပြင်းပြင်းနဲ့ ခေါက်လိုက်ချင်ပေမယ့် ဘွားက ခေါင်းခန်းမှာ မိန့်မိန့်ကြီး ထိုင်နေတာဆိုတော့ တီမ်သလ္လာ စိတ်ထိန်းလိုက်ရသည်။

မာမီကတော့ စကားတစ်လုံးမှမပြောဘဲ ညီအစ်မ နှစ်ယောက်ကြားမှာ တစ်ချိန်လုံး ငြိမ်နေ၏။ သို့သော် မာမို့မျက်နှာ လေးက သားစိတ်နဲ့ နည်းနည်းလေးတော့ တင်းချင်နေသည်။ ဘွားမဟာစံရဲ့ ချွေးမ တီမ်ထက်စံပဲ။ တီမ်ထက်စံလို မိန်းမ တစ်ယောက်က ကိုယ် ဖူးဖူးမှုတ်အလိုလိုက်ထားတဲ့ သားငယ်လေး ကို ခါးခါးသီးသီး ငြင်းဆန်နေတဲ့ ကောင်မလေးကို ဖြောင်တောင် ကြည့်ခွင့်မရဘဲ နိုးကြောင်နိုးဝှက် ကြည့်နေရတဲ့အဖြစ်ကို အသည်း မနာဘဲ နေပါ့မလား။ ဒါကို ရှင်သခင်ဆိုတဲ့ ကောင်မလေး သိသွား ခဲ့ရင် ဒီထက်တောင် ဈေးကိုင်နေဦးမှာလေ။

"ဟော"

လမ်းတစ်နေရာကို ကားထဲကနေ လှမ်းကြည့်ပြီး ကောင်း ကင်ယံ ဂနာမငြိမ် ဖြစ်သွားသည်။





"ဟင်...လာပြီလား"

"လာပြီထင်တယ်၊ နေဦး လူတွေကြားထဲမှာ လျှောက် လာတာ နည်းနည်းကွယ်နေလို့"

"အမလေးနော် သင်းကို တစ်ခါလေးမြင်ရဖို့များ စောင့် ရတာမောလိုက်တာ"

"သေသေချာချာကြည့်၊ ဟုတ်ပြီဆိုရင်ပြော"

"ဟုတ်တယ်၊ ရှင်သခင်မှ ရှင်သခင်"

"ဘယ်ဟာလဲဟဲ့၊ ရှေ့မှာ ဂျင်းဘောင်းဘီအကျပ်နဲ့ ဒီဘက်ကိုလျှောက်လာနေတဲ့ တစ်ယောက်လား"

တစ်ကားလုံး ပျာယာခတ်သွားသည်။ မျက်လုံးတွေအား လုံး ကောင်းကင်ယံ ကြည့်ရာဘက်ကို သူ့ထက်ငါ အပြေးအလွှား ရောက် သွားကြသည်။

"မဟုတ်ဘူး အဲဒါမဟုတ်သေးဘူး၊ ဟိုးနောက်ဆုံးမှာ လျှောက်လာနေတဲ့ တစ်ယောက်"

"ဟယ်"

"ဘယ်မှာလဲဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဘွားက မမြင်သေးပါ။

ကားထဲကနေ ခိုးကြည့်နေရတာမို့လည်း မြင်ကွင်းက မရှင်း။ ပလက်ဖောင်းပေါ်မှာရော၊ လမ်းမပေါ်မှာပါ သွားနေကြတဲ့ လူတွေက အများကြီး။

"ဘွား သေသေချာချာကြည့်နော်၊ သူလာနေပြီ၊ ဟိုမှာ ဟိုမှာ နို့နှစ်ရောင်ဝမ်းဆက်လေး ဝတ်ထားတဲ့တစ်ယောက် လက်ထဲမှာ ထမင်းချိုင့်လေးနဲ့ ခေါက် ခေါက်ထီးလေး ကိုင်ထားတယ်"

"ဘယ်လို"

"သူက ကုမ္ပဏီမှာ အလုပ်လုပ်နေတယ်လေ"

"မင်း"

ကြားလိုက်ရတဲ့စကားကြောင့် တစ်ကားလုံး ဘယ်သူမှ အသံ[illegible]ကြတော့။

မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် တစ်ကားလုံး ရင်ဆို့သွားသည်။ အဲဒီအထဲမှာ မာမီက အဆိုးဆုံး။

"ဒီ...ဒီ နို့နှစ်ရောင်ဝမ်းဆက်ဝတ်ထားတဲ့ ကောင်မလေးက ရှင်သခင် ဟုတ်လား၊ မာန အရမ်းကြိုက်တာ သူ"





"ယံ ကောင်းကင်ယံရယ်၊ မင်း မင်း ဒီလိုကုမ္ပဏီမှာ ထမင်းချိုင့်လေးနဲ့ အလုပ်ဆင်းရတဲ့ ကောင်မလေးကိုမှ ကြိုက်ရသလားဟင်၊ ဝဠာ ကြည့်ပါဦး၊ ဒါ ဒါ ရှင်သခင်တဲ့ ကြောက တင်းနေတာပဲ၊ မျက်နှာကလည်း မော့နေတာပဲ၊ လုပ်ပ[illegible] မာမီရယ်၊ အဟင့် ဟင့် သမီးသဘောမတူဘူး မာမီ၊ ဒီလိုအတန်းအစားမျိုးနဲ့ ယံ့ကို မပေးစားနိုင်ဘူး"

"တောက်...ဒီလိုဟာမလေးကများ ယံ့ကို မကြိုက်ဘူးလေးဘာလေးနဲ့ ဟင်း ရုပ်ကလေးကတော့ ချောပါရဲ့၊ အသားကလေးကတော့ ဖြူပါရဲ့၊ မျက်နှာကို ကြည့်ပါလား၊ အကြောက တင်းနေတာ၊ တို့ကားရှိတဲ့ဘက်ကို မျက်လုံးလေးတောင် တစ်ချက်ဖွေကြည့် မသွားဘူး"

"ဟာ...ဘာဖြစ်လို့ အသံကျယ်ကြီးတွေနဲ့ ဝိုင်းအော်နေကြတာလဲ၊ ရှင်သခင် ကြားသွားရင် မကောင်းပါဘူး"

"ဟဲ့...ကြားတော့ ဘာဖြစ်လဲ ယံရဲ့၊ ငါတို့က ကားတံခါးဖွင့်ဆင်းပြီးတော့ အဲဒီရှင်သခင်ဆိုတဲ့ ဟာမလေးနောက်ကို ပြေးလိုက်သွားချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အားလုံး တိတ်ကြစမ်း"

"ဟင်"

ဘွားမဟာစံ အော်ပြီ။

ဒါ ဘွားမဟာစံရဲ့အမိန့်။ အားလုံး မနာခံလို့မရ။

"မြေးလေးပြတဲ့ ရှင်သခင်ဆိုတဲ့ ကောင်မလေးကို ဘွား မြင်ပါတယ်၊ ဝတ်ထားတာကလည်း မြန်မာဆန်ဆန်ရိုးရိုးလေး၊ မျက်နှာထားလေးကလည်း တည်တည်တင်းတင်းလေး၊ ကိုယ်လုံးကိုယ်ထည်လေးကလည်း ဖူးဖူးတင်းတင်းလေးနဲ့ အရပ်ကလေးကလည်း မြင့်မြင့်လေး"

"ဟွန့်"

မိုးဝဥ္ဇာက ဘွားမမြင်အောင် မျက်နှာလေးကို တစ်ချက်ရှုံ့မဲ့ပစ်လိုက်သည်။ တိမ်သလ္လာက မာမီ့ကို မျက်ခုံးတွန့်ပြပြီး မျက်လုံးလေးကိုပါ ပြူးပြလိုက်၏။

"အဲဟင်း...ဟင်း ဘွားမြေးလေးက အဲဒီလိုပုံစံမျိုးလေးကို ကြိုက်တာမို့လား၊ ဘွား သိပါတယ်၊ ရိုးရိုးယဉ်ယဉ်လေးနဲ့ တင်းတင်းတည်တည်ကလေးကို ကြိုက်တာဟုတ်တယ်နော်"





"ဘွားပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်ပိုချစ်တာက သူ့ရဲ့မာနကလေးကို ပိုချစ်တာ၊ ကျွန်တော်ချမ်းသာတာ သူသိတာပဲဘွားရယ်၊ နောက်ဆုံးပေါ် အိစက်နေတဲ့ ကားအမျိုးမျိုးစီးပြပြီး သူ့နောက်ကို ကျွန်တော်လိုက်ခဲ့တာပဲ၊ သူက ငွေမက်ရင် ကျွန်တော့်ကို အလွယ်တကူ လက်ခံလိုက်မှာပေါ့၊ ဘွား မြင်ပါတယ်၊ သူက ထမင်းချိုင့်လေးဆွဲပြီး ကုမ္ပဏီမှာ အလုပ်ဝင်လုပ်နေရတဲ့ သာမန်မိန်းကလေးတစ်ယောက်ပဲဆိုတာ၊ ပြီးရင် ဒီရှေ့ကနေ ပတ်လျှောက်ပြီး ဟိုရှေ့က ဘတ်စ်ကားဂိတ်လေးကနေ သူတစ်ယောက်တည်း လိုင်းကားစီးပြီး ပြန်ရမှာလေ"

"ဟင်း...လိုင်းကားစီးပေလို့ပဲ"

"ငါတို့လို တစ်နေ့တစ်မျိုး မရိုးအောင် နောက်ဆုံးပေါ်ကားတွေချည်းပဲ စီးနေရရင် တက်တောင်သေသွားမလား မသိဘူး"

ညီအစ်မနှစ်ယောက် တစ်ယောက်တစ်မျိုးစီ မဲ့ကာရွဲ့ကာ ပြောနေကြ၏။ ခုတော့ ရှင်သခင်ဆိုတဲ့ ကောင်မလေးရဲ့ အဆင့်အတန်းကို သူတို့သိနေကြပါပြီ။ သိပေမဲ့ ဘွား ဘယ်လိုအမိန့်ချ



www.burmeseclassic.com

www.burmeseclassic.com



မလဲဆိုတာကိုပဲ အားလုံးက စောင့်နေကြတာ။

"မြေးလေးကို ဘွား ဆက်ပြောမယ်နော်"

"ပြောပါ ဘွား၊ ကျွန်တော်နားထောင်နေပါတယ်"

"တူယှဉ်ပြိုင်ကိုမြင်ရင် မြေးလေး သူ့ထက်ပိုချစ်သွားလိမ့်မယ်"

"ဗျာ"

"ရှင်သခင်ဆိုတဲ့ ကောင်မလေးလိုပဲ"

ဘွားက မသိမသာ အမိန့်ချနေပြီ။ တူယှဉ်ပြိုင်ဆိုတဲ့ ကောင်မလေးဘက်ရောက်အောင် ဘွားက ဆွယ်နေပြီ။

"ပညာလည်းတတ်တယ်၊ ကုမ္ပဏီလုပ်ငန်းတွေမှာလည်း ထက်ထက်မြက်မြက်နဲ့ ကျွမ်းဝင်တယ်၊ ငွေကြေးစည်းစိမ်ဥစ္စာလည်း ပြည့်စုံတယ်၊ ကဲ သူတို့နှစ်ယောက် ယှဉ်လာရင် မင်း ဘယ်သူ့ကို ရွေးမလဲ"

"ရွေးလိုက်လေ ယံ၊ တူယှဉ်ပြိုင်ကိုပဲ ရွေးလိုက်လေ"

ဝဠာ မစောင့်နိုင်ပါ။

တူယှဉ်ပြိုင်ကို မမြင်ဖူးပေမဲ့ ဘွား ပြောတာနဲ့တင် သဘော





ကျပြီးသား။ ထမင်းချိုင့်လေးဆွဲပြီး သူများကုမ္ပဏီမှာ အလုပ်ဆင်းရတဲ့ ဘဝထက်စာရင် ကိုယ်ပိုင်ကုမ္ပဏီထောင်ပြီး စီးပွားရှာနိုင်တဲ့ဘဝကိုပိုင်တဲ့ တူယှဉ်ပြိုင်လို မိန်းမတစ်ယောက်ကို ယံ ရွေးချယ်ထိုက်သင့်တာပေါ့။

"မရွေးဘူး မမဝဠာ၊ ကျွန်တော်ချစ်တာ ရှင့်သခင့်ကိုပဲ ချစ်တာ၊ ကျွန်တော်မြတ်နိုးတာ ရှင်သခင့်ကိုပဲ မြတ်နိုးတာ"

"ဟင်…ဒါဆို"

"ကျွန်တော်က ဘွားက မြင်ဖူးချင်တယ်ဆိုလို့ လိုက်ပြတာပါ၊ အခုမြင်ဖူးသွားပြီဆိုရင် ကျွန်တော့်တာဝန်ကျေပြီ"

"ဘွား ဘွားစကားကို မြေးလေးက နားမထောင်ချင်ဘူးဆိုပါတော့"

ဘွားအသံလေးက မသိမသာ တုန်ချင်နေသည်။ ဘွားမျက်နှာလေးက မသိမသာ တင်းမာချင်နေသည်။ ဒါဟာ ရှင်သခင်ဆိုတဲ့ ကောင်မလေးကို ဘွား လက်မခံနိုင်တဲ့သဘော။ ဆန့်ကျင်နေတဲ့သဘော။ ကောင်းကင်ယံကလည်း ရှင်သခင်ဆိုတဲ့ ဟာမလေးမှ၊ ဖြစ်နေတော့ ပွဲရှိန်က တဖြည်း ဖြည်း ကြမ်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယံနော် ဘွားပြောတာကို ကလန်ကဆန် မလုပ်နဲ့၊ ဘွား မကျေနပ်ရင် ဘွားပေးမဲ့အမွေကို နင် တစ်ပြားမှ ရလိမ့်မယ်မထင်နဲ့"

"တော်ပြီ...တော်ပြီ အဲဒါတွေ နောက်မှပြောတာ အကောင်းဆုံးပဲ"

"ဟင်"

ဘွား တော်တော်တင်းသွားပြီ။

ဘွားရဲ့ဆန္ဒကိုပါ ပြတ်ပြတ်သားသား ဆန့်ကျင်နေတဲ့ ကောင်းကင်ယံမျက်နှာကိုပင် ဘွား လှည့်မကြည့်တော့။ မာမီလည်း မျက်နှာပျက်နေသည်။

ဒေါ်တီမိထက်စံရဲ့ ရင်ထဲမှာတော့ ကိုယ်နဲ့အဆင့်ချင်းမတူတဲ့ ကောင်မလေးတစ်ယောက်ကို အရူးမီးဝိုင်း စွဲလမ်းနေရှာတဲ့ သားငယ်လေးရဲ့ အဖြစ်ကိုပဲ ရင်ထုမနာ ဖြစ်ရမလား၊ ရှင်သခင်ဆိုတဲ့ မျက်နှာထားတင်းတင်းနဲ့ သူမတို့ကားဘေးကနေ ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ ဟန်ကလေးနဲ့ စတီးချိုင့်ကလေးကိုင်ပြီး မာနတကြီး ဖြတ်လျှောက်သွားတဲ့ ကောင်မလေးကိုပဲ ဒေါပွရမလားဆိုတာ ဝေခွဲရ ခက်သွားခဲ့ရသည်။





ကောင်းကင်ယံကတော့ ရီဝေကြေကွဲနေတဲ့ မျက်ဝန်းကလေးတွေနဲ့ ရှင်သခင်ဆိုတဲ့ ကောင်မလေး ရပ်နေမယ့် ဘတ်စ်ကားဂိတ်လေးဘက်ကို လှည့်ကြည့်လို့။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

"မမသလ္လာ"

"ဟင်…ဘာလဲ ဝဠာ"

"မနေ့က ဒီနေရာလေးကနေ ဟိုရှင်သခင်ဆိုတဲ့ ဟာမလေးဖြတ်လာတာနော်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဒီနေရာပဲ ဒီနေရာပဲ"

"အင်း တွေ့လိုက်တော့"

တိမ်သလ္လာနဲ့ မိုးဝဠာ။

အိမ်မှာ နှစ်ယောက်တည်း ကျိတ်တိုင်ပင်ပြီး ရှင်သခင်





ဆိုတဲ့ ကောင်မလေး ကုမ္ပဏီက အပြန်မှာ နောက်တစ်ခေါက် ထပ်ကြည့်ဖို့ မာမီ့အလစ်မှာ ခိုးထွက်လာခြင်းဖြစ်သည်။ နာရီကြည့်လိုက်တော့လည်း မနေ့ကလိုပဲ။ ညနေ ငါးနာရီတိတိ။

"ဒီကိစ္စက မလွယ်ဘူးနော် မမသလ္လာ၊ ဝဠာကတော့ ကောင်းကင်ယံ ဖြစ်နေတာကို လုံးဝသဘောမတူဘူး၊ ဘွားရော မာမီရော အဲဒီကိစ္စအတွက် တော်တော်လေး စိတ်ထိခိုက်သွားတာ မမသလ္လာ အမြင်ပဲ၊ ဝဠာသဘောကတော့ ရှင်သခင်ဆိုတဲ့ ဟာမလေးကို မျက်နှာချင်းဆိုင်ပြီး တစ်ခါတည်း အပြတ်ပြောထားချင်တယ်"

"နင်ဘာပြောမှာလဲ"

"ကောင်းကင်ယံ ဘယ်လောက်ချစ်ချစ် နင့်ဘက်က လုံးဝပြန်ချစ်စရာမလိုဘူးလို့"

"ဟယ်…ဟုတ်တယ်၊ အဲဒါအရမ်းကောင်းတယ် သိလား၊ ဝဠာ အဲဒါကို ဘယ်သူပြောမလဲ၊ ဝဠာ ပြောမလား၊ မမသလ္လာပြောရမလား"

"နှစ်ယောက်စလုံး သွားပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် ဝဥ္စာ၊ ကောင်းတယ်"

ညီအစ်မနှစ်ယောက် လင့်ခရုဆာ နက်ပြာရောင် ကားကြီးပေါ်က မဆင်းဘဲ ကားထဲမှာ အပြန်အလှန် ပြောနေကြခြင်းဖြစ်သည်။ မျက်လုံးတွေကလည်း ရှင်သခင် ဖြတ်လာမည့်ဘက်ကို တကြည့်ကြည့်နဲ့။

"ဟော…ဟိုမှာလာနေပြီ"

"သေ…သေချာရဲ့လား ဝဥ္စာ၊ သေသေချာချာ ကြည့်ပါဦး၊ တော်ကြာ လူမှားပြီး သွားပြောမိနေမှ အရှက်တကွဲ ဖြစ်နေရဦးမယ်"

"အောင်မလေး ရှင်သခင်မှ ရှင်သခင်အစစ် မတွေ့ဘူးလား၊ မနေ့ကလိုပဲ ဆံပင်လေးကို အပေါ်တစ်လွှာလေးသိမ်းပြီးစည်းထားတာ"

"ဟယ်…ကြည့်စမ်း သူ့မျက်နှာလေးက မိတ်ကပ်တောင် လိမ်းစရာမလိုဘူးနော်၊ ဝင်းမွတ်နေတဲ့ မျက်နှာလေး"

မချီးကျူးချင်ပေမဲ့ လုံးခနဲ ချီးကျူးလိုက်မိတဲ့ မမသလ္လာ။ ပြောပြီးကာမှ ကိုယ့်ပါးစပ်ကိုယ် လက်နဲ့ပိတ်ပြီး နှုတ်ခမ်းလေးကို





မဲ့ပစ်လိုက်၏။

"ဖြတ်လာပြီ….ဖြတ်လာပြီ"

"လိုက်ဟာ ဝဥ္စာ"

"ဟင်…ဟိုဘေးက ကော်ဖီဆိုင်လေးထဲဝင်သွားပြီ မမသလ္လာရဲ့"

အရေးထဲ ဒေါ်ရှင်သခင်က မှန်ချပ်ကြီးတွေ အပြည့်ကာထားတဲ့ ကော်ဖီဆိုင်လေးထဲ ဖျတ်ခနဲ ကွေ့ဝင်လိုက်တော့ တိမ်သလ္လာနဲ့ ဝဥ္စာ နှစ်ယောက်စလုံး ဘာဆက်လုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။

"မထူးဘူး မမသလ္လာ၊ ဝဥ္စာတို့နှစ်ယောက်ပါ အဲဒီဆိုင်မှာ ဝင်ထိုင်လိုက်မယ်"

"ထိုင်ဟာ"

ကားတံခါးတွေကို ဝုန်းခနဲဆောင့်ပိတ်လိုက်ပြီး နှစ်ယောက်သား မျက်နှာထားတင်းတင်းနဲ့ ကော်ဖီဆိုင်ထဲ လျှောက်ဝင်ခဲ့လိုက်၏။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရှင်သခင်က ကော်ဖီတစ်ခွက်မှာသောက်ပြီး ဂျာနယ်တစ်စောင်ဖတ်လို့။

"မျက်နှာချင်းဆိုင်ခုံမှာ ထိုင်မယ် မမသလ္လာ"

ဝဠာက ဂရုမစိုက်ပါ။ ရှင်သခင်ကို တည့်တည့်ကြည့်လို့ရမယ့် နေရာကိုမှ တမင်ရွေးပြီး ဝင်ထိုင်ပစ်လိုက်သည်။ တကယ်ဆိုရင် အပျံစားအမိုက်စား ဝတ်စားပြီး ဆိုင်ထဲကိုဝင်လာတဲ့ သူတို့ညီအစ်မနှစ်ယောက်ကို ရှင်သခင်က တစ်ချက်လေးတော့ မော့ကြည့်သင့်တာပေါ့။ ဒါပေမဲ့ ရှင်သခင် မော့မကြည့်ခဲ့ပါ။

"ဟင်း…တွေ့လား ဝဠာ၊ ဘယ်လောက်ဘဝင်မြင့်တဲ့ဟာမလေးလည်းဆိုတာ ဆိုင်ထဲကလူတွေကို တစ်ချက်လေးတောင် လှမ်းမကြည့်ဘူး"

"မမသလ္လာ ဒီမှာပဲထိုင်နေ၊ ဝဠာ သူ့စားပွဲကို ပြောင်းထိုင်လိုက်မယ် မကောင်းဘူးလား"

"ဟာ…မမသလ္လာလည်း လိုက်မှာပေါ့"

"ဒါဆိုလည်း နှစ်ယောက်စလုံးသွားမယ်"

စိတ်ဆတ် စိတ်မြန်သော ဝဠာက ရှေ့ကို အရင်ဆုံးရောက်





သွားသည်။

တိမ်သလ္လာကလည်း မျက်နှာထားတင်းတင်းနဲ့ ဝဠာနောက်ကနေ ကပ်ပါသွား၏။

"ဒီမှာ…ဒီမှာ"

"ဟင်"

"တို့နှစ်ယောက်ကို မင်းသိလား"

မေးလည်းမေး လွတ်နေတဲ့ ခုံနှစ်လုံးကိုလည်း ဝုန်းခနဲဒိုင်းခနဲ ခပ်ကြမ်းကြမ်းဆွဲကာ ညီအစ်မနှစ်ယောက်စလုံး ခပ်ပြတ်ပြတ် ခပ်မာမာ ဝင်ထိုင်လိုက်ကြ၏။

"ဟင့်အင်း…ရှင်တို့ကို ကျွန်မ မသိဘူး"

"ဟား…ဟား တို့နှစ်ယောက်ကိုတောင် မသိဘူးတဲ့ မမသလ္လာရေ၊ ရယ်ရတယ် သိလား၊ ဟား ဟား"

လက်ခုပ်လက်ဝါးတီးကာ အူလှိုက်သည်းလှိုက် အော်ရယ်ပစ်လိုက်တဲ့ သလ္လာ။

"ရှင်…ရှင်တို့ ဘယ်သူတွေလဲဟင်"

"အောင်မယ်…ညည်းကများ ငါတို့ကို ပြန်မေးနေရသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒီမှာ ငါတို့နှစ်ယောက်မျက်နှာကို သေသေချာချာကြည့်ထား၊ ညည်းနဲ့ငါတို့မောင်လေးကို သဘောမတူလို့ ငါတို့ကလာပြောတာ ရှင်းပြီလား”

“ဟုတ်တယ်၊ ဟုတ်တယ်”

“ငါတို့မောင်လေးက ညည်းကို ဘယ်လောက်ချစ်ချစ် ညည်းပြန်မချစ်ရဘူး”

“လုံးဝမချစ်နဲ့”

မမတိမ်သလ္လာကပါ အပြတ်ဝင်ထောက်ခံနေ၏။

“ဘယ်…ဘယ်ကမောင်လေးလဲဟင်၊ ကျွန်မ မသိဘူး နော်”

“ကောင်းကင်ယံ”

“ဟာ…ပြဿနာပဲ၊ ယောကျ်ားနဲ့အဆင်မပြေလို့ စိတ်ညစ်နေပါတယ်ဆိုမှ ဘာတွေလာပြောနေမှန်းမသိဘူး၊ ကျွန်မက ယောကျ်ားရှိတယ်ရှင့်၊ စိတ်ညစ်လိုက်တာနော်၊ အဟင့် ဟင့်”

“ဗုဒ္ဓေါရေ”

“ဒါ ဒါဆို ညည်း ညည်းက ရှင်သခင် မဟုတ်ဘူးပေါ့”





“ဟာ…မဟုတ်ပါဘူး၊ ရှင့်တို့လူမှားနေပြီ”

“ဟင်”

“ကျွန်မနာမည်က ကလျာသိမ့်သိမ့်တုန်”

“အောင်မလေးတော်”

မမတိမ်သလ္လာ မျက်လုံးပြူးသွားသည်။ ဝဋ္ဋာက ရှက်ပြီး ရဲတွတ်သွား၏။

“ဟဲ…ဟဲ မသိလို့နော်”

“ဟင်း…ဟင်း ဟို ဟို ဥစ္စာလေးနဲ့ အရမ်းတူလို့”

“ဘယ်ဥစ္စာလဲ”

“ဟိုဥစ္စာ…ဟိုဥစ္စာ”

တိမ်သလ္လာတစ်ယောက် အယောင်ယောင် အမှားမှားတွေ ဖြစ်ပြီး ပါးစပ်က ထွက်မိထွက်ရာတွေ ထွက်ကုန်သည်။

“သွား သွားမယ်နော်”

“ဟင်း ဟင်း”

ရှက်ရှက်နဲ့ ဆိုင်ထဲက ပြန်ထွက်ခဲ့ကြတဲ့ ညီအစ်မ နှစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ဘယ်လိုထားရမှန်းပင် မသိကြတော့ပါ။

"နင် နင်ပြောတော့ ရှင်သခင်ဆို"

"ဟင်...မမတိမ်သလ္လာကလည်း စတွေ့တုန်းက ရှင်သခင်ဆိုတဲ့ဟာမလေးကို တွေ့လိုက်တာ၊ နောက်မှ ဘယ်လိုဖြစ်ပြီး ကလျာသိမ့်သိမ့်တုန် ဖြစ်သွားတာလဲမသိဘူး"

"ဟဲ့...စတွေ့ကတည်းက ကလျာသိမ့်သိမ့်တုန်ကို တွေ့လို့၊ ကလျာသိမ့်သိမ့်တုန် ဖြစ်တာပေါ့ဟဲ့၊ ကလျာသိမ့်သိမ့်တုန် မဟုတ်ရင် အခုတွေ့တဲ့ ကလျာသိမ့်သိမ့်တုန်၊ အမလေးနော် နာမည်ကိုပြောတာနဲ့တင် အမောဆို့ပြီး သေတော့မယ်၊ ဟင်း ဟင်း"

"အမလေး...ဘုရားရေ"

"ဟင်...ဘာဖြစ်သွားတာလဲ ဝဋ္ဌာ"

"ဟိုမှာ...ဟိုမှာတော့"

"ဟယ်"

"ကြည့်စမ်း"

ကောင်းကင်ယံနဲ့ ရှင်သခင်။

သည်တစ်ခါတော့ ဘယ်လိုမှ လူမမှားနိုင်တော့ပါ။





ရှင်သခင်ဆိုတဲ့ ကောင်မလေးက ထိုးရပ်လာတဲ့ အဲလ်ကွန်းဘတ်စ်ကားကြီးပေါ် ပြေးတက်နေပါပြီ။ ကောင်းကင်ယံက ရှင်သခင်ဆိုတဲ့ ကောင်မလေးရဲ့နောက်က

"သေချာလား ဝဋ္ဌာ"

"သေချာတယ် သေချာတယ်၊ ရှင်သခင်က ကားပေါ်ကို ရှေ့ကတက်၊ ကောင်းကင်ယံက နောက်မှာတန်းလန်းကြီး"

"ဟင်...ဘယ်ဟာက တန်းလန်းကြီးတုန်း"

"ဟာ...မမတိမ်သလ္လာရယ်၊ ကားတံခါး အတက်အဆင်းအပေါက်မှာ ကောင်းကင်ယံ တန်းလန်းကြီး ပါသွားတာကို ပြောတာ၊ ဟင်း ဟင်း လိုက်မယ် မမတိမ်သလ္လာ၊ သင်းတို့နှစ်ယောက်နောက်ကို လိုက်ကိုလိုက်ရမယ်၊ တက် တက် ကားပေါ်ကို မြန်မြန်တက်"

နှစ်ယောက်တည်းနဲ့ ရှုပ်ယှက်ခတ်နေတဲ့ တိမ်သလ္လာနဲ့ မိုးဝဋ္ဌာ။

အဲလ်ကွန်းဘတ်စ်ကားကြီး နောက်ကိုလိုက်ဖို့ ကားပေါ်ကို အသည်းအသန် ပြန်တက်လိုက်ကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း"

"ဒုန်း"

တံခါးတွေကို ဆောင့်ပိတ်လိုက်တဲ့ အသံတွေက ဒုန်းခနဲ ဒုန်းခနဲ ထွက်လာသည်။

"စက်…စက်နိုး"

"ရှူး"

"မြန်မြန်မောင်းပါဟဲ့"

"စိတ်ချစမ်းပါ မမတိမ်သလ္လာရယ်၊ ဒီကောင် ပြေးလို့ မလွတ်ပါဘူး၊ ဟင်း မျက်နှာငယ်လေးနဲ့ ရှင်သခင်ဆိုတဲ့ ဟာမလေးနောက်ကို ဘတ်စ်ကားစီးပြီးတော့တောင် ဒီကောင်လျှောက်လိုက်နေတာ၊ အစ်မတွေကို အရှက်ခွဲတဲ့ကောင် သိမယ် သိမယ်"

ဒေါ်နဲ့မောနဲ့ပြောပြီး ကားကို ဆောင့်အထွက်

"ရှူး"

"ဖရူး…ဖရူး"

"ဟဲ့…ဟဲ့ ဘာ ဘာဖြစ်တာလဲ ဝဠာ၊ ဘာသံကြီးထွက်





လာရတာလဲ"

"မမတိမ်သလ္လာဆီကလား"

"ဟဲ့…ငါနဲ့ဘာဆိုင်လို့လဲ"

"သိဖူးလေ၊ ရှူးဆိုတဲ့အသံကြီး ကြားလိုက်လို့"

"ဒုန်း"

"ဂလုံး"

"အောင်မလေး…သွားပါပြီ"

ကားဘီးပေါက်ပြီး ငွေနဲ့ကတ္တရာလမ်း ဖိကြိတ်လိုက်တဲ့ နောက်ဆက်တွဲအသံကြီး ထွက်လာတော့မှ အဖြစ်မှန်ကို သိလိုက်ကြတော့သည်။

"အဟင့်…ဟင့် အရေးထဲကျမှ ဘီးကပေါက်ရတယ်လို့"

"သေလိုက်ပါတော့ ဝဠာရယ်"

တိမ်သလ္လာမျက်နှာလေး ရှုံ့မဲ့သွားချိန်မှာ ဝဠာကလည်း စိတ်ပျက်လက်ပျက်နဲ့ ကားထိုင်ခုံနောက်မှီလေးပေါ် ကိုယ်လေးကို



www.burmeseclassic.com

www.burmeseclassic.com



နောက်လှန်ပြီး လှဲချလိုက်မိပြီ။

အဲလ်ကွန်းဘတ်စ်ကားကြီးပေါ်ကို ပါသွားတဲ့ ကောင်းကင်ယံနဲ့ ရှင်သခင်တို့ နှစ်ယောက်ကတော့။

* * *



## အခန်း (၅)

စိတ်ဓာတ်လေး ကျနေမိတာ ရှင်သခင်။

သူနဲ့ဝေးအောင် အထပ်ထပ် တိုးဝင်ခဲ့ပေမဲ့ ရီဝေစွာ ငေးကြည့်နေတဲ့ သူ့အကြည့်လေးတွေရဲ့အောက်က လွတ်အောင်တော့ သူမလေး မရှောမ်းဆောင်နိုင်ခဲ့ပါ။ စားပြီးသား ထမင်းချိုင့်အလွတ်ကလေးနဲ့ ခေါက်ထီးလေးကို လက်တစ်ဘက်မှာ စုကိုင်ထားပြီး ကျန်နေတဲ့ လက်တစ်ဘက်က ကားလက်ကိုင်တန်းလေးကို ခပ်တင်းတင်းလေး အုပ်ကာ ထားရသည်။

သူ့ကိုတော့ မသိချင်ဟန်ဆောင်ပြီး ဝင်းနှစ်နေတဲ့ မျက်နှာလေးကို သူနဲ့ဆန့်ကျင်ဘက်ဖြစ်အောင် တမင်လှည့်ထားလိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ထမင်းချိုင့်လေး ကိုယ့်ကိုပေးထားပါလားဟင်"

"ဟင်…ရှင် ရှင်"

ဘယ်ကနေဘယ်လို သူ့အနားထိ တိုးကပ်လာပါလိမ့်။

အသံကြားလို့ လှည့်ကြည့်လိုက်တော့မှ သူနဲ့ပခုံးချင်းပင် ထိလုနီးပါး ဖြစ်နေတာကို သိလိုက်ရသည်။

ရှင်သခင် မျက်နှာလေးကို တည်ပစ်လိုက်မိ၏။

ကားပေါ်မှလူတွေက အများကြီး။ သူ့ကို တစ်ခုခုပြန်ပြော လိုက်ချင်ပေမဲ့ ရှင်သခင် နှုတ်က ယောင်လို့မထွက်ပါ။

သူချမ်းသာတာကို ရှင်သခင် သိပါသည်။

အရင်ရက်တွေကဆိုလျှင် နောက်ဆုံးပေါ်ကားကြီးတွေနဲ့ တောင် ရှင်သခင် စီးသွားတဲ့ အဲလ်ကွန်းဘတ်စ်ကားကြီးနောက်ကို တကောက်ကောက် လျှောက်လိုက်နေတာ။ ဘဝချင်းက မိုးနဲ့မြေလို ကွာခြားတာမို့ ရှင်သခင် သူနဲ့မပတ်သက်ချင်တာဖြစ်သည်။ ပတ်သက်မိရင်လည်း နောက်ဆုံးတစ်နေ့မှာ ချမ်းသာတဲ့လူတွေက ဆင်းရဲတဲ့ကောင်မလေးတစ်ယောက်ကို ရက်ရက်စက်စက် ချန်ထား





ခဲ့ကြမှာလေ။

အဲဒါကြောင့်မို့ သူ့ကို မာနလေးထားပြီး ခပ်တင်းတင်း ခပ်ပြတ်ပြတ်လေး ရှင်သခင် ဆက်ဆံနေမိတာပါ။ ဟိုတစ်နေ့ကဆို သူ့ကို ထီးနဲ့ရွယ်လိုက်ရင်း မတော်တဆ ရိုက်မိသွားတာ။ ပြန်တွေး မိတော့ စိတ်မကောင်းဖြစ်သွားမိသည်။ သို့သော် တောင်းပန်ဖို့တော့ စိတ်မကူးမိချေ။

ဟော…ကြည့်။

ဒီနေ့လည်း သူလိုက်လာပြန်ပြီ။

ရပ်ကွက်ထဲက လူတွေမြင်ရင် ရှင်သခင့်ကို တစ်မျိုးထင် ကြတော့မည်။

"ရှင်သခင်ရယ် မင်း ကိုယ့်ကို နားလည်ပေးပါကွာ"

"ဟင်"

အနားမှာကပ်ပြီး တိုးတိုးလေးပေါ်လာတဲ့ အသံလေး။

"မင်းလက်ထဲက ထမင်းချိုင့်လေး ကိုယ့်ကို ပေးထားပါ နော်"

"ရတယ် ကိစ္စမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားကလေးကိုလည်း နှစ်ဆတင်းပစ်လိုက်မိ၏။

"ကိုယ့်ဘဝမှာ ဒီတစ်ခါပဲ ဘတ်စ်ကားစီးဖူးတာပါ"

"အို…ရှင့်ကို ဘယ်သူက စီးခိုင်းလို့လဲ"

"မင်းမျက်နှာလေးကို ကိုယ်အမြဲမြင်ချင်နေမိလို့ပါ ရှင်သခင်"

"ရှင်မပြောပါနဲ့၊ ရှင် မနှောင့်ယှက်ပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ်"

လူတွေကြားထဲမှာမို့ အသံလေးကိုထိန်းပြီး ရှင်သခင် ပြောနေရတာ ခြေဖျားလက်ဖျားလေးတွေပင် အေးစက်လာရသည်။ ရှင်သခင်ဆိုတာ ဆင်းရဲတဲ့ ကောင်မလေးဆိုပေမဲ့ ကိုယ့်သိက္ခာလေးကို ကိုယ်ထိန်းပြီး အမြဲနေလာခဲ့တာပါ။ ရပ်ကွက်ထဲမှာဆိုလည်း ဣန္ဒြေရရ တည်တည်ငြိမ်ငြိမ်ကလေး အမြဲနေတတ်တဲ့ ရှင်သခင်။

ငါ့မှာ ပိုက်ဆံရှိတယ်။ ငါက နောက်ဆုံးပေါ်ကားတွေ ထည်လဲစီးနိုင်တယ်ဆိုပြီး ဆင်းရဲတဲ့ မြို့စွန်ရပ်ကွက်ကလေးကနေ မြို့ထဲက ကုမ္ပဏီကြီးတစ်ခုမှာ ထမင်းချိုင့်လေးဆွဲပြီး အလုပ်ဆင်းရတဲ့ ကောင်မလေးတစ်ယောက်ကို ရှင် ဘာဖြစ်လို့များ လူကြားသူ





ကြားမရှောင် လိုက်နှောင့်ယှက်နေရတာလဲ ကောင်းကင်ယံရယ်။

ကျွန်မ တောင်းပန်ပါတယ်။

ကျွန်မနေတဲ့ ရပ်ကွက်ထဲအထိ ရှင်မလိုက်ပါနဲ့။

ရှင်သခင် ဆုတောင်းက မပြည့်ခဲ့ပါ။

ရပ်ကွက်ထဲက ဘတ်စ်ကားဂိတ်လေးမှာ ကားရပ်တော့ သူက ရှင်သခင်နောက်မှာ ခေါင်းကလေး ငိုက်စိုက်ချပြီး ပါလာခဲ့သည်။

"ရှင်…ရှင် ဘာလို့လိုက်လာတာလဲ"

"မင်းနေတဲ့ အိမ်ကလေးကို ကိုယ်သိချင်လို့"

"မလိုက်နဲ့နော်"

ပြောလို့လည်းမရပါ။ ကိုကောင်းကင်ယံဆိုတဲ့လူက ရှင်သခင့်နောက်ကိုပဲ လိုက်နေလေသည်။ စိတ်ညစ်လာရ၏။ သေချင်တာပဲ။ ရှင်သခင်မှာက မိဘတွေမရှိကြတော့ဘူး။ ဦးလေးအိမ်မှာ ကပ်နေရတာမို့။ ပြီးတော့ ဒေါ်လေးမြတ်က အရမ်းဆိုးရွားစွာ ရှင်သခင်အား နှိမ့်ချဆက်ဆံနေလေသည်။ ရှင်သခင်မှာ ဦးလေးဘက်မှတော်သော တူမဖြစ်နေ၏။ အတော်လေး အနေအထိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်နေရ၏။ ဦးလေးက ငွေကြေးအသင့်အတင့် နေထိုင်စားသောက်နိုင်ပေမဲ့ ရှင်သခင့်ကိုတော့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင်ဆိုပြီး အလုပ်ဝင်လုပ်ခိုင်းပြီး ကိုယ့်ကျောင်းစရိတ်အတွက် ကိုယ်တိုင် ရှာဖွေစေခဲ့သည်။ ဦးလေးချစ်က ဒေါ်လေးမြတ်ကို ကြောက်ရ၏။ ဘာတစ်ခုမှ ဝင်ရောက်ပြောဆိုပိုင်ခွင့် မရှိပေ။

"ညည်း ရုပ်ကလေးဖန်းပြပြီး ရှုပ်ရှုပ်ယှက်ယှက်တော့ မလုပ်နဲ့နော် ရှင်သခင်၊ ဒီမှာခိုကပ်နေခွင့်တောင် မရဘဲ မောင်းထုတ်ပစ်လိုက်မှာ"

ဒေါ်လေးမြတ်မှာလည်း သမီးတစ်ယောက် ရှိနေသည်။ ဦးလေးရဲ့မယားပါ သမီးပါ။ ဒေါ်လေးမြတ်သမီး နန္ဒာမြတ်ကျတော့ ရှင်သခင့်လိုမဟုတ်ဘဲ စည်းစိမ်ချမ်းသာတွေအပြည့်နှင့် နေထိုင်ရသည်။ ယောကျ်ားလေးတွေနှင့် ရှုပ်ချင်တိုင်းရှုပ်၊ တွဲချင်တိုင်းတွဲနေတာတော့ ဒေါ်လေးမြတ်က ပြောဆိုတားဆီးခြင်း မရှိခဲ့ပေ။

"ညည်းခြေထောက်ပေါ် ညည်းရပ်တည်နိုင်အောင် ကြိုးစားပါ ရှင်သခင်၊ ပြီးတော့ ဒီမှာခိုကပ်မနေနဲ့တော့၊ ကိုရဲနောင်





က ညည်းဦးလေးဆိုပြီး အမွေတွေဘာတွေ မျှော်လင့်မနေနဲ့၊ အားလုံးက ကျုပ်နာမည်နဲ့ချည်းပဲ"

ဒေါ်လေးမြတ်က ရှင်သခင့်ကို နည်းနည်းမှ ကြည့်လို့မရပေ။ မောင်းထုတ်ပစ်ချင်နေသည်။ ဦးလေးနှင့်ပတ်သက်ပြီး အမွေတွေလုမှာ စိုးရိမ်နေ၏။ ရှင်သခင်ကလည်း မနေချင်ပါ။ ကိုယ့်ခြေထောက်ပေါ်ကို ရပ်တည်နိုင်အောင် ကြိုးစားဖို့ပဲ ရှိနေ၏။ ဦးလေးနှင့် ပတ်သက်ပြီး အကျိုးခံစားခွင့် မလိုချင်ပါဘူး။ မခံချင်စိတ်တွေနဲ့ ရှင်သခင် ကြိုးစားပြမယ်။ အားလုံးထက် သာစေရမယ်။ ရှင်သခင့်မှာ ခံစားချက်တွေ ရှိနေလေသည်။ ချမ်းသာတဲ့ယောကျ်ားကိုယူပြီး ဘယ်တော့မှ ချမ်းသာတာမျိုး မဖြစ်စေရဘူး။ ပြီးတော့ ရှင်သခင်ကို မတူမတန်ဘူးဆိုပြီး အနိမ့်ခံဘဝကိုလည်း ဘယ်တော့မှ မရောက်စေရဘူး။ ရှင်သခင့်မျက်နှာလေးက တင်းမာနေလေသည်။

"ဒီမှာ"

"ပြောပါ ရှင်သခင်"

"ကျွန်မနောက်ကို မလိုက်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မင်းနဲ့ခင်ချင်လို့ပါ၊ ပြီးတော့"

"ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မက သူများအိမ်မှာ ကပ်နေရလို့ပါ၊ ဒီလိုရှုပ်ရှုပ်ယှက်ယှက်တွေ လုပ်လို့မဖြစ်ဘူး၊ ရှင်နေခဲ့ပါ"

"ရှင်သခင်"

"ကျွန်မ ရှင်နဲ့မပတ်သက်ချင်ဘူး၊ ရှင် ကြိုးစားလည်း အလကားပဲ၊ ဘာလဲ ကျွန်မကို ရှင့်အသိုင်းအဝိုင်းတွေက နှိမ်ချဆက်ဆံတာကို အခြောက်တိုက် ကျွန်မက ခံရဦးမှာလား"

"အဲဒီလိုမျိုး မဖြစ်စေရပါဘူး ရှင်သခင်၊ ကိုယ့်ကို ချမ်းသာတဲ့ အသိုင်းအဝိုင်းကလို့ မသတ်မှတ်ပါနဲ့၊ ကိုယ်က ရှင်သခင်နဲ့ ဘဝတူပဲဖြစ်ချင်တယ်၊ ဘဝကို အတူလက်တွဲပြီး ကြိုးစားတည်ဆောက်ချင်ပါတယ်"

"အဟက်...ရှင်အရူးပဲ၊ ကျွန်မကတော့ ရှင့်လို အရူးမထနိုင်ပါဘူး၊ အဓိပ္ပာယ်မရှိတာတွေ ကျွန်မ ဘယ်တော့မှ မလုပ်တတ်ဘူးနော်၊ ကျွန်မဘက်ကတော့ ရှင့်ကို ဘယ်လိုမှ စိတ်ဝင်စားမှာ မဟုတ်ဘူးနော်၊ အပိုတွေ လာလုပ်မနေပါနဲ့"





ရှင်သခင် ခပ်ပြတ်ပြတ်လေးပဲ ပြောလိုက်မိလေသည်။ နှုတ်ခမ်းလေးကိုလည်း စူတင်းစေ့ကပ်ထားမိ၏။ မာနရှိရမယ်။ ရှင်သခင့်ကို လူတွေ အထင်အမြင်သေးမှာ အကြောက်ဆုံးပဲ။ ဘယ်သူ့အပြောကိုမှလည်း ရှင်သခင် မခံနိုင်ပါဘူး။

"ရှင်သခင်"

"ရှင့်ကို ကျွန်မ အပြတ်သားဆုံး ပြောထားပြီးပြီနော်၊ ရှင်နေခဲ့ပါ"

"မနေဘူးကွာ"

"ရှင် ဘာဖြစ်လို့ ကျွန်မကို နှောင့်ယှက်နေရတာလဲ၊ ကျွန်မ ရှင့်ကို စိတ်မဝင်စားဘူးလို့ ပြောထားပြီးပြီနော်၊ ဘာလဲ ကျွန်မက ဆင်းရဲလို့ ရှင်က အထင်သေးစရာလား"

"မဟုတ်ပါဘူး ရှင်သခင်ရယ်၊ မင်းကို တွေ့ပြီးကတည်းက ကိုယ့်နှလုံးသားတွေထဲမှာ မင်းကိုပဲ ချစ်မြတ်နိုးနေမိတာပါ၊ ကိုယ့်ကိုယ်ကိုတောင် အံ့ဩမိပါတယ် ရှင်သခင်ရယ်၊ မင်းကို အရမ်းချစ်နေမိသွားရလို့ပါ"

"မဖြစ်နိုင်ဘူး၊ ကျွန်မ ဘယ်တော့မှ ရှင့်ကို လက်ခံမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးနော်"

"ရှင်သခင်"

"ကျွန်မကို မနှောင့်ယှက်ဖို့ တောင်းပန်ပါတယ်၊ ကျွန်မ ရှင့်ကို စိတ်မဝင်စားဘူး၊ ဘယ်တော့မှလည်း လက်ခံမှာမဟုတ်ဘူး၊ ကျွန်မ ဒေါသတွေထွက်လာပြီနော်"

ရှင်သခင် ဒေါသတွေထွက်လာပြီး လေသံတွေပင် မာထန်လာရလေသည်။ ဘယ်လိုလူလဲ။ ရှင်သခင်ဘက်မှ မချစ်ပါဘူးလို့ ပြောထားပြီးပြီပဲ။ ရှင်သူဌေးသားဖြစ်တိုင်း ရှင်သခင်က ချစ်မယ်ထင်လို့လား။ ဝေးသေးတယ်။ ထိုလူက ရှင်သခင် သွားလေရာနောက်ကနေ လိုက်နေသည်။ ချစ်ခွင့်တောင်းနေတတ်၏။ ရှင်သခင် ငြင်း၍မရပေ။ မချစ်ပါဘူးပြောလည်း မရ။ တောက်တဲ့ကပ်သလို လိုက်ကပ်နေတော့သည်။ သူမ နေထိုင်တဲ့ ရပ်ကွက်နား ရောက်တော့မည်ဖြစ်၍ သူမ ခြေလှမ်းလေးတွေ တုန့်ခနဲ ရပ်ကြည့်ပစ်လိုက်သည်။

"ရှင့်ကို ဒီလောက်ပြောနေတာ မရဘူးလား၊ ကျွန်မကို ပတ်ဝန်းကျင်က တစ်မျိုးထင်သွားအောင် လုပ်နေတာလားဟင်"





သူမမျက်နှာလေး ရှုအောင့်အောင့်လေးနှင့် ဒေါသဖြစ်နေ၍ သူ့ နောက်မှပဲ ချန်နေလိုက်လေသည်။ ရှင်သခင် ဒေါသဖြစ်နေ၍ ကောင်းကင်ယံ သူမစကားကိုပဲ နားထောင်လိုက်တော့၏။ ရှင်သခင် ထွက်သွားလေသည်။ နောက်သို့ ယောင်၍မျှပင် လှည့်မကြည့်။ သူ ရပ်ကွက်ထိပ် အုတ်ခုံမှာ ထိုင်နေမိလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

''မောင်လေးယ်''

''ဟင်''

''မင်းဘာထိုင်လုပ်နေတာလဲ၊ ဟိုရှင်သခင်ဆိုတဲ့ ကောင်မက ဒီမှာနေတာလား''

''မမသလ္လာ''

''ထစမ်း…အိမ်ပြန်ကြမယ်၊ သူများရပ်ကွက်ထိပ်မှာ ထိုင်နေတာ ဘယ်လောက်အန္တရာယ်များလဲ၊ ငါ့မောင်လေးကို ဝိုင်းရိုက်ကြရင် ဘယ်လိုလုပ်မလဲ''

''ရိုက်…ရိုက်ဗျာ''





''ဟဲ့''

''ယ် ဒီမှာပဲ ထိုင်နေချင်တယ်၊ ရိုက်ချင်လည်း ရိုက်ကြပစေတော့''

''ဟဲ့ကောင်လေး ဘာဖြစ်နေရတာလဲဟဲ့၊ မင်းက ဒက်ဒီတို့၊ မာမီတို့၊ ဘွားတို့၊ မမတို့ရဲ့ အသည်းကျော် အချစ်ဆုံးလေးပဲ။ ဒီဟာမလေးမျိုးက တန်ဖိုးမထားဘဲ ခါးခါးသီးသီးငြင်းနေတာ ဒေါသဖြစ်လာပြီ၊ မမတို့မောင်လေးနဲ့ မတန်ပါဘူး''

''မမ''

''ဟင်''

''ဆက်မပြောကြပါနဲ့တော့ဗျာ၊ မကြားချင်ဘူး၊ ရှင်သခင်ကို ထိပါးပြီး ဘာမှဆက်မပြောကြပါနဲ့တော့''

''ဘုရားရေ''

အစ်မတွေ ရင်ကျိုးမတတ် ဖြစ်သွားရလေသည်။ မောင်လေးက ဒီဟာမလေးမှ ဒီဟာမလေး ဖြစ်နေပြီပဲ။

''မမတို့တော့ ရင်ကျိုးရတော့မယ်၊ ဘာမဟုတ်တဲ့ ကောင်မလေးတစ်ယောက်ကိုများ မင်းက ဒီလောက်ထိ စွဲလမ်းနေရ



www.burmeseclassic.com

www.burmeseclassic.com



လား၊ အမလေး ကြီးကျယ်လိုက်တာ၊ သင်းလေးကများ ငါ့မောင်လို ရွှေလိုဥထားတဲ့ ရွှေမင်းသားလေးကိုများ ငြင်းရတယ်လို့"

ဝဋ္ဋာရော သလ္လာပါ မောင်လေးအတွက် မခံမရပ်နိုင်အောင် ဖြစ်နေကြရလေသည်။ ကြည့်ပါဦး၊ မောင်လေးပုံစံကို၊ ညှိုးနွမ်းမှိုင်းဝေနေရှာ၏။ မောင်လေး စိတ်သောကတွေ ရောက်နေရတာလည်း မကြည့်ရက်နိုင်အောင် ဖြစ်နေကြသည်။

"ယံ"

"ဗျာ"

"ပြန်ကြမယ်"

"ယံ ထိုင်နေဦးမယ်"

"မဖြစ်ဘူး၊ မမတို့ စိတ်မချပါဘူး"

"မမ"

"ဟင်"

"ယံလေ ရှင်သခင်ကို အရမ်းချစ်တယ်၊ အရမ်းမြတ်နိုးတယ်၊ တန်ဖိုးထားတယ်၊ နှစ်သက်တယ်"

"အမလေး...တော်ကြပါတော့၊ နားကြားပြင်းတောင်





ကတ်လာပြီ"

"ဟင်း"

မောင်လေးအတွက် သလ္လာ တော်တော်လေး ရင်မောနေရလေသည်။ ဒီဟာမလေးက ဘာဖြစ်လို့များ အိုက်တင်ခံနေရတာလဲလို့ မောင်လေးက အသေအလဲဖြစ်နေလို့များလား။

"မင်းက ဒီလောက်အရှုးအမူး စွဲလမ်းနှစ်သက်နေမှ တော့ ဟိုဟာမလေးက ,ဈေးတက်နေတော့မှာပေါ့ မောင်လေးရဲ့"

"မဟုတ်ပါဘူးဗျာ၊ ရှင်သခင်က မာန်တွေ အရမ်းကြီးတဲ့ကောင်မလေးပါ၊ အိုက်တင်ခံတာ လုံးဝမဟုတ်ဘူး၊ ယံ့ကို လုံးဝလက်မခံတာပါ"

"ဘာဖြစ်လို့လဲဟဲ့"

"ယံက သူဌေးသားဖြစ်နေလို့တဲ့"

"ဘာ"

"အမလေးတော်...သူများတွေက သူဌေးသားကို ကြိုက်ကြတာ၊ ရွေးချယ်ကြတာ"

"မမ"



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"ရှင်သခင့်ကို အထင်မသေးပါနဲ့၊ ရှင်သခင့်ကို နှိမ့်ချတဲ့ စကားတွေ မပြောကြပါနဲ့"

မောင်လေးယံကို ဘယ်လိုမှပြောလို့ မရတော့မှန်း သိလာကြ၏။ စိတ်ပျက်နေကြလေသည်။ ဒီကိစ္စ ဘွားနဲ့ဒက်ဒီ၊ မာမီတို့ကို ပြောပြရမယ်။ မောင်လေးကိုလည်း ဖွတ်အတင်း မတားရဲကြပေ။ စိတ်ညစ်ပြီး ထင်ရာစိုင်းသွားမှာလည်း စိုးရိမ်နေမိကြသည်။

"ဒီဟာမလေးက ငါတို့မောင်လေး အရူးအမူး စွဲလမ်းနစ်သက်လာအောင် မာယာတွေနဲ့ မြူဆွယ်သိမ်းသွင်းထားပြီ ဝဠာ၊ ဘယ်လိုလုပ်ကြမလဲဟင်"

"ရအောင်ခေါ်သွားမယ်၊ နက်ဖြန်ကျရင် တူယုဥ်ပြိုင်ရောက်လာလိမ့်မယ်၊ မောင်လေးနဲ့နီးစပ်သွားအောင် ကြိုးစားကြမယ်"

"အေး"

မောင်လေးက အုတ်ခုံမှာ ထိုင်နေဆဲပင်။ အစ်မနှစ်ယောက်လုံး ကားနားမှာ ရပ်ကြည့်နေပြီး ဘာလုပ်ရမှန်းမသိ





အောင် ဖြစ်နေကြရလေသည်။ စိတ်ထဲမှာလည်း မခံချိမခံသာဖြစ်နေကြရ၏။ ရွှေလင်ဗန်းနဲ့ အချင်းဆေးထားတဲ့ မောင်လေးကိုများ

"တို့မောင်လေးက ရုပ်ကလည်း ကောင်မလေးတွေ ပစ်ကျလောက်အောင် ချောတာ၊ သင်းလေးက လာငြင်းနေရသေးတယ်လို့ ဘာမို့လို့လဲ"

"မောင်လေးကို ဒီမှာထားလို့မဖြစ်ဘူးနော် မမ၊ အရခေါ်သွားရမယ်၊ ဒီဟာမလေးက ဘာတွေရှုပ်ထားမှန်းမသိဘူး၊ ဒုက္ခပါပဲ"

အစ်မနှစ်ယောက်လုံး မောင်လေး ကောင်းကင်ယံအနားသို့ ရောက်သွားပြန်လေသည်။ ရပ်ကွက်ထဲသို့ ငေးမျှော်ကြည့်နေတဲ့ မောင်လေး မျက်ဝန်းတွေက ရီဝေမှိုင်းအုံနေ၏။ အသိမဲ့နေသလို ထိုင်နေသည်။

"ယံ"

မထူးပေ။ သတ္တာပင် အထိတ်တလန့် ဖြစ်သွားရသည်။ မောင်လေးယံ အသိမှရှိသေးရဲ့လား။ ကျောက်ရုပ်တစ်ရုပ်လို ထိုင်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

“ယံ”

“မောင်လေးယံ ပြန်မယ်လေ၊ လာပါကွယ်၊ ဘွားတောင် စိတ်ပူပြီး ဖုန်းဆက်တယ်၊ မင်းကိုတွေ့ရအောင် ရှာပြီးခေါ်လာခဲ့တဲ့”

ယံ မလိုက်မချင်း မမတွေက ထွက်သွားကြမှာ မဟုတ်၍ ယံ ထလိုက်ရလေသည်။ ချစ်သောရှင်သခင်ရဲ့ အရိုးအငွေ့ လေးကို ရပ်ကွက်ထိပ် အုတ်ခုံကနေ ထိုင်ကြည့်ရတာ သူ့ အလုပ် ချင်ဆုံး အလုပ်ပဲ။ ရှင်သခင် မင်းလေးကို ကိုယ် ဘယ်တော့မှ မစွန့်လွှတ်နိုင်ဘူး။ မင်းအချစ်တွေကို ရအောင်ယူရမှာပဲ။ ကိုယ့် အရာအားလုံးကို စွန့်လွှတ်နိုင်ပါတယ် ရှင်သခင်။

“ယံ”

“ဗျာ”

“ဒုက္ခပါပဲဟယ်၊ လာပါ ဒီရပ်ကွက်မှာ အကြာကြီး မနေရဲပါဘူး၊ ကားပေါ်တက်တော့ မောင်လေးကားရော”

“လမ်းမပေါ်မှာ ရပ်ခဲ့တယ်”





“ဘုရားရေ ဒီလောက်အဘိုးတန်တဲ့ကားကြီးကို ပစ်ထား ခဲ့တယ်၊ အမလေးနော်”

“ယံ့ဘဝမှာ ရှင်သခင်ပဲ တန်ဖိုးထားတယ်၊ ကျန်တာ ဘာမှအရေးမပါပါဘူး၊ ကားတွေတိုက်တွေ၊ ချမ်းသာမှုတွေ ဘာမှ မလိုချင်တော့ဘူး”

“ယံ မောင်လေး ရူးသွားပြီလား၊ ဒီဟာမလေးက ဒီလောက်တောင် မောင်လေးကို ဖမ်းစားထားနိုင်ပြီလား”

“မမ”

“ဟင်”

“ယံ စိတ်တွေ ဘယ်လိုမှ ထိန်းချုပ်ထားလို့ မရတော့ ဘူး၊ ရှင်သခင်မှ ရှင်သခင် ဖြစ်နေပြီဗျာ၊ ယံ ဘယ်လိုလုပ်ရမလဲ ဟင်”

“ယံရယ်”

“မောင်လေးရယ်”

ကောင်းကင်ယံရဲ့ မျက်ဝန်းတွေထဲမှာ ရှင်သခင်ပဲ ရှိနေ သည်။ ရှင်သခင့်အရိပ်တွေပဲ လွှမ်းမိုးနေ၏။ ရင်ထဲမှာ ပူလောင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မင်းအတွက်ဆို ကိုယ့် အရာအားလုံးကို စွန့်လွှတ်နိုင်တယ် ရှင်သခင်။ မင်းပဲ ကိုယ့်နှလုံးသားထဲက တန်ဖိုးအကြီးမားဆုံး အရာလေးတစ်ခုပါပဲကွာ။ သူ ကားပေါ်တက်သွားရပေမဲ့ ရှင်သခင်ကိုပဲ တမ်းတလွမ်းဆွတ်နေရလေသည်။

"ရှင်သခင်...ရှင်သခင်"

"ဟဲ့...ဘာဖြစ်တာလဲ"

"ချစ်သူကို တမ်းတနေမိတာပါ"

"သေစမ်း"

ရူးသွပ်မတတ် ဖြစ်နေရှာတဲ့ မောင်လေးယံအတွက် စိတ်မသက်မသာကြီး ဖြစ်နေရလေသည်။ ဘယ်လိုလုပ်ရမှန်းပင် မသိတော့။ မောင်လေးက မှိုင်မှိုင်ငေးငေးလေး ဖြစ်နေ၏။ အချစ်ဆုံးမောင်လေးအဖြစ်ကို မကြည့်ရက်အောင် ဖြစ်နေကြရသည်။ စိတ်တွေ မသက်မသာ ဖြစ်နေ၏။ မဖြစ်ဘူး၊ မောင်လေးကိုစွ ပေါ့ပေါ့နေလို့ မဖြစ်ပါဘူး။ ဘွားနဲ့ဒက်ဒီ၊ မာမီတို့ကို ပြောပြရမယ်။ ရင်တွေပူလိုက်တာ။ အစ်မနှစ်ယောက်လုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စိုးရိမ်ပူပန်နေကြရလေသည်။

* * *



# အခန်း (၇)

"သားယံ"

"မာမီ"

"ဘွားက မနက်ဖြန် တူယုဉ်ပြိုင်ကို သွားကြိုကြရမယ်တဲ့လေ၊ သားယံ လိုက်ပြီးကြိုရမယ်"

"ယံ မလိုက်ချင်ဘူး မာမီ၊ တူယုဉ်ပြိုင်နဲ့ယံနဲ့ ဘာဆိုင်လို့လဲ၊ ယံ မတွေ့ချင်ပါဘူး၊ ရှင်သခင်ကလွဲပြီး ယံ ဘယ်သူ့ကိုမှ မပတ်သက်ချင်ပါဘူး"

"ရှင်သခင်ဆိုတဲ့ ကောင်မလေးက သားယံကိုမှ မနှစ်သက်တာပဲ၊ ပြီးတော့ သူများအိမ်မှာ ကပ်နေရတဲ့ အစုတ်အနုပ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတစ်ယောက်က မာမီ့သားယံအပေါ်မှာ မာနတွေပြနေတာ မုန်းလိုက်တာကွယ်''

''မာမီ''

ရှင်သခင့်ကို မာမီ မုန်းတယ်ဆိုတဲ့ စကားတွေကို ယံ နည်းနည်းလေးမှ လက်မခံနိုင်ဘဲ ဖြစ်နေရလေသည်။ သူ့အတွက်တော့ ရှင်သခင်ရဲ့ အပြုအမူလေးတွေက အထင်ကြီးစရာ ဖြစ်နေရ၏။ ယံ အသိုင်းအဝိုင်းတွေကလည်း ရှင်သခင့်ကို လက်ခံစေချင်သည်။ နှိမ့်ချဆက်ဆံတာမျိုး သဘောမကျမိပေ။ အခုလာပြန်ပြီ။ တူယှဉ်ပြိုင်တဲ့။ ဘယ်လိုကလေးမျိုးလဲ။ ဘွားက မြေးကိုချစ်တယ်ဆိုပြီး ဘာဖြစ်လို့များ ရှင်သခင်ကို လက်မခံချင်ကြတာလဲ။ သူ ရှင်သခင်ဆီပဲ သွားချင်တဲ့ဆန္ဒတွေ ပြင်းပြနေရသည်။

''ပြိုင်က ဘွားအချစ်ဆုံးသူငယ်ချင်းရဲ့ မြေးမလေးပဲ၊ အရမ်းချောတယ် သား၊ အရမ်းချမ်းသာတယ်၊ မာမီတို့ မျိုးရိုးဂုဏ်အတွက်''

''မာမီတို့က ယံ့ကိုချစ်တယ်ဆိုပြီး ယံ့စိတ်တွေ အနှောင့်အယှက်ဖြစ်အောင် ဘာဖြစ်လို့ လုပ်နေကြရတာလဲဗျာ၊ ဘွားလည်း





မြေးကို ချစ်တယ်ဆိုရင် ရှင်သခင့်ကိုလည်း ချစ်ရမှာပဲ''

သားဖြစ်သူယံက ရှင်သခင်မှ ရှင်သခင် ဖြစ်နေ၍ ဒေါ်တိမ်ထက်စံ စိတ်မသက်မသာကြီး ဖြစ်နေရလေသည်။ အမလေး ရင်တွေကျိုးတော့မယ်။ ဒီကောင်မလေး ရှင်သခင်က သားငယ်ကို ခေါက်ထီးနဲ့ရိုက်တယ်တဲ့။ အဖက်ကို မလုပ်ဘူးတဲ့။ ဒီဟာမလေး သားယံက သည်းသည်းလှုပ် ချစ်နေမှန်းသိလို့ ကမ်းတက်နေတာပဲဖြစ်မှာပါ။ သင်းက ဘာမို့လို့လဲ၊ သားငယ်ယံမှာ မိန်းကလေးတစ်ယောက် ငြင်းပယ်နိုင်တဲ့ အချက်လေး တစ်ချက်တလေတောင် မရှိပါဘူး။ အရာအားလုံး ပြည့်စုံနေတာပဲ။ ရုပ်ရည်ကလည်း ချောမောနုဖတ်နေပြီး အရပ်အမောင်းက မြင့်မြင့်။ ခန္ဓာကိုယ်က တောင့်တောင့်ဖြောင့်ဖြောင့် ရွှေမှုန်စားပြီး မွေးထားတာလေ။ သားယံကိုကြည့်ပြီး တော်တော်လေး စိတ်မသက်မသာ ဖြစ်နေရတော့၏။ ကြည့်ပါဦး ညှင်းသိုးသိုးမှိုင်ဝေဝေ ဖြစ်နေသည်။

''သားယံရယ် ဘွားကို သနားပါဦးကွယ်၊ ဘွား အသက်ကြီးပါပြီ၊ အချစ်ဆုံးမြေးက ဘာမဟုတ်တဲ့ ကောင်မလေးတစ်ယောက်အတွက် သောကတွေ ခံစားနေရတယ်ဆိုတော့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ကြေကွဲနေရမလဲ"

"ရှင်သခင်ကို လက်ခံပေးပါ မာမီရာနော်၊ သားယံဘဝမှာ ရှင်သခင်က အရေးအကြီးဆုံးပါပဲ၊ ရှင်သခင်ကိုသာ ရမယ်ဆိုရင် သား ဘယ်အရာမဆို စွန့်လွှတ်နိုင်တယ်"

"ဟင်"

ဒေါ်တိမ်ထက်စံ ရင်ဝကို လက်နှင့်ဖိထားရလေသည်။ ဘုရားရေ သားက ဒီကောင်မလေးကို ဒီလောက်အထိ စွဲလမ်းနှစ်သက်နေပြီပဲ။ အမလေး ဘယ်လိုလုပ်ရမလဲနော်။ သမီးကြီးနှစ်ယောက်ကလည်း အနားရောက်လာကြသည်။

"မာမီ ဘာဖြစ်နေတာလဲ"

"သားယံ သားယံကလေ အမလေး မာမီဆက်ပြောလို့တောင် မရတော့ဘူး၊ ရင်ဝမှာ ဆို့တက်နေပြီ"

"မာမီ"

"မာမီ"

ဒေါ်တိမ်ထက်စံ အသက်ကို မောပန်းစွာ ရှူနေရသည်။ မိမိတို့ ဖူးဖူးမှုတ် သည်းသည်းလှုပ် ချစ်မြတ်နိုးနေခဲ့ရတဲ့ သားငယ်





ယံက ရှင်သခင်နှင့် ပတ်သက်လာရင် အရာအားလုံးကို စွန့်လွှတ်မယ်တဲ့။ ဘွားသာ ကြားသွားရင် ရင်ကျိုးရတော့မှာပဲ။

"သားယံ မင်းဘယ်လိုပြောလိုက်တာလဲ၊ မာမီ ရင်ကျိုးတော့မယ်"

"ရှင်သခင့်ကို သားချစ်တာ ဘာဖြစ်လို့လဲ မာမီ၊ သား ချစ်တဲ့မိန်းကလေးကို မာမီတို့အားလုံးက ချစ်လိုက်ရင် ပြီးတာပဲဟာ"

ယံတော့ ရှင်သခင်ကလွဲပြီး ဘယ်လိုမိန်းကလေးမျိုးကိုမှ မချစ်နိုင်ပေ။ သူ့နှလုံးသားတွေထဲမှာ ရှင်သခင်ပဲ ရှိနေသည်။ ဘယ်လိုမှ ပြောင်းလွဲပစ်လို့မရတဲ့ အချက်ပဲ။ ရှင်သခင်ကို သူ့မိသားစုအသိုင်းအဝိုင်းတွေက နှိမ်မှာ၊ အထင်သေးမှာ မလိုလားသော မိန်းကလေးဖြစ်နေသည်။

"ဘာပဲဖြစ်ဖြစ် ပြိုင့်ကိုတော့ သားသွားကြိုရမယ်၊ ခဏနေရင် ဘွား အောက်ကို ဆင်းလာလိမ့်မယ်၊ ဘွား ကျေနပ်အောင်တော့ လိုက်ကြိုပေးပါကွယ်"

ဒေါ်တိမ်ထက်စံ သားကို အချိုသတ်ပြီး ချော့မော့နေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သားကို အတင်းအကြပ်လည်း မတားဆီးရဲပေ။ ဟိုဟာမလေးနောက်ပါသွားမှာလည်း စိုးရိမ်မိသည်။ သားကို မစွန့်လွှတ်နိုင်ပါဘူး။ မိမိတို့ မိသားစုဝင်တွေ အသည်းနှလုံးနှင့် ထပ်တူထပ်မျှ ချစ်မြတ်နိုးရသည်။ မေမေဒေါ်မဟာစံကလည်း အောက်သို့ဆင်းလာ၏။ မြေးအပေါ် သည်းသည်းအလှုပ်ဆုံးပါပဲ။ နာမည်နှင့်လိုက်ဖက်စွာ မဟာဆန်ဆန် ချောမောနေလေသည်။

"မြေးလေး"

"ဘွား"

"တူယှဉ်ပြိုင်ကို သွားကြိုရမယ်"

"ဘွား"

"ပြော"

"မြေးချစ်တာက ရှင်သခင်နော်"

"ဟင်"

"ယံ ရှင်သခင်ကလွဲပြီး တခြားဘယ်လိုမိန်းကလေးမျိုးကိုမှ မချစ်နိုင်ဘူး၊ လက်ထပ်မှာလည်း မဟုတ်ဘူး"

မြေးရဲ့ပြတ်သားမှုကြောင့် ဒေါ်မဟာစံ အထိတ်တလန့်နှင့်





မျက်လုံးပြူး၊ မျက်စံပြူး ဖြစ်သွားရလေသည်။ ဘုရားရေ မြေးလေး ဘယ်လိုပြောလိုက်တာလဲ။ ဘာအဆင့်မှမရှိတဲ့ ကောင်မလေး တစ်ယောက်ကိုမှ စွဲလမ်းနှစ်သက် နေရတယ်လို့ မြေးလေးကိုလည်း အတင်းအကြပ် မပြောရဲပေ။ မြေးလေးကို လက်လွှတ်ဆုံးရှုံးရမှာ အကြောက်ဆုံးဖြစ်နေလေသည်။

"တူယှဉ်ပြိုင်ကိုပဲ သွားကြိုကြရအောင်ကွယ်၊ မြေးလေး ချစ်ချင်တဲ့သူကို ချစ်ပါ၊ လာ သွားကြမယ်"

သားသမီး မြေးတွေကို မသိမသာ မျက်နှာရိပ်မျက်နှာကဲ ပြပြီး ထွက်လာခဲ့ကြလေသည်။ ရှင်သခင် ညည်းက ဘယ်လို ကောင်မလေးလဲအေ။ ကျုပ်တို့က ရွေးလို့ဥထားတဲ့ မြေးလေးကို ဒီလောက်အထိ လွှမ်းမိုးချုပ်ကိုင် ထားနိုင်နေတာပါလား။ အမလေး စိတ်တွေပူလိုက်တာ။ ဒီလိုဟာမလေးမျိုးတော့ သဘောမတူပါဘူး။ သင်းက မာနကြီးနေလိုက်တာ ဘာမို့လို့လဲ။ ဒေါ်မဟာစံတို့ မိသားစုဝင်တွေ စိတ်ထဲမှာ အခဲမကျေနိုင်ဘဲ ဖြစ်နေရသည်။

"တိမ်စံ"

"ရှင် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"မြေးလေးကို ဘာမှအတင်းအကြပ် မပြောကြနဲ့နော်၊ ဟိုဟာမလေးဘက် ပါသွားဦးမယ်"

"ဟုတ်ကဲ့ပါ"

"ညည်းသားသမီးတွေကိုလည်း မှာထားဦးနော်၊ အခြေအနေကြည့်နေကြ"

"ဟုတ်ကဲ့ပါ"

လေယာဉ်ကွင်းကိုရောက်တော့ မြေးလေးမျက်နှာက ရှုတင်းတင်းလေးဖြစ်နေ၍ ဒေါ်မဟာစံ ချော့နေရသည်။ တူယှဉ်ပြိုင်က မိမိသူငယ်ချင်းရဲ့ မြေးမလေး တစ်ဦးတည်းသောသမီးလေးပါ။ မြေးနှင့် နီးစပ်စေရန် နိုင်ငံခြားမှ လာရောက်လည်ပတ်စေခြင်းပင်။ မြေးကိုလည်း အလိုက်အထိုက် ဆက်ဆံဖို့ တတွတ်တွတ်မှာနေရသည်။

"မြေးလေးရဲ့ဆန္ဒကို ဘွားတို့ လုံးဝမကန့်ကွက်ဘူးနော်၊ ရှင်သခင်ဆိုတဲ့ ကောင်မလေးက မြေးကိုမှ မကြိုက်တာပဲ၊ ဘွားမိတ်ဆွေရဲ့မြေးမလေး လာလည်တာကိုတော့ မြေး ကောင်းကောင်းမွန်မွန် ဆက်ဆံပေးပါကွယ်နော်"





ဘွားမဟာစံကိုလည်း စိတ်မကောင်း မဖြစ်စေလို၍ ယံခေါင်းညိတ်ပြလိုက်မိသည်။ တူယှဉ်ပြိုင် မင်း ဘယ်လိုကောင်မလေးမျိုးပဲဖြစ်ဖြစ် ကိုယ်ကတော့ ရှင်သခင်မှ ရှင်သခင်ပဲ။ ဘယ်လိုဘဝက ရေစက်တွေမှန်း မသိပါဘူး။ ရှင်သခင်ကိုမှမရရင် သေတော့မလားပဲ။ သူ့အသည်းနှလုံးတွေ အသက်ခန္ဓာနှင့် ထပ်တူချစ်နေသည်။ ရှင်သခင်ရဲ့ အချစ်တွေကို ရမယ်ဆိုရင် အသက်တောင်ပေးဝံ့ပါတယ်။ မင်း ယုံရဲ့လား ရှင်သခင်ရယ်။ စက္ကန့်မလပ်အောင် ရှင်သခင့်ကိုပဲ တမ်းတလွမ်းဆွတ်နေသည်။

"ဟိုမှာ တူယှဉ်ပြိုင်လေး လာနေပြီ"

သူ့အကြည့်တွေက စိတ်မပါသလိုဖြင့် တူယှဉ်ပြိုင်ဆိုတဲ့ ကောင်မလေးဆီ ရောက်သွားရသည်။ ခေတ်မီလွန်းနေသော ခပ်သွက်သွက်ခြေလှမ်းတွေနှင့် လျှောက်လာနေသည်။

"ပြိုင် မြေးမလေး ချောလာလိုက်တာကွယ်၊ ချစ်စရာလေး"

ဘွားမဟာစံက အသည်းဆုံး ဖြစ်နေလေသည်။ တူယှဉ်ပြိုင်လက်ကို ဆုပ်ကိုင်ထား၏။ မိသားစုဝင်ဝိုင်းပြီး နှုတ်ဆက်နေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြတာ။ ယံကတော့ အေးအေးဆေးဆေး ရပ်နေသည်။

"မြေးလေး ဒီမှာ တူယှဉ်ပြိုင်လေ၊ ပြိုင်တဲ့ အရမ်းကို ချစ်စရာကောင်းတာပဲ"

တူယှဉ်ပြိုင်နှင့် မျက်နှာချင်းဆိုင် ဖြစ်သွားရသည်။ ခေတ်ဆန်လွန်းနေသည်ဟု ထင်ပါ၏။ ရှင်သခင့်လို အေးချမ်းမနေဘူး။ ရင်မခုန်ပါဘူး။ သူမအကြည့်ကလည်း ရဲတင်းနေသည်။

"ပြိုင် ဒါက ဘွားမြေးလေး ကောင်းကင်ယံတဲ့၊ ယံလို့ပဲ ရင်းရင်းနှီးနှီးခေါ်နော်"

"ဟုတ်ကဲ့"

"ဘာမှအားနာစရာ မလိုဘူးနော်၊ ပြိုင် လိုအပ်တာတွေ ပြော ယံကတာဝန်ယူလိမ့်မယ်"

"အိုကေ"

ကောင်းကင်ယံဆိုတဲ့ လူကိုတော့ ပြိုင် အတော်လေး စိတ်ဝင်စားသွားရလေသည်။ ချောသားပဲ။ ယောကျ်ားပီသနေ၏။ သူ့နှုတ်ခမ်းတွေ၊ နှာတံတွေ၊ မျက်ဝန်းတွေ၊ ပြိုင် တွေ့ခဲ့ဖူးတဲ့ လူတွေထဲမှာ ရင်ခုန်လှုပ်ရှားချင်စရာ အကောင်းဆုံးပဲ။





"ယံ့ကိုတော့ ပြိုင် အရမ်းခင်သွားပြီနော်၊ အိုကေ ယံ အကူအညီပေးရမယ်"

"ကိုယ်က သိပ်မအားဘူး"

"ဟင်...ယံက စီးပွားရေးလုပ်ငန်းတွေ လုပ်နေလို့လား"

"ကိုယ်က ကိစ္စတွေများတတ်တယ်၊ အားချင်မှအားတာ"

"မကူညီချင်လို့လား"

"မဟုတ်ပါဘူး"

"ဟဲ့...လာကြလေ။ အိမ်ကျမှ ပြောကြပါ၊ ပြိုင်လေး လာ ဘာမှအားမငယ်နဲ့၊ အစ်မတွေရှိတယ်၊ ပြိုင် ပျော်ရွှင်စေဖို့ ဘွား အားလုံးတာဝန်ယူတယ်"

ဘွားမဟာစံက အားလုံးကို ထိန်းထိန်းသိမ်းသိမ်း လုပ်နေရလေသည်။ မြေးရဲ့ အေးစက်စက် အမူအရာအတွက် အားမလို အားမရဖြစ်နေရ၏။ ပြိုင်ကတော့ မြေးကို စိတ်ဝင်စားပုံပါပဲ။ အားလုံးပြန်လာကြသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ယံ"

"ဟင်"

"ရှင်ဘာဖြစ်နေတာလဲ၊ မျက်ဝန်းတွေက ညှိုးမှိုင်နေသလိုပဲ၊ မပျော်မရွှင်နဲ့ ဒီလောက်ချမ်းသာကြွယ်ဝပြီး အရာအားလုံး ပြည့်ဝနေတဲ့ ရွှေမင်းသားလေးမှာ ဘာများအလိုမကျစရာတွေ ရှိနေရတာလဲ ဟင်"

ရှောပင်နီနှင့် ဖြူဖွေးဖြောင့်စင်းနေတဲ့ ပေါင်တံတွေကို ချိတ်ပြီးထိုင်နေတဲ့ တူယှဉ်ပြိုင်ကို ယံ နည်းနည်းလေးမှ သဘောမကျပါပေ။ ရှင်သခင်နဲ့ တခြားစီပဲ။ အရမ်းဣန္ဒြေရှိပြီး လှပချောမောလွန်း





သည်။ ယံ့လို ယောကျာ်းတစ်ယောက်ကိုပင် အထင်မကြီးဘဲ မာနပြနိုင်တဲ့ မိန်းကလေးမျိုးပါ။ ယံ့နှလုံးသားတွေထဲမှာ ရှင်သခင်ပဲ ရှိနေသည်။ ဘယ်လိုအရာမျိုးကမှ သူ့ရင်ခွင်ထဲမှ ရှင်သခင့်ကို ဖယ်ရှားပစ်၍ရမှာမဟုတ်ပေ။

"ယံ"

"ဟင်"

"ပြိုင် အပြင်ထွက်မယ်"

"ကိုယ် သွားစရာရှိနေတယ်၊ မမတို့နဲ့သွားပါလား"

"ဟင့်အင်း"

သူမအား စိတ်မဝင်စားသလို အမူအရာတွေ အေးစက်နေတဲ့ ယံ့ကို ပြိုင် မကျေနပ်သလို ဖြစ်လာရသည်။ ပြိုင်က ချောမောပြီး တောင့်ဖြောင့်တဲ့ မိန်းကလေး။ မြင်ရသူတိုင်းက စိတ်လှုပ်ရှားတိမ်းညွတ်ယစ်မူး ခဲ့ရလေသည်။ ဟွန်း ရှင်က အေးစက်နေတယ်။ မရဘူးလေ။ မာမီက ပြောပြလိုက်တယ် ကောင်းကင်ယံ။ သမီးနဲ့ လက်ထပ်ပေးဖို့ လူကြီးချင်း သဘောတူထားတာတဲ့။ သမီး အကဲခတ်ခဲ့တဲ့။ နီးစပ်အောင် တမင်လွှတ်ပေးတာတဲ့။ ယံ ရှင့်ကို



www.burmeseclassic.com

www.burmeseclassic.com



တော့ ပြိုင် သဘောကျသွားပြီ။ ရှင်က ပြိုင့်စိတ်ကူးယဉ်အိပ်မက်ထဲက ရွှေမင်းသားလေးပဲ။

"ယံ့ကို ဘွားက တာဝန်ပေးထားတယ်လေ၊ ပြိုင်သွားချင်တဲ့နေရာတွေ လိုက်ပို့ပေးရမယ်"

ဘွားက ပြိုင်ရောက်နေတုန်း လိုလေသေးမရှိအောင် တာဝန်ယူပေးရင် ရှင်သခင်နဲ့ လက်ဆပ်ဖို့ မကန့်ကွက်ဘူးတဲ့။ ပြိုင်က နှစ်လလောက်ပဲ နေမှာတဲ့။ ယံ မလွှဲရှောင်သာတော့သဖြင့် တူယှဉ်ပြိုင်ကို သွားချင်ရာ လိုက်ပို့ရတော့မည်ဖြစ်သည်။ ယံ စိတ်ညစ်နေမိ၏။ တူယှဉ်ပြိုင်ပုံစံကလည်း မလုံတလုံနှင့် ယံ စိတ်ပျက်မိနေသည်။

"လာပါ ယံရယ်၊ ပြိုင်က နှစ်လလောက်ပဲ နေမှာပါ၊ အိမ်ရှင်က ဧည့်ဝတ်ကျေရမှာပဲနော်"

ယံ စိတ်မပါပေမဲ့ အဘွားကျေနပ်စေရန် တူယှဉ်ပြိုင်သွားချင်တဲ့နေရာတွေကို လိုက်ပို့ပေးနေရသည်။ တူယှဉ်ပြိုင်သာ ရှင်သခင်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ။ ယံ အရမ်းပဲ ပျော်ရွှင်နေမှာပါ။ တူယှဉ်ပြိုင်ကိုတော့ ယံ စိတ်မဝင်စားပေ။ ရှုပါ





မှာ့ကတ်တွေ တစ်ခုပြီးတစ်ခုဝင်ပြီး ပစ္စည်းတွေ ဝယ်နေသည်။

"ကျွန်မက ဘဝကို ရပ်တည်နိုင်ဖို့ ကြိုးစားနေရတာပဲ ကိုကောင်းကင်ယံ၊ ကျွန်မ တောင်းပန်ပါတယ်၊ လာပြီးမနှောင့်ယှက်ပါနဲ့"

ရှင်သခင့်အသံလေးက မာဆတ်ပြတ်တောက်နေသည်။ အိုက်တင်ခံနေတာ မဟုတ်ဘဲ တကယ်ပဲ ငြင်းဆန်နေတာပါ။

"ယံ"

"ဟင်"

"ပြိုင် အနားမှာရှိနေတာရော သတိမှရသေးရဲ့လားကွာ"

ပြိုင်က သူ့လက်မောင်းတွေကို ဖက်တွယ်ထားရင်း ခပ်ညှုညှုလေး မေးနေလေသည်။ ယံ ဖယ်ထုတ်ပစ်ချင်နေ၏။ ပြိုင်က ရဲတင်းသည်။ သွက်လက်၏။ ချမ်းသာသည်။ ပျော်ရွှင်နေ၏။ ရှင်သခင်ရယ် မင်းကို အဲဒီလို ပျော်ရွှင်ပြည့်စုံတဲ့ ဘဝလေးကို ပိုင်ဆိုင်စေချင်တယ်။ ကိုယ် ဘာကိုမှ ဂရုမစိုက်ပါဘူး။ မင်းကိုပဲ လက်ထပ်မှာပါ။ ကိုယ် ဘယ်အရာကိုမဆို မင်းနဲ့လဲနိုင်တယ်။ စွန့်လွှတ်နိုင်တယ်။ မင်းပဲ ကိုယ့်အတွက် တန်ဖိုးအကြီးမားဆုံးပဲကွာ။



www.burmeseclassic.com

www.burmeseclassic.com



“ယံ”

“ဟင်”

“ရှင့်စိတ်တွေ ဘယ်ရောက်နေတာလဲ”

“အပြင်”

“ဘာ”

“ကိုယ် အရမ်းချစ်မြတ်နိုးရတဲ့ ကောင်မလေးတစ်ယောက်ဆီကို”

“ဘာ”

ဖြိုင့်မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရပြီး ယံ့ကို ကြည့်လိုက်မိသည်။ ယံ ချစ်မြတ်နိုးတဲ့ ကောင်မလေးတဲ့။ ဘယ်သူလဲ။ ဘယ်ကမိန်းကလေးလဲ။

“ရှင် ချစ်မြတ်နိုးတဲ့ မိန်းကလေးက ဘယ်သူလဲ ပြောလေ”

“ရှင်သခင်”

“ဘာ”

“ရှင်သခင်လေ”





“ဘယ်ကရှင်သခင်လဲ၊ ရှင့်အသွားလည်း ဘာမှမပြောပါလား”

“အဲဒါက ကိုယ်ချစ်မြတ်နိုးတဲ့ မိန်းကလေးလေ”

တူယှဉ်ဖြိုင် သိသွားအောင် တမင်ပြောလိုက်တာပါ။ သူ့ကို ညှုတုတုလုပ်နေတဲ့ တူယှဉ်ဖြိုင် လုပ်ရပ်တွေကို တားဆီးဖို့ပင်ဖြစ်သည်။

“လူကြီးတွေက သဘောမတူဘူးပေါ့ ဟုတ်လား”

“အင်း”

“ဒါဆို”

“ကိုယ်ကတော့ ရှင်သခင်ကို လက်ထပ်မယ်၊ ဘယ်လိုအကြောင်းမျိုးတွေနဲ့မှ ရှင်သခင်ကို မစွန့်လွှတ်ဘူး တူယှဉ်ဖြိုင်”

“အဟက်”

“မရယ်နဲ့”

“ဖြိုင့်ကို မာမီက ကောင်းကင်ယံနဲ့ နီးစပ်အောင်လို့ မြန်မာပြည်ကို လွှတ်လိုက်တာလေ”

“ဘာ”



www.burmeseclassic.com

www.burmeseclassic.com



''ယံ သိရဲ့လား၊ ဘွားက မပြောဘူးလားဟင်''

တူယှဉ်ပြိုင်ဆိုတဲ့ မိန်းမကတော့ ရှင့်ကို လက်မလွှတ်နိုင်အောင် ချစ်သွားပြီနော် ကောင်းကင်ယံ။ ရှင်က ပြိုင့်စိတ်ကူးယဉ်ကမ္ဘာလေးထဲက ရွှေမင်းသားလေးလေ။ ဘယ်လိုမိန်းကလေးမှ ပြိုင့်လက်ထဲကနေ လုယူခွင့်မပေးနိုင်တော့ဘူး။ တူယှဉ်ပြိုင် နှုတ်ခမ်းသားလေးက တင်းမာစူတင်းနေလေသည်။ နိုင်ငံခြားကနေလာတုန်းက ခပ်ပေါ့ပေါ့လေးပါပဲ။ ဘာမှအလေးအနက် မထားခဲ့။ အခုတော့ ကောင်းကင်ယံက တူယှဉ်ပြိုင်ကို လွှမ်းမိုးသွားပြီ။ သွေးဆောင်ညှို့ယူ ထားနိုင်ပြီလေ။ ရှင်သခင်က ဘယ်လောက်များ ချောမောလှပနေလို့လဲ။ ပြိုင်နှင့်လာပြီး ပြိုင်ဘက်ဖြစ်နေရအောင် ရှင်သခင်က ဘာလဲ။

''ပြိုင်ကတော့ သဘောတူလိုက်ပြီ''

''ဘာ''

''ယံနဲ့လက်ထပ်ဖို့လေ''

''တူယှဉ်ပြိုင်''

''ယံ့ကိုတွေ့ပြီးတော့ ပြိုင် သဘောတူလက်ခံဖို့ ဆုံးဖြတ်





လိုက်တာပဲ''

တူယှဉ်ပြိုင်ရဲ့ နှုတ်ခမ်းသားလေးတွေက တင်းတင်းလေးစေ့နေလေသည်။ ကောင်းကင်ယံဆိုတဲ့လူက ဒီလောက်ချောမောခန့်ညားနေတာပဲ။ တူယှဉ်ပြိုင်ကလည်း ကောင်လေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ ကောင်မလေးတစ်ယောက်ပါပဲနော်။ ကောင်းကင်ယံကတော့ တူယှဉ်ပြိုင့်နှလုံးသားကို လှုပ်ခတ်စေတဲ့ ယောကျ်ားလေး တစ်ယောက် ဖြစ်နေသည်။

''ရှင်သခင့်ကို မေ့ပစ်လိုက်တော့''

''ဟင်''

''ရှင့်အနားမှာ တူယှဉ်ပြိုင်ဆိုတဲ့ မိဘတွေသဘောကျ ရုပ်ချောဥစ္စာပေါ၊ ဘယ်လောက်လိုက်ဖက်မဲ့ စုံတွဲလဲ၊ လူကြီးမိဘတွေလည်း အားလုံးစိတ်ချမ်းသာကြမှာပဲ၊ တင့်တယ်လိုက်ဖက်ပနာရ''

''တူယှဉ်ပြိုင်''

''ပြော''

''ရှင်သခင်က ကိုယ့်ရဲ့နှလုံးသားပဲ၊ အသက်ပဲ၊ ဘယ်အရာနဲ့မှ မလဲနိုင်ဘူး၊ ကိုယ့်အတွက် အရမ်းတန်ဖိုးကြီးမားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ရှင်သခင်ကလွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်ဘူး"

"မရဘူး"

တူယှဉ်ပြိုင်ကတော့ လုံးဝအလျှော့မပေးနိုင်ပါဘူး။ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ကိုမှ ကောင်းကင်ယံက စွဲလမ်းနှစ်သက်နေတာ တူယှဉ်ပြိုင် လက်မခံနိုင်ပါဘူးနော်။ ရှင်သခင်ဆိုတဲ့ မိန်းမကို တူယှဉ်က အရှုံးပေးရမှာလား။ ယံ(ဂ) အရမ်းချောမောသူ၊ တူယှဉ်ပြိုင်ရဲ့ စိတ်ကူးယဉ် အိပ်မက်ထဲက ရွှေမင်းသားလေးပါ။

"ပြိုင် နိုင်ငံခြားကနေ ဒီကိုရောက်လာတာ ယံနဲ့လက်ထပ်ပေးဖို့ လူကြီးတွေက အတင်းအကြပ်ခေါ်လို့လေ"

"ကိုယ်ကမှ လက်မခံတာပဲ၊ ကိုယ်က ရှင်သခင့်ကိုပဲ လက်ထပ်မှာ"

"ဒီလောက်ဆင်းရဲနွမ်းပါးပြီး အောက်တန်းစား ကောင်မလေးကိုများ"

"တူယှဉ်ပြိုင်"

သူ ဒေါသတကြီးနှင့် အော်ဟစ်တားဆီးလိုက်လေသည်။ ရှင်သခင့်ကို ထိပါးလို့ကတော့ ဘယ်လိုလူမျိုးကိုမှ သည်းမခံနိုင်ပါ





ဘူး။ တူယှဉ်ပြိုင်နှင့် ဆက်ပြီးမနေချင်တော့ပေ။ သူ ထလိုက်သည်။

"မင်းဟာမင်း ပြန်တော့၊ ဒီနေ့ကစပြီး ကိုယ်နဲ့လာပြီး ပတ်သက်စရာမလိုတော့ဘူး၊ မင်းကိုလည်း လူကြီးတွေ ဘယ်လောက်ပဲသဘောတူနေပါစေ လက်မထပ်ဘူး"

"ရှင်"

တူယှဉ်ပြိုင့်မျက်ဝန်းတွေက ဒေါသတကြီးနှင့် သူ့ကို ကြည့်နေသည်။ သူ ထွက်လာခဲ့၏။ ဒီမိန်းမနှင့် လုံးဝမျက်နှာချင်းမဆိုင်လိုတော့ပေ။ ရှင်သခင်က သူ့နှလုံးသားထဲက ဧကရီမလေးပါပဲ။ ဘယ်လိုအရာမျိုးကိုမဆို သူ စွန့်လွှတ်မည်။ တူယှဉ်ပြိုင် ဘယ်လောက်ချမ်းသာပြီး ဂုဏ်ဒြပ်တွေ ပြည့်စုံနေပါစေ သူ လုံးဝအထင်မကြီးပါ။ တူယှဉ်ပြိုင်က သူ့နောက်သို့ အပြေးလေး ရောက်လာသည်။

"ယံ"

"ပြော"

"ရှင်သခင့်ကို ရှင် အပျော်သဘောပဲ ထားလိုက်ပါ၊ ပြိုင် လက်ခံတယ်၊ ငွေပေးလိုက်မလေ၊ ဒီလိုဟာမလေးတွေက ငွေပေး



www.burmeseclassic.com

www.burmeseclassic.com



ရှင် အားလုံးအိုကေပါ ယံရယ်နော်"

"ဘာ"

"လူကြီးတွေက သဘောမှမတူကြတာပဲ၊ အားလုံးစိတ်ဆင်းရဲရမယ်လေ၊ ယုံ့အသွားကို ယံ မသနားတော့ဘူးလား၊ ဒီလို နိမ့်ကျတဲ့ဟာမလေးကို ဘယ်သူက ချွေးမတော်ချင်မှာလဲလို့"

"မင်း...မင်း ဘာမှဆက်မပြောနဲ့တော့ တူယှဉ်ပြိုင်၊ ငါ သတ်မိလိမ့်မယ်၊ မင်းကို ငါကိုယ်တိုင် သတ်ပစ်မိတော့မယ်"

တူယှဉ်ပြိုင့် ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ခါပြီး ဒေါသတကြီး တုံ့ပြန်ပစ်လိုက်မိသည်။ သူ့ဒေါသတွေကို ထိန်းချုပ်ပြီး ကားမောင်းထွက်လာခဲ့၏။ ဒီမိန်းမနဲ့ မပတ်သက်ချင်တော့ဘူး။ ရှင့်သခင့်ကို စော်ကားလွန်းတာ ယံ ဘယ်လိုနည်းနှင့်မှ လက်မခံနိုင်ပေ။ တူယှဉ်ပြိုင် ဘယ်လောက်ပဲ ချမ်းသာပြီး ဂုဏ်ဒြပ်တွေ မြင့်မားနေပါစေ သူ လုံးဝအထင်မကြီးမိ။ ရှင်သခင့်ကို နှိမ့်နှိမ့်ချချ ပြော၍လည်း ဒေါသတွေ ထွက်နေရသည်။ ရှင့်သခင်ကို လုံးဝမထိနဲ့နော်။ ကားကိုလည်း ဒေါသတကြီး မောင်းထွက်လာခဲ့မိလေသည်။

* * *



## အခန်း (၉)

"ရှင်သခင်"

"ဟင်"

သူမ မျက်ဝန်းလေးတွေက ရုတ်ချည်းတင်းမာ ခက်ထန်သွားရလေသည်။ လာပြီးနောင့်ယှက်ပြန်ပြီလား။ ကောင်းကင်ယံဆိုတဲ့လူ သူမရှေ့မှာပိတ်ကာ ရပ်နေ၏။ အလိုမကျသော၊ မနှစ်သက်သော မျက်ဝန်းလေးများဖြင့် ကြည့်ပစ်လိုက်မိသည်။

"ကိုယ့်ကို မင်းရဲ့လက်ဆွဲခြင်းလေးပေးပါ၊ ကိုယ် ကိုင်ပေးချင်တယ်"

"ဘာဆိုင်လို့ ပေးရမှာလဲ၊ ရှင့်ကို ပြောထားပြီးပြီနော်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို လိုက်ပြီးမနှောင့်ယှက်ပါနဲ့တော့လို့"

"ကိုယ်လက်မခံနိုင်ဘူး"

"ဘာရှင့်"

"ရှင်သခင့်ကို ကိုယ် ဘယ်လိုအနေအထားပဲဖြစ်ဖြစ် မစွန့်လွှတ်နိုင်ပါဘူး"

"ရှင်"

ရှင်သခင် အတော်လေး စိတ်ပျက်နေမိလေသည်။ ဘယ်လိုလုပ်မှ သူက နောက်ဆုတ်သွားမှာလဲ။ စိတ်ညစ်လိုက်တာနော်။ ရှင်သခင် သွားလေရာနောက်ကို တကောက်ကောက် လိုက်နေလေသည်။ ကောင်းကင်ယံဆိုတဲ့လူကို ရှင်သခင် မချစ်ပေ။ အထင်လည်း မကြီးပါဘူး။ သူတို့လို ချမ်းသာတဲ့ အသိုင်းအဝိုင်းတွေက ရှင်သခင်လို ကောင်မလေးမျိုးကို သူတို့ရဲ့သားနဲ့ သဘောတူမှာ မဟုတ်ကြပေ။ အထင်အမြင်သေးပြီး လာနှိမ့်ချဆက်ဆံကြမှာပဲလေ။ အဲဒီလိုမျိုး ရှင်သခင် အဖြစ်မခံနိုင်ပါဘူး။ ပြီးတော့ ရှင်သခင်က စရိုက်ကြမ်းတမ်းပြီး သူမအပေါ် နည်းနည်းမှ စေတနာမေတ္တာ မရှိတဲ့ ဦးလေးမိန်းမအိမ်မှာ ကပ်နေရတာပါ။





"ဒီမှာ ရှင့်ကို ကျွန်မ အပြတ်သားဆုံး ပြောထားပြီးပြီပဲ၊ လုံးဝလက်မခံနိုင်ပါဘူးလို့"

သူ့မျက်ဝန်းတွေက ရိဝေစိုစွတ် ကြေကွဲနေလေသည်။ ရှင်သခင်ကလည်း လုံးဝတင်းမာနေမိ၏။ ဒီလိုလူမျိုးတွေနဲ့ အစောကြီးထဲက မပတ်သက်တာ အကောင်းဆုံးပါပဲ။ ရှင်သခင် ပျော့ညံ့လို့ မဖြစ်ဘူး။ ပြဿနာတွေဖြစ်လာရင် ဘယ်လိုလုပ်ပြီး ဖြေရှင်းမလဲ။ ရှင်သခင်မှာ ဦးလေးအိမ်ကလွဲပြီး တခြားနားခိုစရာမှ မရှိတာပဲ။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ဖို့ဆိုတာကလည်း မလွယ်သေးပေ။ စိတ်ညစ်လိုက်တာနော်။ သေချင်တာပဲ။ ရပ်ကွက်ထဲမှာလည်း ရှင်သခင် အရှက်တကွဲဖြစ်မှာ စိုးမိသည်။

"ရှင့်ကို ဘယ်လိုနည်းနဲ့မှ ကျွန်မ လက်မခံနိုင်ဘူး၊ မချစ်ဘူး၊ အဲဒါကျွန်မရဲ့ အဖြေပဲ၊ ကျွန်မ အိုက်တင်ခံနေတာမဟုတ်ပါဘူး၊ မဖြစ်နိုင်လို့ပါ၊ ကျွန်မကို အရှက်တကွဲဖြစ်အောင် မလုပ်ပါနဲ့နော်"

"မင်းကို အရှက်တကွဲဖြစ်အောင် လုပ်နေတာ မဟုတ်ပါဘူး ရှင်သခင်ရယ်၊ ကိုယ် အရမ်းချစ်မြတ်နိုးနေမိလို့ပဲ၊ ဘယ်ဘဝက



www.burmeseclassic.com

www.burmeseclassic.com



ရေစက်တွေလည်း မသိဘူးကွာ၊ ကိုယ် မင်းကို ချစ်နေတယ်၊ မြတ်နိုးနေတယ်၊ ပိုင်ဆိုင်ချင်နေတယ်"

"ဒုက္ခပါပဲ"

"ကိုယ် ဆုံးဖြတ်ပြီးပြီ၊ မင်းကို ရယူပိုင်ဆိုင်ဖို့ အမြဲတမ်းကြိုးစားနေမှာပဲ၊ မင်းအတွက် ကိုယ် အရာအားလုံးကို စွန့်လွှတ်ရဲတယ်၊ ကိုယ့်မိဘအသိုင်းအဝိုင်း၊ စည်းစိမ်ချမ်းသာတွေ"

"ကောင်းကင်ယံ"

"ပြောပါ ရှင်သခင်"

"ရှင်တကယ်ပဲ အဲဒီလိုဆုံးဖြတ်ထားလား"

"အင်း"

"ဒါဆို ရှင့်မိဘတွေကို ကျွန်မဦးလေးဆီ လာပြီးတောင်းခိုင်းလိုက်လေ၊ အကြီးကျယ်ဆုံး အခမ်းနားဆုံး မင်္ဂလာပွဲကြီး ကျင်းပပေးရမယ်၊ ကျွန်မကို တိုက်နဲ့ခြံနဲ့ သီးသန့်ထားရမယ်၊ ဘယ်လိုလဲ"

ကောင်းကင်ယံ မလိုက်လျောနိုင်တဲ့ အခြေအနေကို ရှင်သခင် တောင်းဆိုပစ်လိုက်လေသည်။ ကောင်းကင်ယံတို့ အသိုင်းအဝိုင်းဘက်မှ လုံးဝလက်ခံမှာ မဟုတ်ဘူးဆိုတာ သိ၍ဖြစ်၏။





ကောင်းကင်ယံရဲ့မျက်ဝန်းတွေက ဝင်းလက်တောက်ပ သွားလေသည်။

"မင်းတကယ်ပြောတာလား ရှင်သခင်၊ ကိုယ့်အချစ်တွေကို မင်းလက်ခံပြီပေါ့"

"ကျွန်မ တောင်းဆိုတဲ့ အခြေအနေတစ်ခုကို ရှင် ဖြည့်ဆည်းပေးနိုင်ရင်ပေါ့"

"တကယ်နော်"

"အင်း"

"ဟာကွာ...ကိုယ်အရမ်းကို ဝမ်းသာသွားပြီ"

သူ ဝမ်းသာအားရနှင့် ရှင်သခင့်လက်ကလေးကို ဆုပ်ကိုင်ဖျစ်ညှစ်ထားလေသည်။ သူမ အထိတ်တလန့်နှင့် ရုန်းဖယ်ပစ်လိုက်ရ၏။ ကောင်းကင်ယံရဲ့ မျက်ဝန်းတွေက ပျော်ရွှင်ဝင်းလက်နေပြီး အချစ်ရိပ်တွေ ပြည့်ဝစွာ ထင်ဟပ်နေသည်။ မဖြစ်နိုင်ပါဘူး။ ကောင်းကင်ယံရဲ့ မိဘတွေက ဒီလောက်ချမ်းသာပြီး ဂုဏ်ဒြပ်ကြီးမြင့်ကြတာပဲ။ အမွေဖြတ်ခံရမှာတောင် အသေအချာပဲ။ ရှင်သခင်ကလည်း မဖြစ်နိုင်တာကိုပဲရွေးပြီး တောင်းဆိုပစ်လိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ယံ သူမနောက်မှ တကောက်ကောက်လိုက်နေတာ အမြန်ဆုံး ရပ်တန့်သွားစေချင်ပါသည်။

"ကျွန်မကိုချစ်လို့၊ လက်ထပ်လို့ အမွေဖြတ်တာတွေ၊ မတူမတန်ဘူးလို့ လာပြောခံရတာတွေ၊ နှိမ့်ချဆက်ဆံတာမျိုးတွေ လုံးဝလက်မခံနိုင်ဘူးနော်"

"ရှင်သခင် မင်းဆန္ဒတွေအားလုံး ပြည့်စေရမယ်၊ ကိုယ် စွမ်းဆောင်ပေးနိုင်ပါတယ်၊ ဘွားရော၊ မာမီရော၊ အားလုံး ကိုယ့်ဆန္ဒပဲ အဓိကထားကြတယ်လေ"

ရှင်သခင် ပြောမိတာပင် မှားသွားပြီလားဟု ထင်မိသွားရသည်။ ကောင်းကင်ယံက သူမဆွဲခြင်းကိုလုပြီး ကိုင်ထား၏။ ရှင်သခင် ဘယ်လိုလုပ်ရမလဲ။ အင်းလေ သူစိတ်ကူးယဉ်တာပါ။ ဘယ်လိုမိဘက သူမနဲ့ သဘောတူလက်ခံမှာလဲ။ စိတ်မောလိုက်တာ ကောင်းကင်ယံရယ်။ ရှင်သခင်က နိမ့်နိမ့်ကျကျ ကောင်မလေးတစ်ယောက်ပါနော်။ ရှင်သခင် အလုပ်ဆင်းနေတဲ့ ကုမ္ပဏီရောက်တော့ သူ့ဆီက ခြင်းတောင်းကို ပြန်ယူလိုက်သည်။

"ဒီမှာ"





"ဟင်"

"ကျွန်မတောင်းဆိုတဲ့ အခြေအနေမျိုး မရောက်မချင်း ကျွန်မနဲ့လာပြီး မပတ်သက်ပါနဲ့"

"မရဘူး"

"ဘာရှင့်"

"ကိုယ် ညနေလာကြိုမယ်၊ ဘတ်စ်ကားစီးပြီး ပြန်မယ်"

"ဘာလဲ ရှင်က ကျွန်မနဲ့ ဘတ်စ်ကားလိုက်စီးပြီး ကျွန်မဘဝမှာပဲ ရှင်လည်းနေမယ်ဆိုတဲ့ သဘောလား"

"မဟုတ်ပါဘူး ရှင်သခင်၊ မင်းကို တစ်နေ့မတွေ့ရရင် ကိုယ်မနေနိုင်လို့ပါ"

"ရှင့်ကို ရပ်ကွက်ထဲကလူတွေက ဝိုင်းရိုက်ကြမှာနော်"

"ရိုက်ရိုက်ကွာ၊ မင်းကိုကြိုဖို့ လက်မခံရင်လည်း ရပ်ကွက်လေးကို ငေးကြည့်နေမယ်"

"ရှင် အရူးမထစမ်းပါနဲ့"

"ကိုယ်တကယ်ပြောတာပါ၊ အဲဒါ ကိုယ့်ရင်ထဲက ခံစားချက်တွေပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"သေချင်လိုက်တာ"

"ကိုယ် မကြာခင် မင်းရဲ့တောင်းဆိုမှုတွေကို ဖြည့်စွမ်းပေးနိုင်အောင် ကြိုးစားမယ်၊ ဖြစ်ကိုဖြစ်စေရမယ် ရှင်သခင်၊ ကိုယ် မင်းကို ရယူပိုင်ဆိုင်နိုင်အောင် ကြိုးစားမယ်"

"ကျွန်မ သွားတော့မယ်"

ရှင်သခင် ဝင်သွားလေသည်။ မင်း မာနကြီးပြနေတာကိုပဲ ကိုယ် လေးစားပြီး ချစ်နေမိတာ ရှာ။ ကိုယ့်ဘဝမှာ ကိုယ့်လိုအင်ဆန္ဒတွေအားလုံး ပြည့်ဝခဲ့တာပဲ။ ဘွားကရော၊ မာမီကရော၊ မမတွေ အားလုံး ကိုယ့်ကို အလိုလိုက် အကြိုက်ဆောင်ခဲ့ကြတာပဲ။ မင်းကို ကိုယ်လက်ထပ်မယ်။ အကြီးကျယ်အခမ်းနားဆုံး မင်္ဂလာပွဲကြီးကျင်းပပြီး လက်ထပ်မှာ။ ရှင်သခင် အလုပ်လုပ်တဲ့ ကုမ္ပဏီလေးကို ငေးမောကြည့်မိနေလေသည်။

"ယံ"

"ဟင်"

"ရှင်သခင်ဆိုတာ စောစောက ဒီထဲကို ဝင်သွားတဲ့ ကောင်မလေးလား"





"ပြိုင်"

"ပြိုင် အစောကြီးထဲက ကြည့်နေတာပါနော်၊ ယံရဲ့ ရှင်သခင်ဆိုတာ ဘယ်လောက်များ ကြီးကျယ်ခမ်းနားနေလဲလို့"

တူယှဉ်ပြိုင်ရဲ့ နှုတ်ခမ်းလေးတွေက တွန့်မဲ့နေသည်။

သာမန်မိန်းကလေးတစ်ယောက် ရှင်သခင်ဆိုတဲ့ ကောင်မလေးတစ်ယောက်ပဲ။ ခံပြင်းစရာ ကောင်းလိုက်တာနော်။ ရုပ်ရည်ကတော့ ချောပါရဲ့။ အဝတ်အစားက ခပ်နွမ်းနွမ်း ရိုးရိုးပဲ ဝတ်ထားတာပါ။ ယံ ဆေးမိနေပြီထင်တယ်။ ပြိုင်နဲ့ယှဉ်ပြိုင်တဲ့ မိန်းကလေးက နိမ့်ကျလိုက်တာ။

"ယံ ရှင် ဆေးမိနေပြီ"

"ဘာ"

"ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက်နဲ့ ရှင့်မိဘတွေ၊ အသိုင်းအဝိုင်းတွေ မျက်နှာငယ်ရပြီး စိတ်သောကတွေ ခံစားကြရမှာကိုရော စဉ်းစားမိရဲ့လား"

"မင်းဘာတွေပြောနေတာလဲ တူယှဉ်ပြိုင်၊ ရှင်သခင်က ငါ့ဘဝရဲ့ အစိတ်အပိုင်းတစ်ခုပဲ၊ ကိုယ်လက်ထပ်ဖို့ ကြိုးစားမှာ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် ကိုယ်လက်ထပ်မှာက ရှင်သခင်ပဲ"

"ဖြိုင် သဘောမတူဘူး"

"မင်းနဲ့ဘာဆိုင်လို့လဲ ဖြိုင်"

"ယံက ဖြိုင်နဲ့လက်ထပ်ဖို့ လူကြီးတွေ စီစဉ်ထားတာလေ"

"ကိုယ်မှ သဘောမတူတာပဲ"

"မရဘူးလို့ ပြောပြီးပြီနော်၊ ဖြိုင်တဲ့၊ ဖြိုင် လိုချင်တာကို မရရအောင် ယူပြတတ်တာ ဖြိုင့်စရိုက်ပဲ၊ ယံ မှတ်ထား"

ဖြိုင် မကျေမနပ်နှင့် ပြန်ထွက်လာခဲ့လေသည်။ ယံ ရှင့်ကိုတော့ ဖြိုင် ဘယ်လိုနည်းနဲ့မှ လက်မလွှတ်နိုင်ဘူးနော်။ ရှင်နဲ့အတူ နိုင်ငံခြားကိုပဲပြန်မယ်။ ဖြိုင် နှုတ်ခမ်းသားလေးကို တင်းကြပ်စွာ ဖိကိုက်ထားမိသည်။ နိုင်ငံခြားမှာနေတဲ့ မာမီ့ဆီ ဖုန်းဆက်လိုက်၏။ ဖြိုင် လိုချင်တဲ့အရာကိုတော့ ရအောင်ယူရမှာပဲ။ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်နှင့် ယှဉ်ပြိုင်နေရတာကိုပဲ ခံပြင်းနေရသည်။

"မာမီ"

"သမီးလေးဖြိုင် ဟိုမှာနေရတာ အဆင်ပြေရဲ့လား"





"အဆင်တော့ပြေပါတယ် မာမီ၊ ဒါပေမဲ့ ဖြိုင် တစ်ခုတော့ တောင်းဆိုချင်တယ်"

"ပြောလေ သမီး"

"လုံးဝဖြစ်အောင် ဖြည့်စွမ်းပေးမယ်လို့ ကတိပေးပါ မာမီ"

"ပြောနေဖို့ လိုသေးလားကွယ်၊ မာမီ့သမီးဆန္ဒက မာမီ့ဆန္ဒပဲဟာ၊ လုံးဝတာဝန်ယူတယ်"

"အိုကေ…ဒါဆို ကောင်းကင်ယံနဲ့ လက်ထပ်ချင်တယ် မာမီ၊ ဖြိုင် သူ့ကိုအရမ်းချစ်သွားမိပြီ"

"အိုကေ"

တူယှဉ်ဖြိုင် နှုတ်ခမ်းသားလေးတွေ တွန့်မဲ့သွားအောင် ပြုံးပြလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

"အဘွား"

"ပြောလေ မြေးလေး"

"မာမီ"

"အင် ပြော"

"မမ"

"မောင်လေးရယ် ဘာတွေများပြောချင်လို့လဲ"

"ယံလေ ရှင်သခင့်ကို လက်ထပ်ချင်တယ်"

"ဟင်"

"အမလေး"





"ဒုက္ခပါပဲဟယ်"

မိသားစုဝင်တွေအားလုံး အထိတ်တလန့် ဖြစ်သွားကြလေသည်။ ယံကတော့ အတင်းအကြပ် တောင်းဆိုဖို့ ဆုံးဖြတ်ထားမိ၏။ ရှင်သခင်ကလွဲပြီး သူ ဘယ်သူ့ကိုမှ လက်မထပ်နိုင်ပေ။ ဘယ်ဘဝက ဖူးစာရေစက်တွေလည်း မသိတော့ဘူး။ ရှင်သခင်ကိုမှမရရင် သေတော့မယ်။ မျက်နှာငယ်လေးနှင့် မိသားစုဝင်တွေကို ကြည့်မိသည်။

"ဘွားနဲ့မာမီ လိုက်ပြီးတောင်းပေးပါ၊ အကြီးအကျယ် အခမ်းနားဆုံး မင်္ဂလာပွဲကြီး ကျင်းပပေးပါ၊ ခြံတစ်ခြံနဲ့ တိုက်တစ်လုံး လက်ဖွဲ့ပေးပါ"

"ဟင်"

"ဒါ ဒီကောင်မလေးက တောင်းဆိုတာမဟုတ်လား သား၊ သင်းက သားကိုချစ်တာမှမဟုတ်တာပဲ၊ သားဆီက ချမ်းသာခြင်းတွေကို မက်မောတာပါ၊ သင်းလို မိန်းကလေးမျိုးက ဒီလိုစိတ်ဓာတ်တွေပဲ ရှိနေမှာပါလေ"

"မဟုတ်ပါဘူး မာမီ၊ ရှင်သခင်က သားဘက်က



www.burmeseclassic.com

www.burmeseclassic.com



မလိုက်လျောနိုင်တာတွေကို တောင်းဆိုတာပါ၊ မဖြစ်နိုင်ဘူး ထင်လို့ပါ၊ ရှင်သခင်က သားကို လုံးဝမချစ်ဘူးလို့ ငြင်းထားပြီးသားပါ''

''အဲဒါ ဟန်ဆောင်တာပဲ၊ မောင်လေး အိုက်တင်ခံနေတာ''

''မဟုတ်ပါဘူး မမရာ၊ ယံ သိပါတယ်၊ ရှင်သခင်က ယံတို့မိသားစုက နှိမ်မှာ၊ မတူမတန်ဘူးလို့ အပြောခံရမှာကို လက်မခံနိုင်တာပါ၊ အစောကြီးထဲက ယံ့ကို အပြတ်ငြင်းထားတာပဲ''

တူယှဉ်ပြိုင်နှင့် လက်ထပ်ပေးဖို့ လူကြီးချင်း မစီစဉ်ခင် ယံ ကြိုတင်တောင်းဆိုခြင်း ဖြစ်လေသည်။ ရှင်သခင်ရဲ့စိတ်မာတ်ကို ယံ အသိဆုံးပဲ။ အိုက်တင်ခံတာ မဟုတ်ပေ။ ယံ့ဘက်က မလုပ်ပေးနိုင်တာကို တောင်းဆိုတာပဲ။

''ရှင်သခင်ရဲ့ တောင်းဆိုမှုတွေကို ယံ ဖြည့်စွမ်းပေးချင်တယ်၊ ရှင်သခင့်ကိုပဲ ရယူပိုင်ဆိုင်ချင်တယ်၊ တခြား ဘယ်သူ့ကိုမှ ယံ လက်မထပ်နိုင်ဘူး၊ မာမီတို့ဘက်က လက်မခံနိုင်ဘူးဆိုရင်တော့ ယံ့ကို အမွေဖြတ်လိုက်ပါ၊ ယံ ဒီကနေ ထွက်သွားတော့မယ်''





''ဟဲ့...ယံ''

''အမလေး..ဘယ်လိုပြောလိုက်တာလဲ မြေးရယ်''

မိသားစုဝင်တွေအားလုံး ပျာပျာသလဲ ဖြစ်သွားရလေသည်။ ဘွားက ရင်ဘတ်ကြီးကို ဖိထား၏။ မာမီက မျက်လုံးတွေပြူးနေသည်။ အစ်မတွေကလည်း ထိတ်ထိတ်ပျာပျာ ဖြစ်နေ၍ ယံ အတော်လေး စိတ်ပျက်သွားမိ၏။ ရှင်သခင်က အဲဒီလိုဖြစ်မှာ မလိုလားတာပါ။ မိသားစုဝင်တွေက မတူမတန်သလို ဆက်ဆံတာ၊ နှိမ့်ချမှာ မလိုလား၍ ယံကို လက်မခံခြင်းပင်။

''မြေးလေးရယ် ဒီလိုဟာမလေးမျိုးကို ဘွားတို့က အောက်ကျခံရမလားကွယ်၊ ကြည့်ပါဦး တောင်းဆိုလိုက်တာများ တန်ရာတန်ရာမလုပ်ဘူး''

''အဲဒီလိုမပြောပါနဲ့ ဘွားရယ်၊ မြေးနဲ့သဘောမတူရင်လည်း နေပါ၊ လူလူချင်းပဲဟာ ရှင်သခင်က သားကို ငြင်းပြီးသားပါ၊ ရှင်သခင်ကို နှိမ့်ချဆက်ဆံတာတော့ မလုပ်ကြပါနဲ့၊ ရှင်သခင်က သူများအိမ်မှာ ကပ်နေရတာပါ၊ အလုပ်သမလေးဘဝကနေ ကိုယ့်ခြေထောက်ပေါ် ကိုယ့်အစွမ်းအစနဲ့ ရပ်တည်နိုင်အောင် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



နေတာပါ"

"အမလေး အလုပ်သမလေးက ငါ့မြေးကိုများ ငြင်းရသလား၊ ဘယ်ဘဝက အကုသိုလ်တွေလည်း မြေးရယ်"

"ဘွား"

သူ ဟန့်တားမိလေသည်။ ရှင်သခင်ကို ထိခိုက်ပုတ်ခတ်ပြောဆိုတာမျိုး ယံ လုံးဝလက်မခံပေ။ ကာကွယ်တားဆီးရမှာပဲ။ ချမ်းသာတာ ဆင်းရဲတာက သဘာဝပဲ။ ယံကတော့ ရှင်သခင်ကိုပဲ နှစ်သက်မြတ်နိုးမိနေသည်။ အရာအားလုံးထက် တန်ဖိုးကြီးမားစွာထားမိနေ၏။ မာမီတို့က လုပ်မပေးနိုင်ဘူးဆိုရင်တော့ သူ ဒီမှာလည်း မနေတော့ဘူး။ ရှင်သခင်နဲ့ ဘဝတူဖြစ်အောင်နေဖို့ ဆုံးဖြတ်ထားလိုက်လေသည်။

"ယံ ရှင်သခင်နဲ့ ဘဝတူချင်တယ်၊ ရှင်သခင့်ကို ရယူပိုင်ဆိုင်နိုင်ဖို့ ရှင်သခင်နဲ့ ဘဝတူဖြစ်အောင်နေပြီး ကြိုးစားမယ်"

"အမလေး…မြေးရယ်၊ ဆင်းရဲတဲ့ဘဝမှာ မင်း မနေနိုင်ပါဘူး၊ ဘွားမြေးလေးက အလုပ်ကြမ်းတွေ ဘယ်လိုလုပ်နိုင်မလဲ၊ ဆင်းရဲသားအစားအစာတွေ မစားနိုင်ပါဘူး၊ မြေးလေး မနေဘူးသေး





လို့ပါ"

"ယံ နေနိုင်အောင် ကြိုးစားမယ်၊ ရှင်သခင်ကလွဲပြီး ယံ ဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူး၊ အဲဒါ ယံ့ဆုံးဖြတ်ချက်ပဲ ဘွား"

ယံ မိသားစုဝင်တွေနားမှ ထွက်လာခဲ့လေသည်။ ရှင်သခင်ကလွဲပြီး သူ ဘယ်လိုမိန်းမကိုမှ စိတ်မဝင်စားပါဘူး။ တူယုဉ်ပြိုင်ကိုလည်း စိတ်မဝင်စားပေ။ လုံးဝမချစ်ဘူး။ ယံ အပြင်ထွက်သွားဖို့ပဲ ဆုံးဖြတ်ထားမိသည်။ ရှင်သခင်နဲ့ ဘဝတူဖြစ်ချင်တယ်။ ကိုယ်ကြိုးစားချင်တယ်။ မိသားစုဝင် သဘောမတူလည်း သူ အရာအားလုံးကို စွန့်လွှတ်မယ်။ ယံ အပြင်ထွက်လာခဲ့သည်။ ကားကိုမယူတော့။ ရှင်သခင်နဲ့ ဘဝတူအောင် ဘတ်စ်ကားပဲစီးမယ်။ ကိုယ့်အချစ်တွေကို သက်သေပြရမယ်။ ညနေစောင်းရောက်တော့ ရှင်သခင်လုပ်တဲ့ အလုပ်ရုံရှေ့မှာ ရပ်စောင့်နေလေသည်။

"ရှင်သခင်"

"ဟင်"

သူ့ကိုတွေ့တော့ ရှင်သခင့်မျက်နှာလေး ပျက်သွားရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ စိတ်ညစ်သွားရ၏။ လာပြီးမစောင့်နေပါနဲ့လို့ ပြောတာမရပေ။ ရှင်သခင့်ဆွဲခြင်းကို ထုံးစံအတိုင်း လှမ်းယူသည်။ မပေးလည်းမရ။

"ကျွန်မ ရှင့်ကိုပြောထားပြီးပြီလေ၊ လာမစောင့်နေပါနဲ့လို့"

"ကိုယ်ကလည်း လာစောင့်နေမယ်လို့ ပြောထားပြီးပြီပဲ၊ မင်းကို တစ်နေ့မတွေ့ရရင် ကိုယ်မနေနိုင်လို့ပါ ရှင်သခင်ရယ်"

"ဒီမှာ"

"ဟင်"

"ကျွန်မ တောင်းဆိုတာတွေရော ရှင် ဖြည့်စွမ်းပေးနိုင်မှာ မဟုတ်ဘူး မဟုတ်လား"

ရှင်သခင်ကတော့ ကောင်းကင်ယံနှင့် ကင်းကင်းရှင်းရှင်းပဲနေချင်သည်။ မဖြစ်နိုင်တာတွေ တောင်းဆိုပြီး ရှင်သခင့်ကို မနှောင့်ယှက်စေချင်တော့။ ရပ်ကွက်က သတိထားမိနေကြသည်။ ဒေါ်လေးမြတ်သိသွားရင် မလွယ်ဘူး။ ရှင်သခင်ကြောင့် ဦးလေးမျက်နှာငယ်ရမှာ စိုးရိမ်မိနေလေသည်။ သူကလည်း ပြောမရ။ ရှင်သခင်





စိတ်ညစ်တယ်။

"ကိုယ်လည်း မင်းနဲ့ဘဝတူ နေမလို့လေ"

"ကျွန်မက နှုတ်ခမ်းပဲ့ချင်း မီးမမှုတ်နိုင်ဘူးနော်၊ ဘဝကိုတိုးတက်အောင် ကြိုးစားနေတာ၊ ဘာလဲ ရှင့်မိဘ အသိုင်းအဝိုင်းတွေက ကျွန်မကို သဘောမတူဘူး မဟုတ်လား"

"ရှင်သခင်"

"ကျွန်မကို အထင်သေးတာပဲ၊ ရှင် ကျွန်မဘဝနဲ့တူအောင်လိုက်နေလည်း အပိုပဲ၊ ကျွန်မ ပြောထားပြီးပြီပဲ၊ ကျွန်မဦးလေးမျက်နှာမငယ်ရအောင် ရှင့်ဘက်က လုပ်ဆောင်ပေးမှ စဉ်းစားမှာနော်"

သူက ရှင်သခင်နှင့်အတူ ဘတ်စ်ကားလိုက်စီးသည်။ ဘဝကို တိုးတက်အောင် ကြိုးစားနေတဲ့အချိန်မှာ စိတ်ရှုပ်စရာကိစ္စတွေ မဖန်တီးလိုပေ။ ရှင်သခင် ကုမ္ပဏီမှာ ဝင်လုပ်ပေမဲ့ အနာဂတ်ရဲ့ ရည်မှန်းချက်က ကုမ္ပဏီပိုင်ရှင်ဖြစ်ဖို့ပဲ။ လောလောဆယ် ဝင်ငွေရအောင် ရှာပြီး ကျောင်းပညာရေး ပြီးဆုံးအောင် သင်နေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အားလပ်တဲ့အချိန်တွေမှာ ရှင်သခင် ကွန်ပျူတာ တက်နေတယ်။ အင်္ဂလိပ်စကားပြောသင်တန်း တက်နေသည်။ ရှင်သခင် လုပ်နိုင်တာက အောက်ခြေဘဝကနေ တဖြည်းဖြည်း တက်လှမ်းယူဖို့ပါပဲ။ သူဌေးသားကိုယူပြီး သူဌေးဖြစ်အောင်လုပ်ဖို့ဆိုတာ စိတ်ကူးယဥ် အိပ်မက်တစ်ခုပါ မဖြစ်နိုင်ပါဘူးလေ။ ပြဿနာတွေက အများကြီး တွက်လာနိုင်သည်။ ရှင်သခင့်ဘဝအတွက် ဆူးညောင့်ခလုတ်တွေ ဖြစ်လာနိုင်၍ ရှင်သခင် ရှောင်ရှားပစ်ချင်လေသည်။

"ကောင်းကင်ယံ"

"ပြောပါ ရှင်သခင်ရယ်"

"မိဘကြောင့် မဟုတ်ဘဲ ရှင့်ဘဝကို ရပ်တည်နေနိုင်အောင် ကြိုးစားပါဦး၊ ကျွန်မလည်း မျှော်လင့်ချက်တွေနဲ့ ချီတက်ရဦးမယ်၊ မနှောင့်ယှက်ဖို့ အနူးအညွတ် တောင်းပန်ပါတယ်"

"ကိုယ် မင်းကို နှောင့်ယှက်နေတာ မဟုတ်ပါဘူး ရှင်သခင်ရယ်၊ ကိုယ် မင်းနဲ့ဘဝတူလက်တွဲပြီး တည်ဆောက်ချင်လို့ပါ"

"ကျွန်မက လက်မခံဘူး"





"ကိုယ် မနေနိုင်မှာစိုးလို့လား"

"ဘာပဲဖြစ်ဖြစ် ကျွန်မ ရှင့်ကို လက်မခံနိုင်ဘူး၊ ကျွန်မ တောင်းဆိုမှုတွေက မဖြစ်နိုင်ဘူးဆိုရင် ရှင် နောက်ဆုတ်လိုက်ပါ၊ ကျွန်မနဲ့ ထပ်ပြီးပတ်သက်ဖို့ မကြိုးစားပါနဲ့တော့"

"ရှင်သခင်"

သူမလက်ကို သူက ဆုပ်ကိုင်လိုက်၏။ ဆတ်ခနဲ ရုန်းဖယ်ပစ်လိုက်လေသည်။ ရှေ့ဆက်တိုးလာတာမျိုး ရှင်သခင် လက်မခံနိုင်ပေ။ ဒေါသတွေ ဖြစ်ချင်လာရ၏။ ရပ်ကွက်ထဲလည်း ရောက်လာပြီဖြစ်၍ ရှေ့ဆက်မလိုက်စေချင်ပေ။

"ရှင်ပြန်ပါ"

"မင်းသွားပါ ရှင်သခင်၊ ကိုယ် ဒီမှာပဲနေခဲ့မယ်"

"ကောင်းပြီလေ ပြဿနာဖြစ်လာရင် ရှင်ပဲခံရမှာ၊ ကျွန်မနဲ့ ဘာမှမဆိုင်ဘူးနော်၊ ဒီရပ်ကွက်ထဲမှာ ကျွန်မကို ကြိုက်နေကြတဲ့ ကောင်တွေ အများကြီးပဲရှိတယ်"

ရှင်သခင် ချာခနဲလှည့်ပြီး ထွက်လာခဲ့မိလေသည်။ ယံက တော့ တစ်ယောက်တည်းရပ်ပြီး ကျန်ခဲ့၏။ သူ ရှုးသွပ်မေ့မျောနေ



www.burmeseclassic.com

www.burmeseclassic.com



သလို ရှင်သခင်ဝင်သွားတဲ့ ရပ်ကွက်ထဲကို ငေးမောကြည့်နေမိလေသည်။

"ဒီမှာ"

"ဟင်"

"မင်းဘယ်သူလဲ၊ ရှင်သခင့်ကို နှောင့်ယှက်နေတာလား၊ မင်းကို ရှင်သခင်နဲ့တွဲပြီး တွေ့နေတာကြာပြီ၊ ကောင်မလေးက ခါးခါးသီးသီး ငြင်းဆန်နေတာ မဟုတ်လား"

"ဟို…ရှင်သခင့်ကို"

"ဒုတ်"

"အား"

"ဒုတ်"

"ဒုတ်"

"တို့ရပ်ကွက်ထဲက မိန်းကလေးကို နှောင့်ယှက်တဲ့ကောင် လာကြဟေ့ ဝိုင်းသမလိုက်ကြရအောင်"

"ဒုတ်"

"ဒုတ်"





ယံ ခေါင်းထဲမှာ မူးဝေနောက်ကျိသွားရပြီး မျက်ဝန်းတွေထဲမှာ အမှောင်ထုက အထပ်လိုက်ကျသွားရလေသည်။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

''ယံ''

''ဟင်''

သူ မျက်လုံးတွေ ဖွင့်ကြည့်လိုက်တော့ သူ့အနားမှာရှိနေတာက တူယုဉ်ပြိုင် ဖြစ်နေလေသည်။ သူ ဘယ်ရောက်နေတာလဲ။ ရှင်သခင်တို့ရပ်ကွက်ကလူတွေ ဝိုင်းရိုက်ခံရတာ မှတ်မိလာလေသည်။

''ကံကောင်းလို့ပဲ ယံ၊ ပြိုင် အရောက်မြန်လို့ပါ၊ ယံ သေတော့မှာသိလား''

''ဟင်''





''ပြိုင် ကားနဲ့ရောက်လာတာမြန်လို့ပဲ၊ ရဲကို ချက်ချင်း အကြောင်းကြားလိုက်တယ်၊ အားလုံးအဖမ်းခံရပြီ သိလား၊ ဘွားတို့ အန်တီတိမ်ထက်စံတို့ဆီလည်း ဖုန်းဆက်ခေါ်ထားပြီးပြီ''

''ဟင်''

ရှင်သခင်တော့ ပြဿနာတက်တော့မှာပဲ။ ရပ်ကွက်ထဲမှာ ရှုတ်ရှုတ်သဲသဲ ဖြစ်ရတာကို ယံ မလိုလားမိပေ။ သူ အိပ်ရာမှ လူးလဲထလိုက်သည်။

''အား''

ခန္ဓာကိုယ်တစ်ခုလုံး နာကျင်တဲ့ဝေဒနာကို ခံစားလိုက်ရသည်။ ခေါင်းကကြွလို့ပင်မရပေ။ ပြိုင်က သူ့ကို သိုင်းဖက်ထားတော့၏။

''မထနဲ့လေ၊ ရှင် အရိုက်ခံထွားရတာပဲ''

''မဖြစ်ဘူး ပြိုင်၊ ရှင်သခင်တို့ ရပ်ကွက်ထဲကလူတွေ အဖမ်းခံလို့မဖြစ်ပါဘူး၊ ရှင်သခင် အရှုက်ကွဲလိမ့်မယ်၊ ကိုယ် ရဲစခန်းကို သွားမှဖြစ်မယ်ထင်တယ်၊ အမှုကို ကျေအေးရမယ်၊ မင်း ဘာဖြစ်လို့ ရဲကို အကြောင်းကြားရတာလဲ ပြိုင်၊ ဘာမဟုတ်တဲ့ ပြစ်မှုလေး



www.burmeseclassic.com

www.burmeseclassic.com



ကို”

“ဘာမဟုတ်တဲ့ပြစ်မှုလေး ဟုတ်လား ယံ၊ ဒီလောက် ဒဏ်ရာတွေရထားတာ ရှင်က သေမှ ပြစ်မှုကြီးမှာလား”

သူထလို့မရဘဲ အခက်တွေ့နေရလေသည်။ သူ မှားတာပဲ။ ရှင်သခင့် ဂုဏ်သိက္ခာတွေကျရပြီ။ နဂိုတည်းကမှ သူ့ကို ခါးခါးသီးသီး ငြင်းဆန်နေရတဲ့အထဲ သူ့ကို မုန်းတီးသွားတော့မှာပဲ။ ဘွားနှင့် မာမီတို့လာရင် ပြဿနာက ကြီးထွားသွားနိုင်သည်။

“ပြိုင်ဖြင့် စိတ်ပူလိုက်ရတာ၊ ရှင်သခင်ဆိုတဲ့ ဟာမလေး ကြောင့်ဖြစ်ရတာ၊ သင်းက ရန်တိုက်ပေးတာနေမှာပဲ ယံ”

“တော်စမ်းပါ တူယှဉ်ပြိုင်၊ မင်း ဆက်မပြောနဲ့တော့၊ ရှင်သခင်နဲ့ ဘာမှမဆိုင်ဘူး၊ ကိုယ့်အပြစ်ပဲ”

“ရှင် ဘာဖြစ်နေတာလဲ၊ ရှင့်သခင့်ဘက်က ဘာဖြစ်လို့ များ ဒီလောက်အကာအကွယ် ပေးနေရတာလဲ”

ပြိုင် မကျေမနပ်နှင့် ဒေါသတကြီး ပြောပစ်လိုက်လေသည်။ ယံ လွန်တယ် အရမ်းလွန်တာပဲ။ ဒီမိန်းမကိုများ ဒီလောက် အထိ သည်းသည်းလှုပ်နေသည်ကို ပြိုင် အမြင်ကတ်နေမိ၏။





ပြိုင် အချိန်မီရောက်လာလို့ပါ။ ရှင်သခင်တို့ရပ်ကွက်ကို ယံသွား တတ်မှန်းသိနေ၏။ ပြိုင် လာခေါ်ခြင်းဖြစ်သည်။ ခဏနေတော့ ဘွားမဟာစံနှင့်မိသားစုတွေ ရောက်လာကြ၏။ ပြဿနာက ပိုပြီး ကြီးထွားသွားရတော့သည်။

“အမလေး မြေးလေးရယ်၊ ဖြစ်မှဖြစ်ရလေ၊ မသေကောင်း မပျောက်ကောင်းပါလား၊ သိမယ်၊ မဟာစံအကြောင်း သိစေရမယ်၊ တစ်ယောက်မှ ခွင့်မလွှတ်ဘူး၊ ထောင်ချပစ်မယ်”

“ဘွား အခုလိုဖြစ်ရတာ ယံ အပြစ်တွေပါ၊ ယံက သွားစ လို့ပါ၊ ဘွား ပြဿနာရှာရင် ယံပဲထောင်ကျမှာ”

“ဟင်”

“သူတို့ရပ်ကွက်ထဲက မိန်းကလေးကို ယံက လက်ဆွဲ တာ၊ အရှက်သိက္ခာမဲ့အောင် လုပ်မိလို့ပါ”

“ဟင်”

“ယံက အရင်စပြီးလက်ပါတာပါ၊ အမြန်ဆုံး ကျေအေး နိုင်အောင်လုပ်ပါ၊ ယံ အပြစ်ကပိုများတယ်၊ ယံ ထောင်ကျမှာ သေချာတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ"

မြေးဘက်က စတာပါဆိုတော့လည်း ဒေါ်မဟာစံ မျက်လုံးတွေပြူးသွားရလေသည်။ သူတို့ရပ်ကွက်မှာဆိုတော့လည်း မြေးအမှားဖြစ်နေ၏။

"အလကားပြောနေတာ ဘွား၊ ရှင်သခင်က ရန်တိုက်ပေးလို့ အရိုက်ခံရတာ၊ ပြိုင် ရောက်လာလို့ပေါ့၊ သေတော့မှာ"

"အမလေး ဘုရား ဘုရား သားလေးရယ်၊ မာမီ ရင်တုန်လိုက်တာ၊ ဒီလောက်အထိဖြစ်ရလား၊ မသေကောင်းမပျောက်ကောင်းကွယ်"

သူ့မိသားစုဝင်တွေ သည်းသည်းလှုပ် ဖြစ်နေကြ၏။ သူစိတ်ညစ်နေရလေသည်။ အမှုကို အကျယ်မချဲ့ချင်တော့။ သူက ဒီရပ်ကွက်ထဲမှာ နေရမှာပဲ။ ဘယ်လိုအခြေအနေမျိုးနဲ့မှ ရှင်သခင့်ကို မစွန့်လွှတ်နိုင်ပါဘူး။ နောက်လည်းဆုတ်မှာမဟုတ်။

"အမှုကိုကျေအေးပါ မာမီ၊ ယံလည်း အပြစ်ရှိတာပဲ၊ ဟိုလူတွေကို အမြန်ဆုံး အချုပ်ကနေလွှတ်အောင် လုပ်ပေးလိုက်ပါ၊ သားကတော့ သားအပြစ်ကို ဝန်ခံမှာပဲ အမှုမလုပ်ဘူး"





မြေးကို ဘယ်လိုမှပြောမရ၍ ဒေါ်တိမ်ထက်စံ ခက်နေရလေသည်။ ရှင်သခင်ဆိုတဲ့ ဟာမလေးကို ပြဿနာလည်းမရှာရဲ။ သား က ရှင်သခင်မှ ရှင်သခင်ဖြစ်နေသည်။ ဒီဟာမလေးကြောင့် သား မကြာခဏ ဒဏ်ရာရနေ၏။ အမလေး သည်းမခံနိုင်တော့ဘူး။ ဘယ်လိုလုပ်ရမလဲနော်။ တူယှဉ်ပြိုင်နဲ့ လက်ထပ်ပေးချင်ပေမဲ့ သားကငြင်းဆန်နေ၍ ခက်နေသည်။

"ကြည့်ပါဦးကွယ်၊ မမတို့မောင်လေးမှာ ဒဏ်ရာတွေ မမြင်ရက်စရာပဲ၊ ရက်စက်လိုက်ကြတာ"

"ယံ ဘာမှမဖြစ်ပါဘူး၊ နည်းနည်းပါးပါးပဲ ရတာပါ"

"ယံ"

"တော်ကြပါတော့ဗျာ၊ အမှုကို ကျေအေးဖို့ပဲ သွားလုပ်ပါ၊ ယံဘက်ကလွန်လို့ ဖြစ်တာပဲဟာ၊ ယံ ထောင်ကျတာ မြင်ချင်တယ်ပေါ့လေ"

"ရှင် ဘာတွေပြောနေတာလဲ ယံ၊ ရှင်ပဲ တစ်ဖက်သတ်ခံနေရတာ၊ ရှင်က ဘာဖြစ်လို့ ထောင်ကျရမှာလဲ၊ ဘွား အမှုဖွင့်ပါ၊ ပြဿနာရှာရမယ်၊ ဟိုဟာမ မီးမွှေးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြိုင် မခံမရပ်နိုင်စွာဖြင့် အမှုလုပ်ဖို့ ဘွားကို ပြောနေမိသည်။ ယံက ဟိုဟာမဘက်ကပဲ မှန်းလိုက်တာ။ ရှင်သခင်လို ရပ်ကွက်ထဲက မိန်းကလေးတစ်ယောက်ကိုတောင် ပြိုင်က ရှုံးနေသည်။ မခံမရပ်နိုင်အောင် ခံစားနေရ၏။ ကြည့်ပါဦး။ ယံက ဟိုဟာမလေးဘက်ကနေလိုက်နေသည်။ အမှုကို ကျေအေးဖို့ပဲပြောနေ၏။ ဒီလိုမှန်းသိရင် မကယ်ခဲ့ပါဘူး။ သေအောင်ထားပင်ခဲ့ချင်လာရသည်။

"အမှုကို ကျေအေးစမ်းပါ ဘွားရယ်၊ မြေးကို ချစ်တယ်ဆို တရားရုံးရောက်ရင်လည်း မြေးအပြစ်ပါလို့ပြောမယ်၊ ရှုပ်တယ်ဗျာ၊ ဘွားတို့ အမှုလုပ်ချင်လည်းလုပ်တော့၊ ယံကတော့ သူတို့အပြစ်ပါလို့မပြောနိုင်ဘူး"

ယံ့ကို ဘယ်လိုမှ ပြောလို့မရတော့သဖြင့် ဒေါ်မဟာစံတို့သားအမိတွေ အမှုကျေအေးရန် စီစဉ်ကြရလေသည်။ အဖမ်းခံထားရတဲ့လူတွေကို လွှတ်မြောက်ရန် လုပ်ကြရ၏။ မြေးက ရှင်သခင်ရဲ့လက်ကို စွဲလားရမ်းလားလုပ်လို့ သူတို့တွေက တားဆီးတာပါတဲ့။ မြေးအပြစ်ပါလို့ ဝန်ခံမှာဖြစ်၍ အမှုကို အမြန်ဆုံးကျေအေးစေရန် တောင်းတောင်းပန်ပန်နှင့် စီစဉ်ကြရလေသည်။ ရှင်သခင်လည်း





ရပ်ကွက်ထဲမှာ အရှက်သိက္ခာကျရ၏။ သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးခြင်းခံရသည်။

"ညည်း ဒီလောက်တောင် နန့်ရလား ရှင်သခင်၊ ကြည့်စမ်း ဘယ်လောက်သိက္ခာကျရသလဲ၊ ယောကျ်ားချင်း ပြဿနာတက်အောင် ဘာဖြစ်လို့ လုပ်ရတာလဲ၊ ဟိုကောင်လေးက ညည်းချူစားနေတဲ့ သူဌေးသားလား၊ မသေတာ ကံကောင်းတယ်အေ"

ဒေါ်လေးမြတ်က အပြစ်ရှိတုန်း ရှင်သခင်အား ဖိ၍ဆူပူပြောဆိုနေသည်။ ဦးလေးကလည်း ဆူ၏။ ရပ်ကွက်ထဲမှာ မျက်နှာမပြရဲအောင် ဖြစ်ရသည်။ ကောင်းကင်ယံဆိုတဲ့ လူကြောင့်ပါပဲ။ ရှင်သခင် ဒီလောက်အထိ တောင်းပန်နေတဲ့ကြားမှ ပြဿနာဖြစ်သွားရသည်။ ဒဏ်ရာရသွားသည်တဲ့။ ရှင်သခင်လည်း ရှက်သည်။ ဒီလိုပြဿနာဖြစ်ရမှာစိုးလို့ သူ့ကို တောင်းပန်ခဲ့တာပဲ။ ရှင့်ကိုမုန်းတယ်။ ရှင်သခင်ဘဝကို အဖုအထစ် ဆူးညှောင့်ခလုတ်တွေဖြစ်အောင် လုပ်ခဲ့တာပဲ။

"ဟိုကောင်လေးအသိုင်းအဝိုင်းက အမှုကျေအေးလိုက်လို့တော်ပါသေးပါတယ်အေ၊ ကျုပ်တော့ ရပ်ကွက်ထဲမှာ မျက်နှာတောင်



www.burmeseclassic.com

www.burmeseclassic.com



မပြရဲတော့ဘူး"

အမှုဆက်မဖြစ်တော့ဘူးဆို၍ ရှင်သခင် စိတ်အေးသွားရသည်။ သူ နောက်ဆုတ်သွားပါ့မလား။ ရှင်သခင်ဘက်က ဘယ်လောက်ပဲငြင်းဆန်နေပါစေ ဖွဲ့ကောင်းစွာ အောက်ကျခံနေခဲ့၏။ ရှင်သခင် စိတ်မောနေရသည်။

"ညည်းလိုကောင်မလေးမျိုးကို သူဌေးသားက အတည်ကြံပါ့မလား ရှင်သခင်၊ အခုတော့ နာမည်ပျက်ရပြီ"

ဒေါ်လေးမြတ်က နည်းနည်းဆိုများများ ဆူပူကြိမ်းမောင်းလို့ မပြီးတော့။ ရှင်သခင် ငြိမ်သက်စွာ ခံနေရသည်။ တခြားမှီခိုအားထားရာမှ မရှိတာဘဲ။ ဦးလေးကလည်း ရှင်သခင်ဘက်မှ အကာအကွယ်မပေးနိုင်ခဲ့။ ရှင်သခင့်ဘဝကို ရှင်းပြနေမိလျက်နဲ့ ရှင်ဘာဖြစ်လို့ ကျွန်မဒုက္ခရောက်အောင် လုပ်ရတာလဲ။

"ဟိုသူဌေးသားဘက်က ဘယ်အချိန်လာပြီး ဆူပူကြိမ်းမောင်းမလဲ၊ ညည်းစောင့်နေ၊ ရက်စရာကောင်းလိုက်တာအေ"

မမနန္ဒာကလည်း ဒေါ်လေးမြတ်ကို သွေးထိုးစကားတွေနှင့် မီးလောင်ရာလေပင့်နေသည်။ ရှင်သခင် ကြိတ်ပြီးငိုရှိုက်ရုံမှ





တစ်ပါး မတတ်နိုင်တော့။ ရပ်ကွက်ထဲက ပြဿနာရှာတတ်တဲ့လူမိုက်တွေပါ။ ဒါကြောင့် ပြန်ထွက်သွားဖို့ ရှင်သခင် အကြိမ်ကြိမ်တောင်းပန်ပြောဆိုခဲ့တာပါပဲ။

"ညည်းနေဖို့ နေရာရှာတော့ ရှင်သခင်၊ ကျုပ်တို့က ရှုပ်ရှုပ်ယှက်ယှက်တွေမကြိုက်ဘူး၊ ကျုပ်မှာလည်း သမီးပျိုလေးနဲ့နေရတာအေ့"

ဦးလေးက ရှင်သခင့်ကို ခွင့်လွှတ်ပေးဖို့ တောင်းပန်နေလေသည်။ ရှင်သခင် အံသွားလေးတွေကို တင်းကြပ်စွာ ဖိကိုက်ထားလိုက်ရ၏။

"မြတ် ကိုယ် တောင်းပန်ပါတယ်ကွာ၊ တူမလေးမှာ ကိုယ်ကလွဲပြီး မှီခိုစရာမရှိတာဘဲ၊ ဒီတစ်ကြိမ်ပဲ ခွင့်လွှတ်ပေးပါ၊ ကိုယ်တောင်းပန်ပါတယ်"

"ဦးလေးတူမက နန္ဒာတို့ကို အရှက်ခွဲနေတာလေ၊ ဦးလေး ဆုံးမနိုင်လို့လား"

မမနန္ဒာက ဦးလေးကို အဖေလိုသဘောမထားခဲ့ပေ။ ဦးလေးတဲ့ အမြဲတမ်း အထက်စီးကနေ မောက်မောက်မာမာ ဆက်ဆံ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နေတတ်သည်။

"ဒီတစ်ခါထဲပါပဲ၊ ဦးလေး ဆုံးမပါ့မယ် နန္ဒာ၊ နောက်တစ်ကြိမ်ထပ်ဖြစ်ရင် ဦးလေးကိုယ်တိုင် မောင်းထုတ်ပါ့မယ်"

ရှင်သခင် ဘာမှမကြားချင်တော့ဘူး။ နားတွေကို တင်းကြပ်စွာ ပိတ်ထားလိုက်မိသည်။ ရှင်သခင့်အတွက် ဦးလေး မျက်နှာငယ်ရပြီ။ အောက်ကျရပြီ။ အဲ့ဒါ ဘယ်သူ့ကြောင့်လဲ။ တသိမ့်သိမ့် ရှိုက်ငိုပစ်လိုက်မိလေသည်။

* * *



BURMESE CLASSIC .com

# အခန်း (၁၂)

"သားလေးရယ် ရှင်သခင်ဆိုတဲ့ ကောင်မလေးကမှ သားကိုမချစ်တာဘဲ၊ ဘာဖြစ်လို့ စွဲလမ်းနှစ်သက်နေရတာလဲကွယ်၊ မေ့ပစ်လိုက်စမ်းပါ၊ အခု ပြိုင်လေးက သားရဲ့အသက်သခင် ကျေးဇူးရှင်ဖြစ်နေပြီပဲ"

ယုံ့စိတ်ထဲမှာ ရှင်သခင်ပဲဖြစ်နေသည်။ ရှင်သခင့်မှာ အပြစ်မရှိပါဘူး။ သူ့ကို လက်မှမခံတာပဲ။ သူ့အမှား။ ရှင်သခင် သူ့ကာမုန်းတီးသွားပြီလား။ ပြဿနာတွေတက်နေပြီပဲ။ ကိုယ်တောင်းပန်ပါတယ် ရှင်သခင်။ တကယ်တော့ ကိုယ့်ဘက်က မင်းကို အရူးအမူး စွဲလမ်းနေမိပြီး မင်းကို နှောင့်ယှက်သလိုဖြစ်နေရတာပါ။ ရှင်သခင်



www.burmeseclassic.com

www.burmeseclassic.com



က သူ့ကိုငြင်းဆန်နေခြင်းပင်။

"မြေးလေး ကိုယ့်ဒုက္ခကိုယ် မရှာပါနဲ့ကွယ်နော်၊ ပြိုင်လေး က မြေးကို အရမ်းပဲနှစ်သက်နေပြီပဲ"

"ဘွား"

"ပြောလေ မြေးလေး"

"ယံ ရှင်သခင်ကိုပဲချစ်တယ်၊ ရှင်သခင့်ကိုပဲ လက်ထပ် မယ်၊ ဘွားတောင်းပေးပါ၊ အခမ်းနားဆုံး မင်္ဂလာပွဲကို စီစဉ်ပေးပါ"

"ဟင်"

မြေးမျက်နှာလေးက ညှိုးငယ်နေပြီး ရီဝေကြေကွဲနေလေ သည်။ ဒေါ်မဟာစံ အခက်တွေ့နေရ၏။ မြေးကို စိတ်ချမ်းသာစေ ချင်ကာတော့အမှန်ပင်။ ဘယ်လိုလုပ်ပေးရမလဲ။ အောက်ကျခံရ မလား။ ကြီးကျယ်ခမ်းနားစွာပဲ တောင်းပဲပေးရမလား။ အမလေး သင်းတို့က ဘာမို့လို့လဲ။ သက်သက်အကြပ်ကိုင်တာ။ မြေးမျက်နှာ လေး ညှိုးနွမ်းနေလေသည်။ ဒေါ်မဟာစံ စိတ်ထိခိုက်ကြေကွဲနေရ ၏။ မြေးဆန္ဒတွေအားလုံးကို ဖြည့်စွမ်းပေးချင်ပါတယ်။ သားဒက်ဒီ ကလည်း နိုင်ငံခြားကနေ သားဆန္ဒတွေအတိုင်း ဖြစ်ပါစေတဲ့။





တူယှဉ်ပြိုင် ရောက်လာလေသည်။

"ယံ နေကောင်းရဲ့လား၊ ပြိုင်လေ အိပ်လို့တောင်မရဘူး၊ ယံအတွက် စိတ်မကောင်းလို့လေ"

"ကိုယ် ဘာမှမဖြစ်ပါဘူး ပြိုင်၊ နေကောင်းနေပါပြီ၊ အပြင်တောင်ထွက်လို့ရနေပြီ"

"မရဘူးနော်၊ ပြိုင် လိုက်မှာပဲ၊ ယံ့ကို စိတ်မချပါဘူးနော် ဘွား"

"ဟုတ်တယ် ပြိုင်၊ မြေးလေးကို စောင့်ရှောက်စမ်းပါ၊ ဘွား စိတ်ချတယ်"

ဘွားထွက်သွားပြီ တူယှဉ်ပြိုင် ရှိနေတာ ယံ စိတ်ညစ်မိ သည်။ သူ ရှင်သခင့်ကို သွားတွေ့ပြီး တောင်းပန်ချင်နေမိသည်။ ကိုယ် ဘယ်လိုတောင်းပန်ရမလဲ ရှင်သခင်ရယ်။ မင်းရှေ့မှာ ဒူး ထောက်ရမလား။

"ယံ"

"ဟင်"

"ရှင်သခင်ဆိုတဲ့ ဟာမအကြောင်း တွေးမနေနဲ့တော့၊



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကို ကောင်းကျိုးပေးတာမှ မဟုတ်တာဘဲ၊ ရှင် ဘာမှတွေဝေမနေနဲ့တော့၊ ပြိုင်နဲ့လက်ထပ်မယ်၊ မာမီတို့က စီစဉ်နေပြီလေ"

"ဘာ"

"ပြိုင် ယံ့ကို လက်ထပ်မယ်၊ လူကြီးတွေကိုပြောလိုက်ပြီ၊ မိသားစုဝင်တွေအားလုံး ပျော်ရွှင်နေကြပြီ"

"မဖြစ်ဘူး"

"ဘာမဖြစ်တာလဲ"

"ကိုယ်က ရှင်သခင့်ကိုပဲလက်ထပ်မှာ၊ ကိုယ့်ဆန္ဒမပါဘဲ စီစဉ်တာ ကိုယ် ဘာကိုမှလက်မခံဘူး"

သူ အထိတ်တလန့်နှင့် ငြင်းဆန်ပစ်လိုက်မိလေသည်။ ပြိုင့်ကိုလက်မထပ်ဘူး။ အချစ်မပါဘဲ ဘယ်မိန်းကလေးကိုမှ လက်မထပ်နိုင်ပါဘူး။ ယံ ထလိုက်သည်။ ပြိုင်က သူ့အပေါ် အုပ်မိုးပြီးဖိထား၏။ သူ ရုန်းဖယ်လိုက်သည်။

"ပြိုင် ကိုယ့်ကို အတင်းအကျပ် ဖိအားမပေးပါနဲ့၊ ကိုယ် ရှင်သခင်ကိုပဲချစ်တယ်၊ ကိုယ်လက်ထပ်မှာက ရှင်သခင်ပဲ"

"မရဘူး"





"ဖယ်ပါ ပြိုင်"

"ရှင်သခင်က ယံ့ကို လက်ခံလို့လား၊ ယံ ရှင်ဘာတွေလုပ်နေတာလဲ၊ မိဘအသိုင်းအဝိုင်းတွေ စိတ်ဆင်းရဲပြီး ဂုဏ်သိက္ခာငယ်အောင် မလုပ်ပါနဲ့"

ပြိုင်က ယံ့ကိုယ်ကို သိုင်းဖက်ထားလိုက်လေသည်။ ယံက ရုန်းထွက်နေ၏။ အဲ့ဒီလိုမလုပ်ပါနဲ့ ယံ့ရယ်၊ ရှင်သခင်က ရှင့်ကို ဒုက္ခပေးမဲ့မိန်းမပါ။ ပြိုင် ဒေါကန်ချင်နေလေသည်။ ရှင်သခင့်ကို အရှုံးပေးပါမလား။ ယံ့ကြောင့် ပြိုင် ရန်ကုန်ကို ရောက်လာခဲ့တာပဲ။

"ယံ ရှင် ဘယ်မှထွက်မသွားရဘူး၊ ရှင့်ကို ပြိုင် စိတ်မချပါဘူးနော်၊ ရှင်သွားရင် ပြိုင်လိုက်မှာပဲ၊ ရှင်သခင်ကြောင့် သေမယ် သိလား"

"ဖယ်ပါ ပြိုင်၊ ကိုယ် ရှင်သခင်ကို သွားပြီးတောင်းပန်ရမယ် မဖြစ်ဘူး၊ ကိုယ် ရှင်သခင့်ကို စော်ကားသလိုလုပ်ခဲ့တယ်၊ ကိုယ်တောင်းပန်ရမှာပဲ"

ယံ အိပ်ရာကနေ လူးလဲထနေမိလေသည်။ ဒဏ်ရာက



www.burmeseclassic.com

www.burmeseclassic.com



အညှိုအမဲတွေ စွဲထင်နေပေမဲ့ သက်သာ၏။ မနောကျင်တော့။ ပြိုင်က တားဆီးနေသည်။ သူ့ အမုန်းဆုံးပဲ။ ပြိုင့်ကို တွန်းဖယ်ပစ်မိ၏။ အရေးတကြီးလုပ်ရမှာက ရှင်သခင့်ကို တောင်းပန်ဖို့ပဲ။ လူးလဲထလိုက်သည်။ ပြိုင်လည်းထ၏။

"မင်း လိုက်လို့မဖြစ်ဘူး ပြိုင်၊ ကိုယ် တောင်းပန်ပါတယ်၊ ပြိုင့်ကိုတော့ မိတ်ဆွေသူငယ်ချင်း တစ်ယောက်အဖြစ်ပဲ ကိုယ် သတ်မှတ်နိုင်မယ်"

"မရဘူး"

"ပြိုင်"

"ရှင်နဲ့ကျွန်မကို လူကြီးတွေက စီစဉ်ထားပြီးပြီလေ၊ ကျွန်မ ဒီကိစ္စအတွက် လာခဲ့တာပါ"

"ကိုယ် လက်မခံဘူး၊ မာမီတို့က သားအဖြစ်က စွန့်လွှတ်ရင်လည်း ကိုယ်လက်ခံမယ်၊ ကိုယ့်ဘဝမှာ ရှင်သခင် မရှိလို့မဖြစ်လို့ပါ၊ မင်းပြန်ပါတော့ ပြိုင်ရယ်၊ ကိုယ် တောင်းပန်ပါတယ်၊ ကိုယ့်ဘဝမှာ ရှင်သခင်ပဲ အလိုအပ်ဆုံးဖြစ်နေလို့ပါ"

ပြိုင် စိတ်ပျက်သွားရလေသည်။ ယံ ဘာဖြစ်နေရတာလဲ။





ပြိုင် အရှုံးပေးရမှာလား။ ရှင့်ကို ချစ်မြတ်နိုးနေတဲ့ မိန်းမတစ်ယောက်ကို ဘာဖြစ်လို့များ ဥပေက္ခာပြုထားချင်ရတာလဲ ယံရယ်။ ခံ့ညားချောမောတဲ့ ယံ့မျက်နှာကို စူးစိုက်ကြည့်မိနေသည်။ ပြိုင် နောက်ဆုတ်ပေးရမှာလား။ စောသေးတယ်။ ပြိုင်က အရှုံးပေးတတ်တဲ့မိန်းမတော့ မဟုတ်ဘူးနော်။ ယံက အရမ်းချောတယ်။ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ကိုမှ အစွဲအလမ်းကြီးနေရလား။ ဆေးမိနေပြီ။ ယံ အရူးပဲ။ ရှင်သခင့်လိုမိန်းမတစ်ယောက်ကိုများ ပြိုင့်မျက်ဝန်းတွေက ဒေါသတွေနှင့် တဖိတ်ဖိတ်တောက်နေသည်။

"ရှင် မသွားရဘူး ယံ၊ ဒီအခန်းထဲကနေ တစ်ဖဝါးမှ ရွှေ့လျားခွင့်မပေးနိုင်ဘူး"

"ပြိုင်"

"ရှင်နဲ့ကျွန်မကို လူကြီးတွေက စီစဉ်ထားပြီးပြီလေ၊ ကျွန်မလည်း ဒီကိစ္စအတွက် လာခဲ့တာပဲ"

"ကိုယ် လက်မခံဘူး၊ မာမီတို့က သားအဖြစ်ကစွန့်လွှတ်ရင်လည်း ကိုယ်လက်ခံမယ်၊ ကိုယ့်ဘဝမှာ ရှင်သခင် မရှိလို့မဖြစ်လို့ပါ၊ မင်းပြန်ပါတော့ ပြိုင်ရယ်၊ ကိုယ် တောင်းပန်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘဝမှာ ရှင်သခင်ပဲ အလိုအပ်ဆုံးဖြစ်နေလို့ပါ''

ဖြိုင် စိတ်ပျက်သွားရလေသည်။ ယံ ဘာဖြစ်နေရတာလဲ။ ဖြိုင် အရှုံးပေးရမှာလား။ ရှင့်ကို ချစ်မြတ်နိုးနေတဲ့ မိန်းမတစ်ယောက်ကို ဘာဖြစ်လို့များ ဥပေက္ခာပြုထားချင်ရတာလဲ ယံရယ်။ ခန့်ညား ချောမောတဲ့ ယံ့မျက်နှာကို စူးစိုက်ကြည့်မိနေသည်။ ဖြိုင် နောက်ဆုတ်ပေးရမှာလား။ စောသေးတယ်။ ဖြိုင်က အရှုံးပေးတတ်တဲ့ မိန်းမတော့ မဟုတ်ဘူးနော်။ ယံက အရမ်းချောတယ်။ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ကိုမှ အစွဲအလမ်းကြီးနေရလား။ သေးမိနေပြီ။ ယံ အရူးပဲ။ ရှင်သခင့်လို မိန်းမတစ်ယောက်ကိုများ။ ဖြိုင့်မျက်ဝန်းတွေက ဒေါသတွေနှင့် တဖိတ်ဖိတ်တောက်နေသည်။

''ရှင် မသွားရဘူး ယံ၊ ဒီအခန်းထဲကနေ တစ်ဖဝါးမှ ရွေ့လျားခွင့်မပေးနိုင်ဘူး''

''ဖြိုင်''

''ရှင်နဲ့ရှင်သခင့်ကို တွေ့ခွင့်မပေးနိုင်ဘူး၊ ဖြိုင် နှောင့်ယှက်မှာပဲ၊ ရှင်သခင့်အနား ရှင် ကပ်ရဲကပ်ကြည့်လေ''

''မင်း မင်း ဘာဖြစ်လို့ နှောင့်ယှက်နေရတာလဲ၊ ငါ





လုံးဝလက်မခံဘူးနော်၊ ငါ ဒီကနေထွက်သွားမယ်၊ ငါ့ဘဝကို ရှင်သခင့်ရဲ့ဘဝနဲ့ ထပ်တူထပ်မျှ ဖြစ်နေစေရမယ်''

''ကောင်းကင်ယံ ရှင်ရူးနေပြီ၊ အရူးပဲ၊ ရှင်သခင်က ငွေမက်လို့ ရှင့်ကို တခမ်းတနားတောင်းခိုင်းနေတာလေ၊ ဘဝတူ ငမွဲတေကို လက်ခံဖို့ ဝေးသေးတယ်''

ဖြိုင် အော်ဟစ်နေလေသည်။ သူ ဘာမှမသိချင်ဘူး။ ဟုတ်တယ်။ ကိုယ် ရူးသွပ်သွားပြီ ရှင်သခင်ရယ်။ မင်းကိုပဲချစ်နေတယ်။ မဖြစ်ဘူး။ မင်းကို ပိုင်ဆိုင်ရမှဖြစ်မယ်။ ကိုယ် လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူး။ အပြင်ထွက်ဖို့ ကြိုးစားလိုက်၏။ မာမီနှင့် အစ်မတွေ ဝင်လာကြလေသည်။

''သားလေး ဘယ်သွားမလို့လဲ၊ ဒဏ်ရာတွေနဲ့လေ၊ ပြန်လှဲနေပါ''

''မဖြစ်ဘူး မာမီ၊ ရှင်သခင့်ကို သွားတောင်းပန်ရမယ်၊ သူ့ကို ယံ စော်ကားပါတယ်၊ ယံကြောင့် ရှင်သခင် အရှက်ရခဲ့တယ်၊ ရှင်သခင့်ကို ယံ တောင်းပန်မှဖြစ်မှာပါ''

''မောင်လေးရယ်၊ မမတို့တောင်းပန်ပါတယ်၊ အခုဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့လေ၊ ထပ်ပြီး အရိုက်ခံရပါဦးမယ်၊ မသွားပါနဲ့"

ယံကတော့ ဘယ်သူဘယ်လိုပဲ တားဆီးတားဆီး ရှင်သခင်ဆီသွားဖို့ ဆုံးဖြတ်ထားလေသည်။ ရှင်သခင့်အတွက် အရာအားလုံးကို စွန့်လွှတ်မယ်။ ဘဝကို ရင်ဆိုင်မယ်။ ကိုယ့်ဘဝမှာ ရှင်သခင် မရှိလို့မဖြစ်လို့ပါ။

"ယံ့ဘဝမှာ ရှင်သခင်မရှိလို့ မဖြစ်လို့ပါ၊ ရှင်သခင့်အမုန်းတွေကို ယံ မခံယူနိုင်ဘူး၊ ယံ အားလုံးကို တောင်းပန်ပါတယ်"

အားလုံးဝိုင်းတားနေသည့်ကြားမှ သူ ထွက်လာခဲ့လေသည်။ ရှင်သခင်ရယ် မင်းကို တောင်းပန်ပါတယ်။ ကိုယ် ဘယ်လိုပဲဖြစ်ဖြစ် မင်းကျေနပ်တဲ့အထိ တောင်းပန်မယ်။ ကိုယ့်ဘဝမှာ မင်းလိုအပ်နေလို့ပါကွာ၊ ယံ အပြင်သို့ထွက်လာခဲ့လေသည်။

* * *



## အခန်း (၁၃)

"ရှင်သခင်"

"ဟင် ရှင် ရှင်"

အညိုအမဲစွဲသော ဒဏ်ရာတွေနှင့် ကောင်းကင်ယံကို တွေ့လိုက်ရ၍ ရှင်သခင် နည်းနည်းတော့ သနားသွားမိလေသည်။ စည်းစိမ်ဥစ္စာတွေနဲ့ ပြည့်စုံနေတဲ့ သူဌေးသားတစ်ယောက်က ရှင်သခင့်အပေါ် ဒီလောက်အထိ အောက်ကျခံ စွဲလမ်းနှစ်သက်နေတာ ထူးဆန်းနေ၏။ ဒါပေမဲ့ ရှင်သခင့်မျက်နှာလေးက တင်းမာနေဆဲပင်ဖြစ်သည်။

"ကိုယ်တောင်းပန်ပါတယ် ရှင်သခင်ရယ်၊ ကိုယ့်အပြစ်



www.burmeseclassic.com

www.burmeseclassic.com



တွေပါ၊ ကိုယ်တောင်းပန်ပါတယ်၊ ရှင်သခင့်ကို စော်ကားသလိုဖြစ်သွားတယ်"

"ကောင်းကင်ယံ"

"ပြောပါ ရှင်သခင်"

"ကျွန်မ ရှင့်ကို ပြောထားပြီးပြီပဲ၊ ရှင် ကျွန်မကိုချစ်ရင် လူကြီးစုံရာနဲ့ လာတောင်းပါလို့လေ၊ ရှင် လုပ်မပေးနိုင်ဘူး မဟုတ်လား၊ အခု ကျွန်မ အရှက်ကွဲရတယ်၊ ရဲစခန်းရောက်ရတယ်၊ ရှင် ကျွန်မကို ဘာဖြစ်လို့ စိတ်သောကရောက်အောင်၊ အရှက်တကွဲဖြစ်အောင် လုပ်ချင်ရတာလဲ"

"ကိုယ် အဲဒီအတွက် တောင်းပန်ပါတယ် ရှင်သခင်"

"ကဲ ပြီးပြီလား၊ ကျွန်မ ရှင့်ကို ခွင့်လွှတ်တယ် ရပြီလား"

"ရှင်သခင် မင်းကို ကိုယ်ချစ်တယ်၊ ဘယ်လိုအရာမျိုးနဲ့မှ မင်းကို မလဲနိုင်ဘူး"

"ကျွန်မဦးလေး ကျွန်မကြောင့် မျက်နှာငယ်ရတယ်၊ ကျွန်မကို ဒေါ်လေးမြတ်က နှင်ချနေပြီလေ၊ ကျွန်မ ရပ်ကွက်ထဲမှာလည်း နာမည်ပျက်ရပြီ၊ ရှင်ဘာနဲ့ပေးဆပ်မှာလဲ၊ ရှင့်အိမ်က





အမေ့မြတ်လို့ ကျွန်မကို ဆံပင်းရဲတွင်းထဲ ဆွဲခေါ်သွားမလို့လား၊ ကျွန်မကို နှိမ့်ချပြောဆိုစော်ကားကြမှာကို ကျွန်မက အခြောက်တိုက်ခံရမှာလားဟင်"

ရှင်သခင် နာနာကျည်းကျည်းပဲ ပြောလိုက်မိလေသည်။ အခု ရှင်သခင် မဖြစ်စေချင်တာတွေဖြစ်ရပြီ။ အဲဒါကြောင့်ပဲ ရပ်ကွက်ထဲမှာ အရှက်ရပြီ။ ကောင်းကင်ယံကို ချစ်မိရင် သူတို့အသိုင်းအဝိုင်းတွေကလာပြီး စော်ကားကြဦးမယ်။

"ကျွန်မကို ရှင့်အသိုင်းအဝိုင်းတွေက မတူမတန်ဘူးလို့ ပြောကြဦးမယ်၊ ကျွန်မ အဲ့ဒါကို မဖြစ်ချင်တာပါ၊ ဖြစ်နေရပြီ ရှင့်ကြောင့်ပဲ"

"ကိုယ် ရှင်သခင့်အတွက် ပေးဆပ်ပါ့မယ်၊ မင်းဖြစ်ချင်တာဖြစ်အောင် ကိုယ် ကြိုးစားမယ်"

"အခုလောလောဆယ်တော့ ရှင် ကျွန်မနဲ့လာပြီး မပတ်သက်ပါနဲ့၊ ကျွန်မ ရှင့်ကိုမချစ်ဘူး၊ ကျွန်မဘဝကို တိုးတက်ကြီးပွားအောင် ကြိုးစားရဦးမယ်၊ ကျွန်မဘဝမှာ ဘယ်တော့မှ အစီပွါယ်မရှိ အကျိုးမဲ့တဲ့အလုပ်တွေ မလုပ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရှင်သခင်က ခပ်ပြတ်ပြတ် ခပ်မာမာထန်ထန်လေးပြောပြီး လှည့်ထွက်လာခဲ့လေသည်။ ကောင်းကင်ယံ နောက်မှကပ်လိုက်နေ၏။ ရှင်သခင်က ခြေလှမ်းတွေကို ရပ်ပစ်လိုက်သည်။

"ရှင် နေခဲ့ပါ၊ ရပ်ကွက်ထဲမှာ ထပ်ပြီး အရိုက်ခံချင်လို့လား၊ ကျွန်မထပ်ပြီး ရဲစခန်းရောက်အောင်လို့လား"

"ရှင်သခင်ရယ်၊ ကိုယ် ဘာလုပ်ရမလဲ၊ မင်းဆီက ချစ်ပါတယ်ဆိုတဲ့အဖြေဟာ ကိုယ့်ဘဝအတွက် အလိုအပ်ဆုံးအရာပါ၊ ကိုယ့်အသက်ကို ပေးရမယ်ဆိုရင်တောင် ကိုယ် လိုက်လျှောချင်တယ်"

"စိတ်ညစ်လိုက်တာနော်၊ ကျွန်မ ရှင့်ကို မချစ်ပါဘူးလို့ ပြောထားပြီးပြီပဲ၊ အဲ့ဒါ ကျွန်မရဲ့အဖြေပဲလေ"

ကားလေးတစ်စီးက ရှင်သခင့်အနား ထိုးရပ်လာလေသည်။ ကားပေါ်မှ မိန်းမချောလေးတစ်ယောက် ဆင်းလာ၏။ ရှင်သခင့်ရှေ့မှာ လာရပ်သည်။ စူးစူးဝါးဝါးအကြည့်တွေနှင့် မာထန်နေ၏။ ကောင်းကင်ယံက ထိတ်ထိတ်ပြာပြာနှင့် တားဆီးဖို့ကြိုးစားလေသည်။





"နင်လား ရှင်သခင်ဆိုတာ ယံ့ကို ဘာတွေနဲ့မြူဆွယ်ဖြားယောင်းထားတာလဲ၊ ဒီမှာ ငါ့နာမည်က တူယှဉ်ပြိုင်၊ သူဌေးသမီးလေ၊ နောက်ပြီး ယံနဲ့လက်ထပ်ဖို့ စီစဉ်ထားတဲ့ မိန်းကလေးပဲ"

"တူယှဉ်ပြိုင် မင်း ဘာတွေလာပြောနေတာလဲ၊ မဟုတ်ဘူး ရှင်သခင်၊ သူပြောတာတွေမယုံနဲ့၊ လူကြီးတွေ ဘယ်လိုပဲစီစဉ်ပါစေ ကိုယ့်ဆန္ဒမှမပါတာပဲ"

"ယံနော် လာ ကားပေါ်တက်၊ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ကို ဒီလောက်အထိ အောက်ကျခံနေစရာမလိုပါဘူး"

ရှင်သခင့်ရင်ထဲမှာ ဒေါသတွေ ဝုန်းခနဲ ပေါက်ကွဲသွားရလေသည်။ ဘာမဟုတ်တဲ့မိန်းမဟု အပြောခံရမှာကို ရှင်သခင်အကြောက်ဆုံးဖြစ်ခဲ့၏။ အပြောမခံရအောင် ကောင်းကင်ယံကိုငြင်းပယ်ခဲ့တာပဲ။ ရှင်သခင်မျက်ဝန်းတွေကလည်း တင်းမာခက်ထန်သွားရလေသည်။ တူယှဉ်ပြိုင်ဆိုတဲ့ မိန်းမကို ရင်ဆိုင်ပစ်လိုက်၏။ ဆင်းရဲနွမ်းပါးတယ်ဆိုပြီး အောက်ကျခံမယ် မထင်နဲ့။ နာမည်ကိုက ရှင်သခင်လေ။

"ကောင်းကင်ယံ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်သခင်"

"သူ့နောက်လိုက်သွားပါ၊ ရှင့်ကို ကျွန်မ ဘယ်တော့မှ လက်မခံဘူး၊ ချစ်လည်းမချစ်ဘူး၊ ရှင်တို့ အသိုင်းအဝိုင်းတွေကို အထင်လည်းမကြီးဘူး၊ ဒီမှာ တူယှဉ်ပြိုင် ကောင်းကင်ယံကို ထိန်းထားပေးပါ၊ နောက်ထပ် စော်ကားမယ်ဆိုရင်တော့ ရှင်တို့နှစ်ယောက်လုံးကို အချုပ်ထဲပို့ပစ်လိုက်မယ်"

"ဘာ"

"ဒီမှာ ရှင်က တူယှဉ်ပြိုင်၊ ကျွန်မက ရှင်သခင်၊ ရှင့်ကို ကျွန်မ လုံးဝမပြိုင်ဘူးနော်၊ ကျွန်မက အမြဲတမ်း အောင်နိုင်သူပဲ၊ ရှင်သခင်ပဲ"

ရှင်သခင်ပြောပြီး လှည့်ထွက်လာခဲ့လေသည်။ ကောင်းကင်ယံ ရှင့်ကို ကျွန်မမုန်းတယ်။ ရှင့်ကြောင့် ကျွန်မဘဝမှာ ခလုတ်ကန်သင်းတွေဖြစ်ရပြီး အရှက်သိက္ခာတွေမဲ့ရပြီး မဖြစ်ချင်လို့ ရှောင်ကွင်းနေခဲ့ပေမဲ့ ဖြစ်နေရပြီ။ ရှင်သခင့်ရင်ထဲမှာ နာကျင်နေလေသည်။ ဒေါသတွေလည်း ဖြစ်နေမိ၏။ မုန်းလိုက်တာ။ အရမ်းမုန်းတာပဲ။ တူယှဉ်ပြိုင်ဆိုတဲ့ မိန်းမကလည်း ရှင်သခင်ကို မှိုချိုး





မှျစ်ချိုးပြောချင် နေသည်။

ကောင်းကင်ယံနဲ့ လက်ထပ်မဲ့ မိန်းမတဲ့။ ဘာဖြစ်လဲ။ အထင်မကြီးပါဘူး၊ ရှင်သခင်ကလည်း ကောင်းကင်ယံကို စိတ်ဝင်စားတာမှမဟုတ်တာ။ အိမ်ရောက်တော့ ဦးလေးက ရှင်သခင့်ကိုတွေ့ဖို့ အိမ်ဖော်ကောင်မလေးက လာပြောသည်။

"မမရှင်သခင် ဖေကြီးနဲ့မေကြီး ကွာရှင်းတော့မယ်ထင်တယ်"

"ဟင်"

ဦးလေးကို ဒေါ်လေးက ပထုတ်ချင်နေလေသည်။ အမွေကိစ္စတွေပဲ ဖြစ်နိုင်၏။ ဦးလေးအတွက်လည်း ရှင်သခင် ဘာမှလုပ်ပေးနိုင်ပေ။ ရှင်သခင့်ကြောင့်လား။ ဦးလေးကိုတော့ စိတ်ဒုက္ခရောက်စေချင်ပါဘူး။ ဦးလေးဆီ ရှင်သခင်ရောက်သွားသည်။

"ရှင်သခင်"

"ပြောပါ ဦးလေး"

"ရှင်သခင် တူမလေး အထုပ်ပြင်တော့"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးတို့ ဒီကနေသွားကြမယ်"

"ဦးလေး ရှင်သခင်ကြောင့်လားဟင်၊ ဒါဆိုရင်တော့ ဦးလေးမဆင်းပါနဲ့၊ ရှင်သခင်ပဲ ဆင်းသွားပါ့မယ်"

"ဘယ်ဖြစ်မလဲ၊ တူမလေးက အပျိုအရွယ်လေး၊ မဖြစ်ဘူး၊ ဦးလေးလိုက်ပြီးစောင့်ရှောက်ရမယ်၊ ရသင့်ရထိုက်တာတွေကိုတော့ ဦးလေး တရားရုံးကပဲပြောမယ်"

"ရှင်သခင်ကြောင့် ဦးလေးတို့အိမ်ထောင်ရေး အပြုကွဲမခံပါနဲ့နော်၊ ဒေါ်လေးမြတ်ကို ဦးလေး ဘယ်လောက်အထိချစ်တယ်ဆိုတာ ရှင်သခင်သိတယ်"

ရှင်သခင် တူမလေးရယ် ဦးလေးမှားတာပါ။ မိန်းမဘက်လိုက်ပြီး တူမလေးရဲ့ဘဝကို ဒုက္ခတောထဲ တွန်းပို့ခဲ့တာပါ။ တကယ်တော့ တူမလေးမိဘတွေ ကျန်ခဲ့တဲ့ အမွေပစ္စည်းတွေကို မိမိအပိုင်သိမ်းထားလိုက်သည်။ ပြီးတော့ ဇနီးမြတ်မြတ်လက်ထဲအပ်ထားလိုက်လေသည်။ မြတ်မြတ်ကလည်းလွန်း၏။ သူ့နာမည်တွေနှင့် ပြောင်းဖြစ်ပြီး အပိုင်စီးတော့သည်။ တူမလေးမိဘလက်ထက်က ကျန်ခဲ့တဲ့ ရတနာပစ္စည်းတွေလည်း မြတ်မြတ်ပဲ





အပိုင်စီးထားသည်။ ဒီအကြောင်းတွေကို တူမလေးအား ပြောမပြရဲပေ။ မိမိအသုံးမကျရာ ရောက်တော့မည်။ အခုဘာမဟုတ်တဲ့အကြောင်းအရာနဲ့ တူမလေးအား ပထုတ်လိုက်ဖို့ ကြိုးစားနေကြ၏။ မိမိသည်းမခံနိုင်တော့။ တူမလေးနဲ့အတူ လိုက်သွားဖို့ပဲ ဆုံးဖြတ်လိုက်သည်။

"ရှင်သခင် ဘာမှပြောမနေနဲ့တော့၊ ဦးလေး ပြောသလိုပဲ အထုပ်ပြင် သွားကြမယ်၊ ငါ့တူမလေးကို မရက်စက်နိုင်ဘူး၊ အထုပ်ပဲပြင်"

"ဦးလေး"

"ဦးလေး တာဝန်မမဲ့နိုင်ဘူး၊ သင်းတို့အတွက် စည်းစိမ်တွေအပြည့်ထားခဲ့ပြီးပြီပဲ၊ သွား ယူစရာရှိတာယူခဲ့၊ သွားကြစို့"

ဒေါ်လေးမြတ်နှင့် မနန္ဒာကိုတော့ မတွေ့ပေ။ ဦးလေးဆင်းရဲဒုက္ခရောက်တော့မယ်။ ရှင်သခင်ကြောင့်ဖြစ်ရ၍ စိတ်မကောင်း ဖြစ်နေရသည်။ ဦးလေးကပြောမရ။ ဒီကနေထွက်သွားဖို့ပဲ ဆုံးဖြတ်လိုက်ပြီတဲ့။

"တူမလေးဘဝ နိမ့်ကျခဲ့ရတာ ဦးလေးတာဝန်မဲ့လို့ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ တူမလေးဘက်ကပဲ ရပ်တည်မယ်၊ ဘာမှပြောမနေနဲ့တော့"

ရှင်သခင် ယူစရာရှိတာတွေယူပြီး ဦးလေးနှင့်အတူ ထွက်လာခဲ့ရလေသည်။ အရာအားလုံးဟာ ရှင့်ကြောင့်ပဲ ကောင်းကင်ယံ။ ကျွန်မကို အပြစ်ရှာနေတဲ့ ဒေါ်လေးမြတ်အကွက်ထဲ ဝင်သွားရတာပဲ။ ဦးလေး ဆင်းရဲဒုက္ခရောက်ရတော့မယ်။ ရှင်သခင် စိတ်မကောင်းဖြစ်နေရသည်။

"ရှင်သခင်"

"ရှင် ဦးလေး"

"ဘာမှအားမငယ်နဲ့၊ ဦးလေးမှာ ငွေရှိပါတယ်၊ အိမ်ခန်းငှားနိုင်တယ်၊ အိမ်ဖော်ကောင်မလေး မသင်းလည်း လိုက်နေမှာပဲလေ၊ ဒီနေ့ကစပြီး တူမလေးဘဝ မြင့်မားတင့်တယ်စေရမယ်၊ ဦးလေး တာဝန်ယူပါတယ်ကွယ်"

ဒေါ်လေးမြတ်အိမ်က အလုပ်သမား ကောင်မလေးကလည်း ရှင်သခင်တို့နှင့် လိုက်လာသည်။ ရှင်သခင့်ကြောင့် ဦးလေးတို့အိမ်ထောင်ရေး ပြိုကွဲရပြီး ဦးလေး စီးပွားရေးတွေ လက်လွှတ်





ထားခဲ့ရတာပဲ။ စိတ်မကောင်းဖြစ်နေရ၏။ ရှင်သခင် ဒေါသအဖြစ်ဆုံးဟာ ကောင်းကင်ယံပဲ။ ရှင် ကျွန်မအတွက် ဘာတစ်ခုမှ လုပ်မပေးနိုင်ဘဲနဲ့ ကျွန်မဘဝကို လမ်းချော်တိမ်းစောင်းသွားအောင် လုပ်ခဲ့တာပဲ။ ကောင်းကင်ယံနဲ့ လွတ်ကင်းရာနေရာကို ပြောင်းသွားရတာပဲ စိတ်ချမ်းသာနေမိလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"သား ရှင်သခင်နဲ့ ဝေးသွားလို့မဖြစ်ဘူး မာမီ၊ တူယှဉ်ပြိုင်နဲ့ လုံးဝလက်မထပ်နိုင်ဘူး၊ သားကို အမွေဖြတ်လိုက်ပါ"

ရှင်သခင့်ကို ပြိုင်က ပြောဆိုကြိမ်းမောင်းတာမျိုးတွေ ယံ လက်မခံနိုင်ပေ။ ရှင်သခင်မှာ အပြစ်မှမရှိတာပဲ။ တူယှဉ်ပြိုင်နဲ့ အတင်းအကြပ် လက်ထပ်ပေးမယ်ဆိုရင် သူထွက်သွားတော့မည်။

"တူယှဉ်ပြိုင်ကို သား မုန်းတယ်၊ ရှင်သခင့်ကို ဘာဖြစ်လို့ ပြဿနာရှာရတာလဲ၊ ရှင်သခင့်အိမ်မှာ ပြဿနာတွေတက်ရတာ ယံကြောင့်ပဲ"

ယံ နေလို့မရတော့ပေ။ ရှင့်သခင့်ကို တောင်းပန်လို့မှ





ရပါတော့မလား။ ယံ စိတ်သောကတွေ ဖိစီးနေလေသည်။ ဘွားနဲ့ မာမီက ရှင်သခင်နှင့် သဘောမတူဘူးဆိုရင်တော့ ဒီမိသားစုအသိုင်းအဝိုင်းကနေ ထွက်သွားတော့မယ်။

"သား ရှင်သခင်ကလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး မာမီ၊ ရှင်သခင်နဲ့ဝေးရရင် ယံ သေမှာပဲ"

"ယံ"

"မြေးလေး"

"မောင်လေးရယ်"

ယံ့မျက်နှာလေး ကြေကွဲဝမ်းနည်းနေပြီး အင်အားတွေ ချိနဲ့နေသလို ဖြစ်နေသဖြင့် မိသားစုဝင်တွေအားလုံး စိတ်ပူနေရသည်။ ယံ့ကို သည်းသည်းလှုပ် ချစ်မြတ်နိုးကြ၍ ပြာယာခတ်အောင် ဖြစ်နေကြရ၏။ တူယှဉ်ပြိုင်ကလည်း ယံမှယံ။ လူကြီးတွေဖိအားနှင့် လက်ထပ်ဖို့ ကြိုးစားနေတော့သည်။ ယံက ခါးခါးသီးသီးပင် ငြင်းဆန်နေတော့၏။ မိသားစုတွေအားလုံးဟာ ယံ့ကို မစွန့်လွှတ်နိုင်ကြ။ ဝိုင်းဝန်းဖျောင်းဖျ၍လည်းမရဘဲ ဖြစ်နေသည်။

"ဘွားရယ် ရှင်သခင့်ကိုတောင်းပေးပါ၊ ကြီးကျယ်ခမ်းနား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ မင်္ဂလာပွဲကြီးကို ကျင်းပပေးပါ၊ ခြံနဲ့တိုက် လက်ဖွဲ့ပါ"

"ယံ အဲမီပွါယ်မရှိတာဘဲ၊ ဒီလောက်လောဘကြီးတဲ့ ဟာမလေးကို ဘာဖြစ်လို့ တမ်းတမ်းတတ ဖြစ်နေရတာလဲ၊ ရှင် အရူးလား၊ ဟိုဟာမကရော ရှင့်ကို လက်ခံလို့လား"

"တူယှဉ်ပြိုင် ကိုယ့်ကိစ္စတွေမှာ မင်း ဝင်မပါပါနဲ့၊ ကိုယ် ရှင်သခင်ကလွဲပြီး ဘယ်လိုမိန်းကလေးကိုမှ မချစ်ဘူး၊ ဘယ်တော့မှ လက်ခံမှာလည်း မဟုတ်ပါဘူး"

"မရဘူး"

"ဘာ"

"မာမီတို့ရောက်လာတော့မယ်၊ ရှင် အရူးထနေတာတွေ ရပ်လိုက်တော့"

"မင်း အရူးထနေတာပဲ တူယှဉ်ပြိုင်၊ ကိုယ် ရှင်သခင့် အတွက် အရာအားလုံးကို စွန့်လွှတ်မယ်"

တူယှဉ်ပြိုင့်အကြည့်တွေက တင်းမာခက်ထန်လွန်းနေသည်။ စောင့်ကြည့်နေလေ ကျွန်မက တူယှဉ်ပြိုင်ပဲမလား။ ရှင်သခင် နင်က ရှင်သခင်လား။ ဟွန်း သူများအိမ်မှာ ကပ်နေရတဲ့ မိန်းမက





များ။ နင်က ကျွန်မပဲ ဖြစ်ရမှာ။ တူယှဉ်ပြိုင် ဒေါသတွေဖြစ်နေမိသည်။ မခံချင်စိတ်တွေနှင့် ယံ့ကို ဘယ်လိုနည်းနှင့်မှ လက်လွှတ် အဆုံးရှုံး မခံနိုင်တော့ဘူး။ မာမီတို့ကို လိုက်လာဖို့မှာလိုက်ပြီ။

ရှင် ပြိုင့်ကို လက်ထပ်စေရမယ်။ ရှင်သခင်က ဘာမို့လို့လဲ။ ကျွန်မထက် ဘာများသာနေလို့လဲ။ မုန်းလိုက်တာ။ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ကို တူယှဉ်ပြိုင်က အရှုံးပေးရမလား။ ရှင်သခင် အလုပ်လုပ်တဲ့ကုမ္ပဏီကို တူယှဉ်ပြိုင်ရောက်လာခဲ့သည်။ ကြည့်စမ်း ပါဦး။ ယံ သည်းသည်းလှုပ် တန်ဖိုးထားနေတဲ့ ရှင်သခင်က သာမန်အလုပ်သမလေးပါ။ ဘာအထင်ကြီးစရာမှ မရှိပါဘူး။ အလုပ်သမတွေကြားထဲမှာ ရှင်သခင်ရောပါလာတာ တွေ့နေရသည်။ တူယှဉ်ပြိုင့် ဒေါသတွေက အထွတ်အထိပ်ကို ရောက်သွားရတော့၏။ ရှင်သခင်က မိန်းကလေးတွေ အားလုံးထဲမှာ ထင်းနေလေသည်။ မနာလိုစရာကောင်းလိုက်တာ။ ယံ့ရဲ့အချစ်မြတ်နိုးဆုံး မိန်းမတဲ့။ တူယှဉ်ပြိုင့် ခြေလှမ်းတွေက ရှင်သခင့်နား ရောက်သွားပြန်လေသည်။

"ဒီမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရှင်သခင်ဆိုတဲ့နာမည်ကို မခေါ်ချင်ပေ။ ညည်းနဲ့တန်လို့လား။ တူယှဉ်ပြိုင် အကြည့်တွေက ရဲရဲတောက် မာထန်နေ၏။ လူတွေကလည်း စိတ်ဝင်တစား ကြည့်နေကြလေသည်။

"ကောင်းကင်ယံနဲ့နင်နဲ့ တန်လို့လား၊ နင် မာယာတွေနဲ့ ယံ့ကို ဖြားယောင်းသွေးဆောင်ထားလို့ ယံက အရူးထနေတာလေ၊ ဘာလဲ၊ တိုက်နဲ့ခြံနဲ့ လာတောင်းရမယ် ဟုတ်လား၊ နင့်အဆင့်ကများ"

ရှင်သခင်ကလည်း တူယှဉ်ပြိုင့်ကို ကြောက်ရွံ့တုန်လှုပ်ခြင်းကင်းမဲ့စွာ ခပ်တင်းတင်း ရင်ဆိုင်လိုက်သည်။ မထူးတော့ဘူး။ ပတ်ဝန်းကျင်ကလည်း တချို့ရပ်၍ပင်ကြည့်နေ၏။ တူယှဉ်ပြိုင်ဘယ်လိုမိန်းမပဲဖြစ်နေပါစေ။ ရှင်သခင့်ကို ဒီလိုလာနှိမ်လို့မရဘူးလေ။ ဘာဆိုင်လဲ။ ကိုယ့်ဟာကိုယ်နေတာ။ ရှင်သခင်ဆိုတာ ရှင်သခင်ပဲ။ နင့်နောက်လိုက် နင့်အနှိမ်ခံ မဖြစ်နိုင်ဘူး။ အရှုံးမပေးဘူး။ ငါ့မှာ မာနတွေ ဘယ်လောက်ချမ်းသာနေလဲဆိုတာ နင့်ကိုပြရမှာပဲ တူယှဉ်ပြိုင်။ နင်တို့ဟာ နင်တို့ချမ်းသာတာ ငါနဲ့ဘာဆိုင်လို့လဲ။





မျက်နှာလေးက တင်းမာကာ မော့မော့လေး ချိထားလိုက်သည်။

"ဘာတွေလာပြောနေတာလဲ တူယှဉ်ပြိုင်၊ နင်တို့ကောင်းကင်ယံဆိုတဲ့လူကို ငါ အထင်မကြီးဘူး၊ စိတ်လည်း မဝင်စားဘူး၊ နင်ရအောင်ယူပါလား၊ ဘာလဲ၊ နင့်ကို မသုံးဘူးလား၊ ငါ မသုံးဘူး၊ ငါနဲ့မတန်ဘူးလို့ဘဲ သတ်မှတ်ထားတယ်၊ အရေးကြီးတာက နင့်တို့ဟာကို နင့်တို့ရအောင် ထိန်းထားဖို့ပဲ"

"ဘာ နင် ဘာမသုံးတာလဲ၊ နင် ကင်းကင်းနေပါလား၊ နင် ကြိုးရှည်ရှည်နဲ့လှန်ထားလို့ ယံက နင့်ကို စွဲလမ်းနေတာပဲ၊ မိသားစုတွေ ဘယ်လောက်စိတ်သောက ရောက်နေကြရလဲ"

"အဲဒါ ငါနဲ့မဆိုင်ဘူး တူယှဉ်ပြိုင်၊ အရေးကြီးတာက ကောင်းကင်ယံကို ငါ့ဆီမလာဖို့ဘဲ တားထားပေးပါ"

"ဒီမှာ"

"ငါ့နာမည် ရှင်သခင်"

"ငါ မခေါ်နိုင်ဘူး"

"နောက်တစ်ခါ ငါ့ရဲ့ဂုဏ်သိက္ခာကို ထိပါးအောင်လာပြောရင် နင့်ကို ထောင်ထဲပို့ပစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင် ပို့ပစ်ရင် ပို့ပစ်ကြည့်စမ်း"

ရှင်သခင် အေးအေးချမ်းချမ်းနေတာကို ဘာဖြစ်လို့ နှောင့်ယှက်ကြရတာလဲ။ ကောင်းကင်ယံကို ဘယ်တုန်းကမှ လက်မခံခဲ့ဘူး။ ဘာဖြစ်လို့လာပြီး စော်ကားနေရတာလဲ။ ရှင်သခင် ဒေါသတွေပေါက်ကွဲချင်နေသည်။

"ကောင်းကင်ယံကို နင်.ခပ်ပြတ်ပြတ်ပြောလိုက်ပါ၊ လုံးဝလက်မခံနဲ့၊ တိုက်နဲ့ခြိလည်း မျှော်လင့်မနေနဲ့၊ နင့်လိုမိန်းကလေးမျိုးကို ကောင်းကင်ယံရဲ့ အသိုင်းအဝိုင်းက လုံးဝလက်မခံဘူး"

"ဖြန်း"

"ဟင်"

"ဖြန်း"

"အဲဒါစော်ကားဦး၊ နင် မကျေနပ်ရင် တိုင်ချင်တဲ့နေရာကိုတိုင်လေ၊ နောက်တစ်ခါ ထပ်စော်ကားရင် ဆံပင်ဆွဲပြီး မြောင်းထဲမှာ နှစ်သတ်ပစ်လိုက်မယ် မှတ်ထား"

ရှင်သခင် လှည့်ထွက်လာခဲ့မိလေသည်။ မှတ်ထား။ စော်ကားချင်ဦး။ ရှင်သခင်အတွက် မထူးတော့ဘူး။ နဖတ်နေတော့ရော





သူတို့က ပိုပြီးစော်ကားကြဦးမည်။

"ဟဲ့ ရှင်သခင် နင် ရိုက်လိုက်တာ ဟိုဟာမလေးမျက်နှာကို့ အညိုအမဲစွဲသွားတာပဲ ကောင်းတယ်၊ နင် လက်သံပြောင်တယ်၊ ကားကို ဒေါသတကြီးမောင်းပြီး ထွက်သွားတယ်"

ရှင်သခင် ဘာမှပြေရှင်းချက်မပေးတော့ဘဲ ရုံးထဲဝင်လာခဲ့သည်။ စိတ်တွေက ညစ်နွမ်းရှုပ်ထွေးနေ၏။ ဒီရုံးကနေထွက်ရမယ်။ ကောင်းကင်ယံရဲ့ အသိုင်းအဝိုင်းတွေ လာပြီးနှောင့်ယှက်ဦးမယ်။ ရှင်သခင့်ကို ဘာဖြစ်လို့ လာနှောင့်ယှက်နေရတာလဲ။ ရှင်တို့ ဘာတွေလဲ။ ဦးလေးတို့ အိမ်ထောင်ရေးလည်း ပြိုကွဲရသည်။ ကောင်းကင်ယံ ရှင့်ကြောင့်ပဲ။ ကျွန်မဘဝရဲ့ မျှော်လင့်ချက်တွေ မှေးမှိန်ပျောက်ပျက်သွားရတာလည်း ရှင်တို့ နှောင့်ယှက်လို့ပဲ။ ဒီရုံးကနေ ထွက်ဖို့ပဲ ဆုံးဖြတ်ထားမိသည်။ အိမ်ပြန်တော့ ဦးလေးက ရှင်သခင့်ကို ပိုက်ဆံထုတ်ပေး၏။ ရှင်သခင့်ကို ကွန်ပျူတာတွေ သင်ဖို့တဲ့။

"ဦးလေး ဒီပိုက်ဆံတွေက"

"ဦးလေး ရှာလာတာပါ၊ ဘာမှပြဿနာမရှိဘူး၊ တူမလေး



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းတွေတက်ရမယ်မဟုတ်လား၊ အားမငယ်နဲ့နော်"

"ဦးလေးရယ်၊ ဒေါ်လေးဆီပဲ ပြန်သွားပါနော်၊ ရှင်သခင့်အတွက် ဘာပူပင်သောကမှ ရောက်မနေပါနဲ့တော့"

"ရှင်သခင် တူမလေးကို စောင့်ရှောက်ပါ့မယ်၊ ပဘာဝန်ရှိပါတယ်လို့ ပြောထားပြီးပြီပဲ၊ ဦးလေးကို ဘာမှထပ်မပြောနဲ့တော့"

ဦးရန်နောင်ကြောင့် ရှင်သခင် ဒီလိုအခက်အခဲတွေ ရင်ဆိုင်နေရတာပါ။ တူမလေးအပေါ် မိမိ မတရားလုပ်ခဲ့မိသည်။ မိန်းမဘက်လိုက်၍ အနိုမ်ခံ တူမလေးအတွက် စိတ်မကောင်းဖြစ်နေရသည်။

"တူမလေး အလုပ်ထွက်လိုက်တော့၊ ဦးလေး တာဝန်ယူမယ်၊ ရုံးကနေ ထွက်လိုက်ပါတော့"

ရှင်သခင်ကလည်း ရုံးကနေ ထွက်ချင်နေသည်။ ကောင်းကင်ယံကို အစဖျောက်ချင်နေ၏။ မတွေ့ချင်တော့ပါဘူး၊ ရှင်သခင်ဘဝအတွက် ကြိုးစားရဦးမယ်။

"ရှင်သခင်"

"ရှင်"





"ဟိုကောင်လေးကရော တူမလေးကို နှောင့်ယှက်သေးလား"

"ဟင့်အင်း"

"ဘာမှစဉ်းစားမနေနဲ့တော့၊ တူမလေး ရုပ်ရည်နဲ့ အများကြီးတွေ့ရမှာပါကွယ်၊ အင်းလေ ဆင်းရဲနွမ်းပါးတယ်ဆိုပြီး နှိမ့်ချဆက်ဆံချင်ကြတာပဲ၊ သူတို့မပြောနဲ့၊ ဦးလေးရဲ့မိန်းမတောင် နှိမ့်ချဆက်ဆံခဲ့တာပဲလေ"

ရှင်သခင့် မိဘလက်ထက်က ကျန်ခဲ့တဲ့ ပစ္စည်းဥစ္စာတွေအပိုင်းစီးပြီး ချမ်းသာနေတဲ့ သူတွေကတောင် ရှင်သခင့်ကို နှိမ့်ချဆက်ဆံခဲ့သေးတာပဲ။ ရှင်သခင် တူမလေး ကံဆိုးပါတယ်။ မိဘတွေဆုံးတော့ မွေးကင်းစလေး ရှိသေးတယ်။ မိမိအမှားပဲ။

"ဦးလေး"

"ဟင်"

"ရှင်သခင် ကြိုးစားမယ်၊ ဦးလေး စိတ်သောကတွေမရောက်စေရပါဘူး၊ ရှင်သခင် အားမလျှော့ပါဘူးနော်၊ ကြိုးစားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးကို အားမနာပါနဲ့ တူမလေးရယ်၊ ဦးလေးတာဝန် ရှိပါတယ်၊ မမက ဦးလေးလက်ထဲ အပ်ခဲ့တာပဲ"

ဖြူစင်လှပချောမောလွန်းသော တူမလေးကိုကြည့်ပြီး စိတ်ထိနိုက်ကြေကွဲနေရလေသည်။

* * *



## အခန်း (၁၅)

"ဟိုဟာမလေးက ပြိုင့်ကို ပါးရိုက်လိုက်တယ်ဟုတ်လား၊ တော်တော်ရိုင်းတဲ့ ဟာမလေးပဲ၊ ကြည့်စမ်းပါဦး မြေးလေးရယ်၊ ပြိုင်လေးမှာ ဒဏ်ရာဒဏ်ချက်တွေနဲ့"

ရှင်သခင့်အတွက် ယံ စိတ်ပူပင်သွားရလေသည်။ တူယှဉ်ပြိုင် ဘာသွားလုပ်ခဲ့လဲ။ ရှင်သခင့်ကို အရှက်ခွဲခဲ့ပြန်ပြီလား။ တူယှဉ်ပြိုင့်မျက်နှာပေါ်မှာ အညိုအမည်းစွဲနေတော့၏။

"သိပ်ရိုင်းတာပဲ ဘွား၊ တိုင်ချင်ရာတိုင်တဲ့၊ ဟွန်း ဒီဟာမနဲ့ပြိုင်ပြီး အရှုံမဖြစ်ချင်ပါဘူး၊ ယံ တွေ့လား၊ အရမ်းရိုင်းစိုင်းတဲ့ဟာမလေး"



www.burmeseclassic.com

www.burmeseclassic.com



"တူယှဉ်ပြိုင် မင်း နိုင်ငံခြားကိုပဲပြန်ပါတော့၊ ကိုယ့်ကိစ္စတွေမှာ မနှောင့်ယှက်ပါနဲ့တော့၊ မင်းမိဘတွေလာလည်း အပိုပဲ၊ ငါ မင်းကို လက်မထပ်ဘူး"

"ရှင့်ကို ရှင်သခင်ကလည်း မသုံးပါဘူးနော် ကောင်းကင်ယံ"

"တူယှဉ်ပြိုင် ဘွားမြေးလေးကို ဘယ်လိုပြောလိုက်တာလဲကွယ်"

"အဲဒါအမှန်တရားပဲလေ ဘွား၊ ရှင်သခင်ဆိုတဲ့ ဟာမလေးက ပြောလိုက်တာပဲ"

တူယှဉ်ပြိုင် ဒေါသတကြီးပြောပြီး ထွက်သွားလေသည်။ ယံကတော့ ရှင်သခင့်အတွက်ပဲ စိုးရိမ်ပူပင်နေမိ၏။ ရှင်သခင့်မှာ အပြစ်မရှိပေ။ သူ့ကြောင့် ပတ်ဝန်းကျင်မှာ ဂုဏ်သိက္ခာမဲ့နေခဲ့ရတာပဲ။ ရှင်သခင်က ဒီလိုပြဿနာတွေ မဖြစ်စေချင်၍ ချမ်းသာတဲ့အသိုင်းအဝိုင်းကို ရှောင်နေတာပါ။ သူ့ကြောင့် ရှင်သခင် ထပ်ပြီးအရှက်ကွဲရပြန်ပြီ။ သူ့ကို အရမ်းမုန်းတီးနေတော့မည်။ သူ အပြင်ထွက်ဖို့ ပြင်လိုက်သည်။





"သား ဘယ်သွားမလို့လဲ"

"ရှင်သခင်ဆီ"

"ဘုရားရေ"

"အမလေး မောင်လေးရယ် မသွားပါနဲ့၊ ပြဿနာတက်ပါ့မယ်"

"ယံ သွားမှဖြစ်မယ်၊ ရှင်သခင် စိတ်ဆိုးသွားပြီ၊ တူယှဉ်ပြိုင်ကြောင့်ပဲ၊ ရှင်သခင်က ယံ့ကို မမြူဆွယ်ဘူး၊ လက်လည်းမခံပါဘူးဘွားရယ်၊ ယံကပဲ လိုက်နှောင့်ယှက်နေတာပါ၊ ရှင်သခင်က ရိုးသားဖြူစင်ပါတယ်"

"အဲ့ဒီရှင်သခင်ဆိုတဲ့ ကောင်မလေးကမှ မောင်လေးကို လက်မခံတာပဲ၊ ပြီးတော့ တိုက်နဲ့ခြံတောင်းနေတာရော ရိုးသားပါ့မလား"

"အဲ့ဒါက မဖြစ်နိုင်မှန်းသိလို့ပြောတာပါ၊ ယံက ဖွင့်အတင်းပြောလို့ပါ၊ မဖြစ်နိုင်တာ တောင်းဆိုလိုက်ရင် ယံ နောက်ဆုတ်သွားမလားလို့ပါဗျာ"

မြေးကိုယ်တိုင်က ရှင်သခင်မှ ရှင်သခင်ဖြစ်နေတော့ ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



မဟာစံတို့ အခက်တွေ့နေလေသည်။ မိသားစုဝင်တွေ ခေါင်းချင်းဆိုင်ပြီး ဆွေးနွေးနေကြရ၏။ မြေးကိုလည်း တားဆီး၍မရဘဲ ဖြစ်နေ၏။

"မောင်လေးကိုတော့ ဒုက္ခရောက်မခံနိုင်ဘူး မာမီ၊ ကြည့်ရတာ ဒီဟာမလေးအတွက် ရူးသွပ်နေသလိုပဲ၊ တစ်ခုခုတော့ လုပ်ပေးမှ ဖြစ်တော့မယ်"

"ဟုတ်တယ် တိမ်စံ၊ မြေးလေး ကတိမ်းကပါးဖြစ်မှာတော့ စိုးရိမ်တယ်၊ မြေးလေးဆန္ဒတွေအတိုင်းပဲ လုပ်ပေးလိုက်ကြရအောင်"

ဒေါ်တိမ်ထက်စံအနေနှင့် သားဆန္ဒကို ဖြည့်စွမ်းပေးဖို့ကလည်း ရှင်သခင်ဆိုတဲ့ ဟာမလေးက မရှိသွေးကြီးပြီး ဘဝင်မြင့်နေတာလား။ ဒီလိုဟာမလေးမျိုးကို ချွေးမတော်ရမှာ ရွံ့နေရသည်။ သား တစ်ခုခုဖြစ်သွားမှာကိုလည်း စိုးရိမ်နေရ၏။ မိမိတို့မျိုးရိုးက ဒီလောက် မြင့်မြတ်ကြီးကျယ်ခမ်းနားတာပဲ။ တူယှဉ်ပြိုင်လေးကိုပဲ ချွေးမတော်ချင်တာပါ။

"တိမ်စံ"





"ရှင် မေမေ"

"ကဲ ဘာမှပြောမနေကြနဲ့တော့၊ ရှင်သခင်ဆိုတဲ့ ဟာမလေးကိုပဲ တောင်းရမ်းပေးရတော့မှာပဲလေ၊ အားလုံးလက်ခံသဘောတူကြတော့"

"ဟုတ်ပါတယ် မာမီရယ်၊ လက်ခံလိုက်ပါတော့၊ မောင်လေးတစ်ခုခုဖြစ်လိမ့်မယ်၊ ကြည့်ပါဦး၊ စိတ်ဖိစီးပြီး အရမ်းပိန်ချုံးနေပြီလေ"

မေမေရော သမီးတော်တွေကပါ ဝိုင်းဝန်းတိုက်တွန်းနေလေသည်။

"တူယှဉ်ပြိုင်နဲ့ပဲ ဇွတ်အတင်းလက်ထပ်ဖို့ စီစဉ်ကြရအောင်ပါ မေမေ"

"အမလေး ညည်းသားက လက်မှမခံတာ၊ ဒီကနေထွက်သွားရင် ဒုက္ခပါပဲ၊ ကျုပ်တို့ ရင်ကျိုးရမှာနော်"

ဒေါ်မဟာစံကိုယ်တိုင်က မြေးကို သည်းသည်းလှုပ် စိတ်ပူပြီးမြေးဆန္ဒတွေအတိုင်းပဲ ဖြစ်စေချင်နေသည်။ ဒေါ်တိမ်ထက်စံလည်း ရှင်သခင်ဆိုတဲ့ ဟာမလေးကို ချွေးမတော်ရမှာ သဘောမကျ



www.burmeseclassic.com

www.burmeseclassic.com



မိပေ။ သားကလည်း ပြောမရပေ။

"တိမ်စံ ညည်း ဘာမှစဉ်းစားမနေနဲ့တော့၊ ရှင်သခင်ဆိုတဲ့ ဟာမလေးကို တောင်းရမ်းပေးဖို့ပဲ စီစဉ်တော့လေ"

"ဟုတ်ပါတယ် မာမီရာ၊ မောင်လေး စိတ်သောကတွေ ရောက်နေတယ်၊ သလ္လာတို့ မကြည့်ရက်ဘူး၊ မတတ်နိုင်တော့ဘူး၊ တူယုဉ်ပြိုင်ကိုလည်း အားနာမနေပါနဲ့တော့၊ မောင်လေးမှ မချစ်တာပဲ"

မေမေရော သမီးတွေပါ ဝိုင်းပြောနေကြ၍ ဒေါ်တိမ်ထက်စံ လက်ခံသဘောတူလိုက်ရလေသည်။

"တိမ်စံ"

"ရှင်"

"လုပ်ပေးလိုက်တော့၊ မေမေတို့ ဝယ်ထားတဲ့ အင်းယားလမ်းက ခြံနဲ့တိုက်ကို လက်ဖွဲ့လိုက်တော့၊ ဒီလ အငှားတွေ ဆင်းမှာပဲ၊ မြေးအတွက် ပြင်ပေးလိုက်"

အင်းယားလမ်းက ခြံနဲ့တိုက်ကြီးက အရမ်းပဲ ခမ်းနားလှပသည်။ မောင်လေးနဲ့တူယုဉ်ပြိုင်တို့ လက်ထပ်ပြီးရင် လက်ဖွဲ့ဖို့





ရည်ရွယ်ထားတာပဲ။

"နှမျောလိုက်တာ မေမေရာ၊ တိမ်စံတို့က ဘာမဟုတ်တဲ့ ချွေးမကို လက်ဖွဲ့ရမှာ"

"ဟဲ့ ကြားသွားဦးမယ်၊ ငါ့မြေးလေး စိတ်မကောင်းဖြစ်နေပါ့မယ်၊ သူ ချစ်ခင်မြတ်နိုးတဲ့ မိန်းကလေးကိုပဲ တို့က ဝိုင်းချစ်ရမှာပဲ၊ သလ္လာ သွားစမ်း ငါ့မြေးလေး စိတ်ချမ်းသာအောင် အားလုံး ဖြည့်စွမ်းပေးမယ်လို့ သွားပြောလိုက်တော့"

"ဟုတ်ကဲ့"

"ဝဠာ"

"ရှင်"

"တူယုဉ်ပြိုင်ကိုတော့ မြေးနဲ့လက်ထပ်ဖို့ ဖျက်လိုက်ပြီလို့ ညည်းပဲကြည့်ကောင်းအောင်ပြောလိုက်၊ မတတ်နိုင်ဘူး၊ ကျုပ်မြေး ဆန္ဒပဲ"

"ဟုတ်ကဲ့ ဘွား"

"ကဲ အားလုံး ကိုယ့်တာဝန်ကိုယ်ယူပြီး စီစဉ်စရာရှိတာတွေကို အကောင်းဆုံးဖြစ်အောင် စီစဉ်ကြတော့"



www.burmeseclassic.com

www.burmeseclassic.com



သလ္လာကတော့ မောင်လေး စိတ်ပျော်ရွှင်ချမ်းမြေ့စေရန် မင်္ဂလာသတင်းပြောဖို့ မောင်လေးအခန်းထဲ အပြေးဝင်လာခဲ့သည်။

"ယံ မောင်လေးထတော့၊ အားလုံးက မောင်လေးဆန္ဒကို ဖြည့်စွမ်းပေးကြမယ်တဲ့"

"ဟင်"

ယံ စိတ်တွေညစ်ထွေးပြီး အိပ်ရာပေါ်မှာ ခွေနေပါသည်။ မမသလ္လာစကားကြောင့် သူ လူးလဲထလိုက်၏။ သူ့ရဲ့အပြင်းပြဆုံး မျှော်လင့်ချက်က ရှင်သခင့်ကို ကြီးကျယ်ခမ်းနားစွာ လက်ထပ်ဖို့ပဲ။ မင်းဟာ ကမ္ဘာ့ပေါ်မှာ အပျော်ရွှင်ဆုံး အပြည့်စုံဆုံး အလိုဆန္ဒတွေ အပြည့်ဝဆုံး ကိုယ် ဖြည့်စွမ်းပေးချင်တယ်။

"မမသလ္လာ တကယ်ပြောတာလား"

"အင်း ဘွားရဲ့ဆုံးဖြတ်ချက်လေ၊ အင်းယားလမ်းက ခြံနဲ့ တိုက်ကို လက်ဖွဲ့မယ်တဲ့လေ၊ မောင်လေး စိတ်ချမ်းသာဖို့ပဲ အဓိက ပါ"

"ဝမ်းသာလိုက်တာ မမရာ၊ အရမ်းပျော်သွားပြီ၊ ဘွားကိုရော မမတို့ကိုရော ကျေးဇူးအရမ်းတင်တာပဲ"





"ကဲ ယံ ဘွားနဲ့သွားတွေ့လိုက်ဦး၊ ရှင်သခင်ဆိုတဲ့ ဟာမလေးကို တောင်းဖို့ကိစ္စလေ"

မိသားစုဝင်တွေက ရှင်သခင့်ကို မနှစ်သက်ဘဲ ယံကြောင့် လက်ခံလိုက်တယ်ဆိုတာ သိနေလေသည်။ အဲ့ဒီလိုလည်း မဖြစ်စေလိုပေ။ ရှင်သခင်က မာနကြီးတယ်။ နှိမ်ချဆက်ဆံတာမျိုး လက်ခံမှာ မဟုတ်ပေ။ ဘွားနှင့်သွားတွေ့သည်။ ရှင့်သခင့်ကို တောင်းမယ့် ကိစ္စတွေ စီစဉ်ကြသည်။

"ရှင်သခင့်ကို နှိမ်နှိမ်ချချ မဆက်ဆံကြပါနဲ့ ဘွားရယ်၊ မြေးကို ချစ်သလိုပဲ ချစ်ပေးကြပါ"

ဒေါ်တိမ်ထက်စံကတော့ သားကိုချစ်၍သာ လိုက်လျောရပေမဲ့ မကျေနပ်ပေ။ ဘာမဟုတ်တဲ့ ချွေးမကို တိမ်စံတို့မိသားစု အသိုင်း အဝိုင်းတွေက အောက်ကျခံပြီး ဆက်ဆံကြရမှာလား။ ဒေါ်မဟာစံ ကတော့ မြေးကောင်းကင်ယံရဲ့မျက်နှာ ကြည်သာရွှင်မြူးသွား၍ စိတ်ချမ်းသာသွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

"ရှင်သခင်"

"ဟင် ရှင် ရှင်"

ရှင်သခင် ရုံးကနေထွက်ခဲ့ပြီး အိမ်ပြန်လာစဉ် ကောင်းကင်ယံနှင့်တွေ့တော့သည်။ ရှောင်ချင်ပါတယ်ဆိုမှ တည့်တည့်တိုးနေရ၏။ ဒုက္ခပါပဲ။ သူ့ကြောင့် ပြဿနာတွေတက်နေရ၏။ ဒေါသဖြစ်ရသည်။ ဒီနေ့ ရုံးက နောက်ဆုံးပဲ။ လာပြီးမပတ်သက်ပါနဲ့ဆိုလည်း ပြောမရပေ။ ရှင်သခင့်မှာ ပြဿနာတွေ အများကြီးပဲ။ ဦးလေးကလည်း ငွေတွေ အတိုးနဲ့ချေးပြီး ရှင်သခင် အားမငယ်အောင် ပေးခြင်းဖြစ်သည်။ ဦးလေးမှာ လုပ်ငန်းလည်းမရှိတော့။





မိန်းမက အားလုံးလက်ဝါးကြီးအုပ်ထားသည်။ ရှင်သခင့်ဘဝမှာ ရုန်းကန်လှုပ်ရှားရဦးမည်ဖြစ်သည်။ ကောင်းကင်ယံကို မြင်ရတော့ စိတ်ပျက်၏။ မျက်နှာလေးက တင်းမာသွားရသည်။

"ရှင် လာပြန်ပြီလား၊ ဘာဖြစ်လို့ လာနှောင့်ယှက်နေရတာလဲ၊ ရှင့်ကြောင့် ကျွန်မ အရှက်ကွဲရပြီ၊ ပြဿနာတွေ ရှင်းနေရတယ်၊ ကျွန်မကို ဒုက္ခတွေရောက်အောင် မလုပ်ပါနဲ့တော့"

"ဘာဒုက္ခမှ မရှိတော့ပါဘူး ရှင်သခင်ရယ်၊ ကိုယ့်မိသားစုဝင်တွေက ရှင်သခင့်ကို လက်ခံလိုက်ကြပါပြီ"

"ဟင်"

"ရှင်သခင့် အုပ်ထိန်းသူတွေဆီမှာ လာပြီးတောင်းကြမယ်၊ ခြိနဲ့တိုက်ကိုလည်း လက်ဖွဲ့ကြမှာတဲ့"

ရှင်သခင်က မဖြစ်နိုင်ဘူးထင်ပြီး ပြောလိုက်တာပါ။ ကောင်းကင်ယံတို့ အသိုင်းအဝိုင်းက လက်ခံတယ်ဆိုတာလည်း ရှင်သခင့်ကို နှစ်သက်သဘောတူတာမျိုး မဖြစ်နိုင်ပေ။ မလွဲသာလို့ဘဲ ဖြစ်မှာပါ။ ရှင်သခင့်မျက်နှာလေးက တင်းမာနေဆဲပင်ဖြစ်သည်။

"ရှင်သခင်ရဲ့ အလိုဆန္ဒတွေအတိုင်းပဲ ဖြစ်စေရမှာပါ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် အားလုံးတာဝန်ယူပါတယ် ရှင်သခင်ရယ်၊ မင်း လက်ခံပါ”

“ဒီမှာ”

“ပြောပါ ရှင်သခင်ရယ်”

“တူယှဉ်ပြိုင်ဆိုတဲ့ မိန်းမကရော”

“ဘာမှမဆိုင်ပါဘူး ရှင်သခင်ရယ်၊ ကိုယ့်ဘက်ကမှ လက်မခံတာပဲ၊ ပတ်သက်စရာ အကြောင်းမရှိပါဘူး”

“ကျွန်မက မဖြစ်နိုင်ဘူးထင်ပြီး ပြောလိုက်တာပါ၊ ပြီးတော့ ရှင်တို့အသိုင်းအဝိုင်းတွေက ကျွန်မကို လက်မခံနိုင်ဘူးဆိုတာ ကျွန်မ သိပါတယ်၊ ရှင့်ကိုချစ်လို့ ရှင့်ဆန္ဒကို ဖြည့်ဆွမ်းပေးကြပေမဲ့ ကျွန်မကိုတော့ မုန်းတီးစက်ဆုပ်နေကြမှာပါ”

“ဘယ်သူမှ ရှင်သခင့်ကို ထိလို့မရဘူး၊ ကိုယ်တို့ သီးသန့်နေကြရမှာပဲဟာ”

“မဖြစ်ဘူးထင်တယ်”

“ဘာဖြစ်လို့လဲ ရှင်သခင်၊ ကိုယ့်အဘွားက လိုလေသေးမရှိအောင် ဖြည့်ဆွမ်းပေးကြမှာပါ၊ ကိုယ့်ကို လက်ထပ်ပါ ရှင်သခင်ရယ်၊ မင်းဘဝကို အကြီးကျယ် အခမ်းနားဆုံးဖြစ်စေရမှာပါ”





“ကျွန်မ ရှင့်ကို မချစ်ဘူး”

ရှင်သခင် ငွေမက်တဲ့ ယောကျ်ားတစ်ယောက်ကို ချစ်စားမြူစားတဲ့ မိန်းမတစ်ယောက်လို့ အထင်မခံနိုင်ပါဘူး။

“ကျွန်မ အိုင်တင်ခံနေတာ မဟုတ်ပါဘူး ကောင်းကင်ယံ၊ တမင်မဖြစ်နိုင်လို့ ပြောလိုက်တာပဲ၊ ကျွန်မကို မေ့ပစ်လိုက်ပါတော့”

“ရှင်သခင်”

“ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မကို မေ့ပစ်လိုက်ပါ၊ ကျွန်မဘဝမှာ ရုန်းကန်လှုပ်ရှားရဦးမယ်၊ ကျွန်မဦးလေးတာဝန်ကလည်းရှိသေးတယ်”

“ကိုယ် ရှင်သခင့်ကို လက်ထပ်မယ်၊ မင်း ကတိအတိုင်းပဲ၊ အကြီးကျယ်ဆုံး၊ အခမ်းနားဆုံး မင်္ဂလာပွဲကြီးကျင်းပမယ်”

“ကျွန်မကို ငွေမက်တဲ့မိန်းမလို့ မထင်ပါနဲ့”

“မင်းကို အဲ့ဒီလိုစည်းစိမ်ချမ်းသာတွေအပြည့်နဲ့ မထားရဘူးဆိုရင် ကိုယ်လည်း မင်းနဲ့ဘဝတူ ရုန်းကန်ဖို့ အိမ်ကနေ ဆင်းလာခဲ့တော့မယ်”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



"ရှင်သခင်ရယ် မင်းရဲ့ရိုးသားဖြူစင်တဲ့စိတ်တွေကို ကိုယ်သိပါတယ်၊ မင်းကိုတော့ ဘယ်နည်းနဲ့မဆို ပိုင်ဆိုင်ရမှ ဖြစ်မှာနော်"

ရှင်သခင့်ဆွဲခြင်းကို ဆွဲယူသည်။ သူ့ကားပေါ် အတင်းတက်စေ၏။ ရှင်သခင် ငြင်းဆန်လို့မရပေ။ သူက ဘတ်စ်စီးမယ် လုပ်နေသည်။ သူမနေတဲ့နေရာကို အသိမပေးလိုပေ။ ရှင်သခင်က ချမ်းသာတဲ့ယောကျ်ားတစ်ယောက်ကို လက်ထပ်ပြီး ချမ်းသာချင်တာမှမဟုတ်တာဘဲ။ ကိုယ်ပိုင်အစွမ်းအစနဲ့ ချမ်းသာချင်တာပါ။ သူများက အခြောက်တိုက် နှိမ်ချဆက်ဆံတာလည်း မခံနိုင်ပါ။ ရှင်သခင်က မာနရှိသည်။

"ကျွန်မက မာနရှိတယ်၊ ကျွန်မဘဝကိုထူထောင်ဖို့ ကိုယ်အားကိုယ်ကိုးချင်တယ်၊ ကိုယ်ပိုင်အစွမ်းအစနဲ့ပဲ ချမ်းသာချင်တယ်"

ရှင်သခင်ပဲ ဦးစီးပါ၊ ကိုယ့်ဘဝမှာ မင်းကို ပိုင်ဆိုင်ခွင့်မရလို့တော့ မဖြစ်ဘူးနော်၊ ကိုယ် ဘယ်လိုနည်းနဲ့မှ မင်းကို လက်လွှတ်အဆုံးရှုံး မခံနိုင်ဘူး"

ရှင်သခင် စိတ်ညစ်ရလေသည်။ သူ ဘယ်လိုနည်းနဲ့မှ နောက်ဆုတ်မှာမဟုတ်တော့။ အခုလည်း ကားနှင့် အတင်းအကြပ်





ခေါ်နေသည်။ ရှင်သခင် မစီးလို့မဖြစ်တော့။ ဒီပတ်ဝန်းကျင် အဝိုင်းအဝိုင်းမှာလည်း ရှင်သခင် မနေချင်တော့။ ရှင်သခင်တို့ အိမ်ရှေ့ရောက်တော့ သူ ဇွတ်အတင်းပဲ အိမ်လေးထဲဝင်လာခဲ့သည်။ ဦးလေးက အရက်တွေမူးပြီး အိပ်နေ၏။ အိမ်ဖော်ကောင်မလေးက ဦးလေးမှာ ဘယ်လိုစိတ်သောကရောက်စရာတွေ ရှိနေလဲဆိုတာ မသိဘူးဟု ပြောသည်။

"ကောင်းကင်ယံ"

"ဟင်"

"ကျွန်မအခြေအနေက ဒီလိုမျိုးနော်၊ ကျွန်မနဲ့ လက်ထပ်လို့ ရှင့်ဘဝမှာ တိုးတက်ကြီးပွားစရာ အကြောင်းမရှိနိုင်ဘူးလို့ထင်တယ်"

"ရှင်သခင်ရယ် မင်းကို ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ကိုယ်လက်ထပ်မယ်၊ ကိုယ့်ဘဝမှာ အလိုအပ်ဆုံးက မင်းပါပဲ"

ရှင်သခင့်ကို အချမ်းသာဆုံးဘဝမှာ သူထားချင်သည်။ အမြန်ဆုံးလက်ထပ်မယ်။ ရှင်သခင့်မျက်နှာလေးအား သူ စူးစိုက်ရွာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိ၏။ ချောမောလှပ သန့်စင်နေသည်။ မင်းရဲ့မျက်နှာလေးက စွဲမက်စရာကောင်းတယ် ရှင်သခင်။ မင်း မာနတကြီး တုံ့ပြန်တတ်တာကိုလည်း နှစ်သက်တယ်။ မင်း ဘယ်လိုအသိုင်းအဝိုင်းက ပဲဖြစ်ဖြစ် ကိုယ် ချစ်မြတ်နိုးရတဲ့ မိန်းကလေးပါပဲ ရှင်သခင်ရယ်။

"ရှင် ပြန်ပါတော့"

"ဒီညနေ မင်းဦးလေးကို ကိုယ့်အဘွားနဲ့ ကိုယ့်မာမီ လာတွေ့လိမ့်မယ်"

"ဟင်"

"မင်းဆန္ဒအတိုင်း ကိုယ် လူကြီးမိဘစုံရာနဲ့ မိသားဖသား ပီပီ လာပြီးတောင်းရမ်းတာပါ"

"ကျွန်မ စဉ်းစားပါရစေဦး ကောင်းကင်ယံ၊ ပြီးတော့ ရှင့်အသိုင်းအဝိုင်းက ကျွန်မကို ငွေမက်တယ်လို့ ပြောတာလည်း လက်မခံနိုင်ဘူး၊ ရှင် စဉ်းစားပါဦး"

"ကိုယ် မင်းနဲ့လက်ထပ်ဖို့ပဲ ဆုံးဖြတ်ထားပြီးပါပြီ၊ ရှင်သခင်ရယ်၊ မင်း မရှိရင် ကိုယ် ဘယ်လိုမှနေလို့မရလို့ပါ၊ ကိုယ် သေမှာပဲလေ၊ အိပ်လို့လည်းမရဘူး၊ စားလို့လည်းမဝင်ဘူး၊ တဖြည်း





ဖြည်း အင်အားတွေချိနဲ့ပြီး သေတော့မယ်လေ"

"ဟွန်း"

သူမ ဘာလုပ်ရမှန်းမသိဖြစ်နေစဉ် ဦးလေးထလာတော့သည်။ ဒယိမ်းဒယိုင်နှင့် သူ့ကိုကြည့်တော့၏။ ဦးလေး အရမ်းမူးနေတာပဲ။ စိတ်တွေ အရမ်းပဲညစ်နေပြီလား။

"မောင်ရင် ဘယ်သူလဲ"

"ရှင်သခင့်ချစ်သူပါ"

"ဘာ"

"ကောင်းကင်ယံ နင် ဘာတွေပြောနေတာလဲ၊ ဦးလေး ထိုင်ပါဦး၊ သူက ကောင်းကင်ယံတဲ့၊ ရှင်သခင်နဲ့ ပြဿနာတက်တဲ့ သူပါ"

"ဟင်"

ဦးရန်နောင် ခေါင်းထဲမှာ မူးနောက်ရီဝေနေသည်။ ဒီကောင်လေးက တူမလေးရှင်သခင်နဲ့ ပြဿနာတက်တဲ့ ကောင်လေးတဲ့။ အိမ်ရှေ့မှာလည်း နောက်ဆုံးပေါ်ကားကြီးရပ်ထား၏။ ရုပ်ရည်ကလည်း ယောကျ်ားပီသစွာ ချောမောသူပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကြောင့် ငါ့တူမလေး ဘဝပျက်ရတာပဲ၊ မင်းကြောင့် ငါ့တူမလေး အိမ်ပေါ်က အနှင်ချခံရတယ်၊ မင်းကြောင့် ငါ့အိမ်ထောင်ရေး ပြိုကွဲရတယ်၊ အဲ့ဒါ မင်းသိလား"

"ဟုတ်ကဲ့ သိပါတယ်၊ ဒါကြောင့်လည်း ကျွန်တော် ရှင်သခင့်ကို အစွမ်းကုန် ပေးဆပ်မှာပါ၊ ရှင်သခင့်ကို အရမ်းချစ်မြတ်နိုးပါတယ်၊ ဒီညနေ ကျွန်တော့်အဘွားနဲ့မိဘတွေ ဦးလေးနဲ့ လာတွေ့မှာပါ"

"ဟင်"

"ရှင်သခင်ရဲ့ ဆန္ဒတွေအတိုင်း လုပ်ပေးမှာပါ၊ တိုက်နဲ့ခြံလည်း သီးသန့်လက်ဖွဲ့မှာပါ၊ မိသားဖသားပီပီ ဆောင်းရမ်းပြီး အကြီးအကျယ် အခမ်းနားဆုံး မင်္ဂလာပွဲကြီး ကျင်းပကြမှာပါ"

"တကယ်လား မောင်ရင်၊ ကျုပ်တို့ကိုတော့ ထပ်ပြီး အရှက်ခွဲမယ် မကြံနဲ့နော်၊ ကျုပ်တူမအတွက် လုံးဝသည်းခံမှာ မဟုတ်ဘူး"

"တကယ်ပါ၊ ဦးလေးပဲ လက်ခံပါ၊ ရှင်သခင့်ကိုလည်း လက်ခံဖို့ပြောပေးပါ"





တူမလေးကို ဒီလိုချမ်းချမ်းသာသာနဲ့ မြတ်မြတ်နိုးနိုး လက်ထပ်ယူမယ့် ယောကျ်ားတစ်ယောက်နှင့် လက်ထပ်စေလိုသည်။ တူမလေး အနိမ့်ခံဘဝက လွတ်မြောက်စေချင်မိ၏။ အမူးတွေတောင် ပြေသွားသလိုပင်။

"ဦးလေးကို ဖြစ်ချင်တာတွေအားလုံး တောင်းဆိုနိုင်ပါတယ်၊ ရှင်သခင်နဲ့ လက်ထပ်ခွင့်ပြုပေးပါ"

"ကောင်းပြီလေ၊ ငါ့တူမလေး ကောင်းစားမယ်ဆိုရင် လက်ခံမယ်၊ ငါ့တူမလေးက ငွေကြေးပြည့်စုံတဲ့ မိဘတွေက မွေးလာတာပဲ၊ ငါ ဒီလောက်ပဲပြောချင်တယ်"

"ဟုတ်ကဲ့ပါခင်ဗျာ၊ ရှင်သခင် ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် တန်ဖိုးထား မြတ်နိုးနေမှာပါ"

"အိုကေ၊ ဒါဆို လက်ခံမယ်"

"ဦးလေး"

"ဦးလေး လက်ခံတာ ဦးလေးဇနီးနဲ့ ပြန်ပေါင်းချင်လို့ မဟုတ်ဘူး တူမလေး၊ ဒီမောင်ရင့်ကို ယုံကြည်လို့ပဲ၊ တူမလေး အပေါ် မြတ်မြတ်နိုးနိုး ပေါင်းဖက်တဲ့ အိမ်ထောင်ဖက် ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို လက်ခံရွေးချယ်သင့်လို့ပဲ"

ဦးလေးရန်နောင် အိမ်ခန်းထဲ ပြန်ဝင်သွားလေသည်။ ရှင်သခင့်ရင်ထဲမှာ နာကျင်ကြေကွဲနေရ၏။ ဦးလေးဆန္ဒအတိုင်းပဲ ဖြစ်ပါစေလေ။ ရှင်သခင့်ကို စိတ်ချချင်နေတာပဲ မဟုတ်လား။ ဒေါ်လေးမြတ်နဲ့ ပြန်ပေါင်းရင်လည်း ပေါင်းပါစေ။ ရှင်သခင့်ကြောင့် အိမ်ထောင်ရေးပြိုကွဲရတာ မဟုတ်လား။ ကောင်းကင်ယံနှင့် လက်ထပ်ဖို့ပဲ ရှင်သခင် သဘောတူလက်ခံလိုက်လေသည်။

* * *



# အခန်း (၁၇)

ယံရဲ့မိသားစု အသိုင်းအဝိုင်းတွေက ရှင်သခင့်ကို နှစ်သက်သဘောကျခြင်း မရှိဘူးဆိုတာ သိနေလေသည်။ ယံ့မာမီက ပိုဆိုးနေ၏။ မျက်ဝန်းတွေက မသိမသာ မာထန်နေသည်။ ရှင်သခင့်ကို ငွေမက်တဲ့မိန်းမလေး။ သူ့သားကို မြှူဆွယ်ဖြားယောင်းပြီး အပိုင်ချိုင်လိုက်တာလို့ ထင်မှာပဲ မတတ်နိုင်ဘူးလေ။ ရှင်သခင့်ကို ကောင်းကင်ယံက အရှုံးအမှုံးအတင်းအကြပ် လက်ထပ်ဖို့ ကြိုးစားခဲ့တာပဲ။ ရှင်သခင်က ယောကျ်ားတစ်ယောက်ကို ဘယ်တော့မှ မမြှူဆွယ်ဘူး။ ရယူဖို့လည်း မကြိုးစားဘူး။ အဲ့ဒါအမှန်တရားပဲလေ။ ဦးလေးကြောင့်လည်း ရှင်သခင် ယောကျ်ားတစ်ယောက် လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပါ။

"ရှင်သခင် ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ ပြောပါ၊ ကိုယ် အရာအားလုံး ဖြည့်စွမ်းပေးပါ့မယ်"

"ယံ"

"ပြော"

"ကျွန်မ တစ်ခုတောင်းဆိုချင်တယ် ရမလား"

"တောင်းဆိုပါ ရှင်သခင်ရယ်၊ အရာအားလုံး မင်းဆန္ဒပဲ ဖြစ်စေရမယ်လေ"

ယံ လက်တွေက ရှင်သခင် လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။ လက်ထပ်ဖို့ကိစ္စက လူကြီးတွေ စီစဉ်နေကြပြီဖြစ်၏။ ဖိတ်စာပင်ရိုက်ပြီးပြီ။ ရှင်သခင်က သူဌေးသားနဲ့ လက်ထပ်တော့မည်ဖြစ်၍ ဒေါ်လေးမြတ်တို့ သားအမိပင် အရောတဝင် ရှိလာကြသည်။ ဦးလေးနှင့် ပြန်ပေါင်းသည်။ ရှင်သခင့်ကို ဘာမှမတောင်းဆိုဘဲ အလိုက်အထိုက်နေလိုက်၏။ ဒါပေမဲ့ ရှင်သခင်ကတော့ တောင်းဆိုရမှာပဲ။

"ရှင်သခင်"





"ဟင်"

"တောင်းဆိုလေ"

"ဖြစ်ပါ့မလား ယံ"

"ဘာလို့မဖြစ်ရမှာလဲ၊ ရှင်သခင့်ဆန္ဒပဲဟာ"

"တူယုဉ်ပြိုင့်ကို မင်္ဂလာပွဲမှာ မတွေ့ချင်ဘူး၊ သူ့ကို မဖိတ်လို့ရမလား"

"ရပါတယ် ရှင်သခင်၊ ဘာဖြစ်လို့ မရရမှာလဲ၊ မင်းဆန္ဒတွေအတိုင်းပဲ ဖြစ်စေရမယ်"

ယံ့ရင်ခွင်က ရှင်သခင်ကို ပွေ့လောင်နေသလိုပင်။ သူ့လက်တွေက ရှင်သခင်ကိုယ်လေးအား တင်းကျပ်စွာ ရစ်သိုင်းပွေ့ဖက်ထားလေသည်။ ရှင်သခင်ရင်တွေ တဆတ်ဆတ်တုန်ရီလာရ၏။ သူမယောကျ်ားတစ်ယောက်နှင့် ထိတွေ့ဆက်ဆံဖူးတာ ပထမဆုံးပဲ မဟုတ်လား။ ယံက သူမချစ်သူလား။ လက်ဖျားတွေသာမက နှလုံးသားတွေပါ အေးစက်ချင်လာရသည်။

"ရှင်သခင့်ကို ကိုယ်ချစ်တယ်"

"ရှင်သခင်မသိဘူး၊ ဦးလေးအတွက် ရှင်သခင် လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပါ၊ အဲ့ဒါအမှန်ပင် ယံ''

''နောက်တော့ ရှင်သခင် ချစ်လာမှာပါ၊ ကိုယ့်ယောကျ်ားကိုတော့ မိန်းမတွေက ချစ်ကြပါတယ်နော်''

''ဟွန်း''

ရှင်သခင် အချစ်ဆိုတာကို စဉ်းစားနေမိလေသည်။ ယံနှင့်လက်ထပ်ရတာ စိတ်ထဲမှာ မသန့်သလိုကြီးဖြစ်နေရ၏။ ဦးလေးကြောင့်လား စည်းစိမ်ဥစ္စာတွေကြောင့်လား။ ကောင်းကင်ယံကို ရှင်သခင်မချစ်ပါဘူး။ ရှင်သခင် သူနဲ့လက်ထပ်ဖို့ သဘောတူလိုက်ရတာပဲ နှလုံးသားတွေ နာကျင်နေရသည်။

''ဒီမှာ ရှင်သခင့်အတွက် လက်ဝတ်ရတနာတွေ၊ ကိုယ့်အစ်မတွေက လက်ဖွဲ့တာလေ၊ ဒါက ကိုယ်ဝယ်ပေးတာ စိန်တွေ၊ ရှင်သခင်ကြိုက်ရဲ့လားကွာ၊ ကိုယ်ဝတ်ပေးမယ်နော်''

''ဟင့်အင်း''

''ဘာဖြစ်လို့လဲ ရှင်သခင်''

''ကျွန်မ စိတ်ထဲမှာမသန့်ဘူး၊ မဝတ်ချင်လို့''

''ကိုယ့်ရဲ့ချစ်သက်လက်ဆောင်ပါကွာ၊ ရှင်သခင်က ကိုယ့်





ဇနီးလောင်းပဲ၊ နောက်ကိုယ်ပိုင်ဆိုင်သမျှ ရှင်သခင်ပဲ ပိုင်ဆိုင်ရမှာပဲလေ''

''ဟင့်အင်း''

''ဝတ်ပါ ရှင်သခင်ရယ်၊ မာမီတို့ကလည်း ဝတ်စေချင်တယ်၊ ဘာမှအားနာစရာမှ မရှိတာဘဲ၊ ဝတ်နော်၊ ကိုယ်ကိုယ်တိုင်ဝတ်ပေးမယ်''

''မဝတ်ဘူး၊ ဒါမျိုးတွေ မဝတ်ချင်ပါဘူး၊ ကျွန်မက ဒါမျိုး တွေဝတ်မှ ရှင်နဲ့ဂုဏ်ခြပ်တူမယ်လို့ ထင်နေလို့လား''

''မဟုတ်ပါဘူး ရှင်သခင်ရယ်၊ မဝတ်ချင်လည်းနေပါ၊ မလိုပါဘူးကွာ၊ မင်းကို ကိုယ်က သဘာဝလေးချစ်တာပါ''

ရှင်သခင်မျက်နှာလေး ညှိုးသွားသဖြင့် ယံ ထိတ်ထိတ်ပျာပျာဖြစ်သွားရလေသည်။ ရှင်သခင့်မျက်နှာလေး ညှိုးသွားမှာပင် မလိုလားမိ။ လက်ဝတ်ရတနာတွေ ပြန်သိမ်းလိုက်သည်။ ရှင်သခင့်ဆန္ဒက ယံဆန္ဒပဲ။ ချစ်သူ့မျက်နှာ ဖူးဖူးစင်စင်လေးကို စူးစိုက်စွာ ကြည့်နေမိ၏။ နှုတ်ခမ်းလေးကို နမ်းပစ်ချင်ပေမဲ့ ရှင်သခင် မနှစ်သက်မှာ စိုးရိမ်မိ၍ မနမ်းရဲ။ ခန္ဓာကိုယ်လေးအား ဖက်ခွင့်ရတာပင်



www.burmeseclassic.com

www.burmeseclassic.com



ယံ ကျေနပ်နေရသည်။

"ယံ"

"ပြောလေ ရှင်သခင်"

"ယံ့မိသားစုဆီက နောက်ထပ် ဘာမှမတောင်းဆိုပါနဲ့ ဘော့၊ ကျွန်မ တောင်းဆိုတာကို ရှင် ဒီလောက်ဖြည့်စွမ်းပေးတာပဲ ကျေနပ်ပါတယ် ယံ"

"ရှင်သခင်ရယ်"

ရှင်သခင့်ရင်ထဲမှာ နောင်တတွေ၊ အရှက်တွေနဲ့ ပူနွေးနွေးကြီးဖြစ်နေရလေသည်။ မဖြစ်နိုင်ဘူးထင်ပြီး တောင်းဆိုလိုက်မိတဲ့ ကိစ္စက ဖြစ်လာရ၏။ ဒီလိုအခွင့်အရေးကို ရှင်သခင် မလိုချင်ပါဘူး။ ယံတို့မိသားစု အသိုင်းအဝိုင်းက ရှင်သခင့်ကို အထင်သေးပြီး သူတို့ရင်ထဲကနေ ကျိတ်ပြီး ရွံရှာမုန်းတီးနေမှာပါ။ မလွဲသာလို့ လက်ခံရတာ ရှင်သခင် သိနေသည်။ အခုလောက်ဆို မိသားစုဝင်တွေ ငွေမက်တဲ့မိန်းမ ငါ့သားကို မြူဆွယ်တယ်ဆိုပြီး ပြောဆိုအပြစ်တင်နေကြတော့မှာပါ။ ရှင်သခင် မဖြစ်ချင်ဆုံးပဲ။ တစ်သက်လုံး ရှောင်ရှားနေခဲ့တာပဲ။





"ရှင်တို့အသိုင်းအဝိုင်းတွေက ကျွန်မကို မလွဲသာလို့ လက်ခံလိုက်ရတာပါ၊ စိတ်ထဲမှာတော့"

"ရှင်သခင်"

"တူယုဉ်ပြိုင်ကို ကျွန်မ လုံးဝမတွေ့ချင်ဘူး၊ ကျွန်မ တောင်းဆိုပါတယ်၊ သူ့ကို မဖိတ်ပါနဲ့"

"စိတ်ချပါ ရှင်သခင်၊ တူယုဉ်ပြိုင်က နိုင်ငံခြားကိုပြန်မှာပါ၊ ကိုယ် တာဝန်ယူပါတယ်၊ တူယုဉ်ပြိုင်က မင်းကိုလာပြီး မပတ်သက်စေရပါဘူးကွာ"

ချစ်ရသော ရှင်သခင်ရဲ့ခန္ဓာကိုယ် အိအိစက်စက်လေးကို သူ တင်းကြပ်စွာ ဖက်ထားမိသည်။ ရှင်သခင်ကတော့ ကျောက်ရုပ်လေးလို တောင့်တင်းငြိမ်သက်နေ၏။ မျက်ဝန်းလေးတွေက တင်းမာနေဆဲပင်။ အချစ်ဆိုတာ မတွေ့ရ။ မင်းမျက်ဝန်းလေးတွေထဲမှာ ချစ်ရိပ်တွေ လွှမ်းခြုံထားစေချင်တယ်။ ကိုယ့်ကို အထိတ်တလန့်ဖြစ်အောင် မလုပ်ပါနဲ့ ရှင်သခင်ရယ်။ ကိုယ့်ကိုချစ်ပါ။ မင်း မျက်ဝန်းလေးတွေကို ကိုယ် အမြဲတမ်း စောင့်ကြည့်နေရတာပါ။ ရှင်သခင့် စိတ်တွေကို သူနားလည်မိလေသည်။ မင်းက စည်းစိမ်ဥစ္စာတွေကို



www.burmeseclassic.com

www.burmeseclassic.com



မက်မောတဲ့ မိန်းကလေးမဟုတ်ပါဘူး။ အခြေအနေအရ မင်းကိုယ့်ကို လက်ထပ်ဖို့ သဘောတူလိုက်တာပါကွာ။ ချစ်သူအတွက်သူ ပျော်ယာခတ်အောင် ဂရုစိုက်ပေးချင်နေ၏။ ချစ်သူ အလိုဆန္ဒတွေကို အစွမ်းကုန် ဖြည့်ဆွမ်းပေးလိုနေရသည်။ ရူတင်းတင်းလေးဖြစ်နေတဲ့ နှုတ်ခမ်းလေးတွေပေါ်မှာ အပြုံးရိပ်လေး သမ်းစေလိုသည်။ ရှင်သခင့်ကို မထိမတို့ရက်ဘဲ အလှပဲ ကြည့်နေလိုက်၏။ မင်္ဂလာပွဲကိစ္စတွေ တိုင်ပင်ရန် သူ့အိမ်သို့ ရှင်သခင့်ကို ချော့မော့ခေါ်ရသည်။

"ဘာတိုင်ပင်စရာလိုလို့လဲ ယံ၊ ရှင်တို့မိသားစုဝင်တွေ စီစဉ်နေတာပဲ၊ ရှင်သခင် ဘာတစ်ခုမှ အကြံဉာဏ်မပေးချင်ပါဘူး"

"ရှင်သခင်နဲ့မာမီတို့ ရင်းနှီးအောင်ပါ၊ ရှင်သခင် အမြဲတမ်းနေရတော့မှာ မဟုတ်လားကွာ"

ရှင်သခင်က သူမ ငှားထားတဲ့အိမ်မှာပဲနေသေး၍ မာမီတို့နှင့် ရင်းနှီးရန် သူက ခေါ်သည်။ ရှင်သခင်က ငြင်းဆန်နေ၏။ ရှင်သခင်က မလိုက်ဘူးဆိုတော့လည်း သူက မခေါ်ရဲတော့။ မာမီတို့ဆီပြန်ပြီး ရှင်သခင် တောင်းဆိုတာကို ပြောပြလိုက်သည်။

"သားရယ် တူယုဉ်ပြိုင်ကို မာမီတို့ မဖိတ်လို့ကောင်း





မလား၊ လုံးဝမပတ်သက်ရဘူးဆိုတာတော့"

"တူယုဉ်ပြိုင်နဲ့ လုံးဝပတ်သက်စရာလည်း မလိုတော့ပါဘူး မာမီရာ၊ အရေးကြီးတာက ရှင်သခင်နဲ့သားတို့ အိမ်ထောင်ရေးအဆင်ပြေဖို့ပဲ မဟုတ်လား"

"ယံ"

"တူယုဉ်ပြိုင့်ကို မဖိတ်ပါနဲ့ မာမီ၊ သားလည်း မတွေ့ချင်ဘူး၊ သားမင်္ဂလာပွဲ မပျက်သွားအောင်ပါနော် ဘွား"

"ဟုတ်တယ် တီမိစံ၊ မြေးက မဖိတ်နဲ့ဆို မဖိတ်နဲ့"

"တူယုဉ်ပြိုင်က မေမေ့သူငယ်ချင်းရဲ့မြေးနော်"

"ဘာပဲဖြစ်ဖြစ်အေ၊ ငါ့မြေးဆန္ဒက အရေးကြီးတယ်၊ သူတို့ဖိတ်ချင်တဲ့သူတွေပဲ ဖိတ်ပါစေ"

ဒေါ်တီမိစံ နည်းနည်းမှမကျေနပ်မိ။ ချွေးမ အလိုဆန္ဒတွေပဲ လိုက်လျောနေရသည်။ မိမိတို့ဆီ နည်းနည်းမှအောက်ကျခံပြီး မလာခဲ့။ သားက ချစ်မြတ်နိုးမှန်းသိတော့ အကဲပါနေတာပါ။ မင်္ဂလာ ပွဲကိုလည်း သားက လိုလေသေးမရှိအောင် စီစဉ်နေရသည်။ တူယုဉ်ပြိုင်လေးကို မင်္ဂလာပွဲကို မဖိတ်ရဘူးတဲ့။ ဘာဆိုင်လို့



www.burmeseclassic.com

www.burmeseclassic.com



လဲ။ မိသားစုဝင်တွေအားလုံး မကျေနပ်ကြပေမယ့် သားကိုချစ်ကြ၍ သားဆန္ဒတွေအတိုင်းပဲ ဖြစ်စေရသည်။

"ရှင်သခင်ဆိုတဲ့ ဟာမလေးကို မာမီတို့ဆီလာဖို့ မင်း ပြောသင့်တယ်"

"လာမှာပါ မာမီ၊ ရှင်သခင်က မာမီတို့စီစဉ်တာကို ဝင်ပြီး မစွက်ဖက်ချင်တာပါ"

"မမတို့ပေးတဲ့ မင်္ဂလာလက်ဆောင်တွေကိုရော နှစ်သက်ရဲ့လား"

"ကြိုက်ပါတယ်၊ မမတို့ကို အရမ်းပဲ ကျေးဇူးလည်းတင်နေတယ်"

"အေးကွယ်၊ မမတို့ကတော့ မောင်လေးကိုချစ်တော့ ယောက်မကိုလည်းချစ်ပါတယ်၊ ဒါပေမဲ့ တူယုဉ်ပြိုင်လေးကို အားနာတယ်"

"မမတို့အတွက် ရှင်သခင်က အဓိကပဲဟာ၊ တူယုဉ်ပြိုင်က နိုင်ငံခြားပြန်တော့မှာပဲ"

"တူယုဉ်ပြိုင်လေးကိုတော့ ဖိတ်စာမဖိတ်တာ ရိုင်းရာမကျ





ဘူးလား မောင်လေးရယ်"

"မရိုင်းပါဘူး"

"မဖိတ်ပါနဲ့ မမရယ်၊ ရှုပ်ပါတယ်"

"သူ့ဟာသူ မင်္ဂလာဆောင်လာတာပဲ သားရယ်၊ မင်း ရှင်သခင်က သဝန်ကြောင်ရာမရောက်ဘူးလား"

"အရေးကြီးတာက ရှင်သခင်ပဲ၊ လုံးဝမဖိတ်ပါနဲ့ မာမီ ရာနော်"

ဒေါ်တိမ်စံ မကျေနပ်ပေမဲ့ လက်ခံလိုက်ရလေသည်။ ရင်ထဲမှာတော့ သိပ်သဘောမကျဖြ။ ရှင်သခင်က သားအပေါ် အနိုင်ကျင့်လွန်းနေ၏။ မိခင်ဆိုတော့ မခံချင်ပေ။ စိတ်တွေကိုပဲ ထိန်းချုပ်ထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

မင်္ဂလာပွဲက ကြီးကျယ်ခမ်းနားလေသည်။ သတို့သမီးလေးက လှလိုက်တာဟု ရင်သပ်ရှုမော ချီးမွမ်းနေကြ၍ ကောင်းကင်ယံ ကျေနပ်နေမိ၏။ ရှင်သခင့်ကို ပိုင်ဆိုင်ခွင့်ရပြီ။ သူ့ရဲ့အပြင်းပြဆုံး ဆန္ဒတွေပါပဲ။ ရှင်သခင့် လက်ကလေးကိုတင်းကြပ်စွာ ဆုပ်ကိုင်ထားမိသည်။ ရှင်သခင့်မျက်နှာလေးက တင်းတင်းလေးဖြစ်နေ၏။ ယံကတော့ ချစ်တာပါပဲ။ ရှင်သခင့်မျက်နှာလေးပေါ်က အရိပ်တွေကို တကြည့်ကြည့်ဖြစ်နေရလေသည်။

"ယံ"

"ဟင်"





"ရှင်တို့မင်္ဂလာပွဲကို လာပြီးချီးမြှောက်တာပါနော်၊ ဖြိုင် စိန်လက်စွပ်တစ်ကွင်း လက်ဖွဲ့ထားတယ်၊ အရမ်း အရည်အသွေး ကောင်းပြီး အဖိုးတန်ပါတယ်၊ ရှင်က ဒါမျိုးတွေ မက်မောတယ် မဟုတ်လား ရှင်သခင်"

လူတွေကြားထဲမှာ တူယှဉ်ဖြိုင်ကပြောပြီး နှုတ်ဆက်ထွက်သွားသည်။ ရှင်သခင် အသားလေးတွေ တဆတ်ဆတ်တုန်ရီနေအောင် ဒေါသတွေထွက်နေရသည်။ ဧည့်သည်တွေကို နှုတ်ဆက်နေပေမဲ့ မျက်ဝန်းလေးတွေက ဒေါသမျက်ဝန်းလေးနှင့် ဖြစ်နေသည်။

"ကောင်းကင်ယံ"

"ဟင်"

"ရှင်တို့ ဘာလုပ်တာလဲ၊ ကျွန်မကို ဂရုမစိုက်ဘဲ စိတ်ထိခိုက်ကြေကွဲအောင် လုပ်တာလား"

"တူယှဉ်ဖြိုင့်ကို ဘယ်သူမှ မဖိတ်ပါဘူး ရှင်သခင်၊ သူ့ဟာသူလာတာပါကွာ"

ရှင်သခင်က မသိမသာလေး ရန်ထောင်ပစ်လိုက်မိသည်။ မုန်းလိုက်တာ။ တူယှဉ်ဖြိုင့်ကို မတွေ့ချင်ပါဘူးဆိုမှ ကြည့်တဲ့မျက်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းတွေက အထင်သေးနေသလိုပင်။ အဖိုးတန်စိန်တဲ့ ဘာလုပ်ရမှာလဲ။ ရှင်သခင်က ဒါမျိုးမက်တာတဲ့။ ဟွန်း ဒေါသဖြစ်လိုက်တာနော်။ ယံမိဘတွေ လုပ်တာလား၊ ရှင်သခင် စိတ်တွေကမလုံပေ။ ယုံ့ကို လက်မထပ်ချင်ပါဘူး။ ရှင်သခင် အဲ့ဒီလိုမျိုး မဖြစ်ချင်ပါဘူး။ ဦးလေးကြောင့်ပါ။ ရှင်သခင် ဦးလေးကို ဒေါ်လေးနဲ့ ပြန်ပေါင်းစေချင်လို့ပါ။ ငွေမက်လို့ သူဌေးသားကို လက်ထပ်တဲ့မိန်းမ။ မုန်းလိုက်တာ။ သူမကိုယ်သူမ မုန်းတီးနေမိသည်။ ကောင်းကင်ယံက သူမလက်ကို ဆုပ်ကိုင်တော့ သူမ ရုန်းဖယ်ပစ်လိုက်သည်။

"ရှင်သခင်"

"ညှို့သည်တွေရှေ့မှာကွယ်၊ ညည်းလေးမျက်နှာ ပြုံးပြုံးနေမှပေါ့"

ဘကြွမကြီး ဒေါ်တိမ်ထက်စံက ဝင်ပြောနေသည်။ ဒေါ်တိမ်စံပဲ တူယှဉ်ပြိုင်ကို ဖိတ်တာဖြစ်မှာပဲ။ သူတို့ တော်ချင်တဲ့ ချွေးမက တူယှဉ်ပြိုင်ပဲ။ ရှင်သခင်ကတော့ မပြုံးပါဘူး။ ဟန်မဆောင်ချင်လို့ပါ။ မင်္ဂလာပွဲပြီးတော့ ကောင်းကင်ယံဘက်မှ လက်ဖွဲ့တဲ့တိုက်ကြီးဆီ ပြန်လာခဲ့ကြသည်။





"လိုအပ်တာတွေ မမတို့အားလုံး လုပ်ပေးထားတယ်နော်မောင်လေး၊ စားချင်တာတွေလည်း အဆင်သင့်ပဲ ရှင်သခင်၊ မောင်လေးက ညအိပ်ရာဝင်ကာနီးကျရင် ပန်းသီးစားတယ်နော်၊ ဖျော်ရည်တစ်ခုခုလည်း သောက်တတ်တယ်၊ မမတို့က မောင်လေးကို စိတ်မချဘူးကွယ်၊ ရှင်သခင်ကပဲ ဂရုစိုက်လိုက်ပါ"

အစ်မတွေ အဘွားတွေကို မှာလို့မဆုံးတော့။ ရှင်သခင်ကတော့ ခပ်တည်တည်လေးနှင့် အရုပ်လေးတစ်ရုပ်လို ထိုင်နားထောင်မိသည်။ ဒေါ်မိုးတိမ်စံကလည်း ရှင်သခင်အား မလိုလားပုံပင်။ မျက်ဝန်းအကြည့်တွေက စိမ်းနေ၏။ ကောင်းကင်ယံရဲ့ အသိုင်းအဝိုင်းတွေအားလုံးက မလွဲမရှောင်သာလို့ ရှင်သခင့်နဲ့ သဘောတူလိုက်ကြရတာပါ။

"ညည်းလေး ကျုပ်သားဆီက တောင်းဆိုထားတာထက်တောင် ပိုလျှံနေပါသေးတယ်အေ၊ ကျုပ်တို့သားလေးကိုတော့ စိတ်ချမ်းသာအောင် ထားပေးပါ"

ထိုစကားတွေကို ရှင်သခင် အမုန်းဆုံးပါပဲ။ ရှင်သခင်တောင်းဆိုလိုက်မိတာက မဖြစ်နိုင်ဘူးထင်လို့ပါ။ ဒါမျိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



မက်မောလို့မှမဟုတ်တာပဲ။

"တူမလေး"

"ရှင် ဦးလေး"

"တူမလေးဘ၀ အေးချမ်းသွားပြီပဲ၊ ပြဿနာအေးချမ်းအောင်နေပါကွယ်၊ ဦးလေး တောင်းပန်ပါတယ်"

ဦးလေးရန်နောင်က ဖြန့်ခါနီး ဆုံးမစကားတွေပြောနေသည်။ ဒေါ်လေးမြတ်ကလည်း ရှင်သခင့်ဆီက ရသလောက်လိုချင်နေသည်။ ရှင်သခင်နေရတဲ့ ဟိုက်ကြီးကိုလည်း သဘောကျလို့မဆုံးတော့။ ရှင်သခင် စိတ်ညစ်နေမိလေသည်။ လူတွေအားလုံး ပြန်သွား၏။ ရှင်သခင် ဘာဖြစ်လို့များ မပျော်ရတာလဲ။ စည်းစိမ်ချမ်းသာတွေကို မလိုလားဘဲ စိတ်တွေချောက်ချား သိမ်ငယ်နေရသည်။

"ရှင်သခင်"

"ဟင်"

"မင်း သစ်သီးဖျော်ရည်လေး သောက်ပါလား"

"ကိုယ် ဖျော်ပေးမယ်လေ"

"ဟင့်အင်း"





"ဘာဖြစ်လို့လည်းကွာ၊ မကြိုက်လို့လား"

"အင်း"

"ဒါဆိုလည်း ကိုယ်လည်း မသောက်တော့ဘူးနော်"

သူက ညအိပ်ရာဝင်လျှင် ပန်းသီးစားတတ်တယ်တဲ့။ ရှင်သခင်လုပ်ပေးရမလား။ မလုပ်ပါဘူး။ တော်ကြာ သူ့ကို မြှူဆွယ်တယ်ဖြစ်ဦးမယ်။ ပြီးတော့ တူယုဉ်ပြိုင်ကို ဖိတ်တာလည်း မကျေနပ်မိ။ ရှင်သခင် ပြောထားသားပဲ။ တမင်ဖိတ်ကြတာပဲ။

"ရှင်သခင်"

"ဟင်"

"မင်္ဂလာပွဲမှာ တူယှဉ်ပြိုင်လာတဲ့ကိစ္စ၊ ကိုယ်တို့ တကယ်ပဲ မဖိတ်ပါဘူးကွာ၊ သူ့ဟာသူ လာတာပါ"

"မဖြစ်နိုင်ဘူး၊ ရှင်တို့ဖိတ်လို့လာတာပဲ ယံ၊ ရှင်သခင့်ကို မထီမဲ့မြင်လုပ်တာပဲမလား"

"မဟုတ်ပါဘူး ရှင်သခင်ရယ်၊ တူယှဉ်ပြိုင်က မကျေမနပ်ဖြစ်ပြီးလာတာပါကွာ၊ ရှင်သခင်လေး ကျေနပ်ပါ၊ အဲ့ဒီလိုမျက်နှာကြီး ရှုတင်းမထားပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်ပါ"

"မဖယ်ဘူးကွာ"

ယံက ရှင်သခင်ကိုယ်လေးကို နောက်မှသိုင်းဖက်လိုက်လေသည်။ ရှင်သခင် လန့်သွားရ၏။ သူမနှင့်ယံက ချစ်သူတွေမှ မဟုတ်တာပဲ။ ရှင်သခင့်အတွက် အစိမ်းသက်သက်ကြီးဖြစ်ပြီး ရှက်ရွံ့နေရလေသည်။ ရင်တွေလည်း တုန်ရီလာရ၏။ သူကမလွှတ်ပေ။ နှစ်ယောက်အိပ်ခုတင်ကြီးက အိစက်နေသည်။ ရှင်သခင် ငုတ်တုတ်ထိုင်နေမိ၏။ ယံ့ကိုလည်း ပြဿနာရှာနေမိသည်။ တူယှဉ်ပြိုင်လာတဲ့ကိစ္စလည်း မကျေနပ်မိ။ ရှင်သခင် နှုတ်ခမ်းလေးတွေ စူထော်ထားမိသည်။

"ရှင်သခင့်ကို ကိုယ်ချစ်တယ်၊ အရမ်းမြတ်နိုးတာပဲ၊ ကိုယ့်ဘဝမှာ ရှင်သခင်မရှိလို့မဖြစ်ဘူးဆိုတာရော သိရဲ့လားကွာ"

ယံ့လက်တွေက သူမကိုယ်လေးအား သိုင်းဖက်ရင်း ရှင်သခင်အား အနမ်းပေးဖို့ ကြိုးစားလိုက်စဉ် သူမ အထိတ်တလန့်နှင့် တွန်းဖယ်ပစ်လိုက်သဖြင့် ခုတင်အောက်သို့ ပြုတ်ကျသွားလေသည်။





"ဒုတ်"

"အား"

"ဟင်"

ယံ့ခေါင်းက ခုတင်စောင်းနှင့် အရှိန်ပြင်းစွာ ရိုက်မိသွားလေသည်။

"အား ကျွတ် ကျွတ်"

"ဟင် ရှင့် ရှင့်မှာ သွေးတွေပါလား၊ ဒုက္ခပါပဲ၊ ခေါင်းမှာ သွေးတွေ"

ယံ့မျက်နှာပေါ် သွေးတွေးစီးကျလာ၍ ရှင်သခင် အထိတ်တလန့်ဖြစ်သွားရလေသည်။ သူတော်တော်နှင့် မထနိုင်။ ရှင်သခင် မျက်လုံးပြူး မျက်ဆံပြူးနှင့် အောက်ရောက်သွားရ၏။ ယံ ခေါင်းပေါက်သွားသလိုပင်။ သွေးတွေစီးကျလာနေသည်။

"ယံ ဘာဖြစ်သွားသေးလဲ၊ ရှင် ထနိုင်လား၊ ဘာလုပ်ရမလဲ၊ ဟို ဟို မာမီတို့ဆီ ဖုန်းဆက်လိုက်မယ်နော်"

သူ ရှင်သခင်ကိုယ်လေးကို တင်းတင်းလေးဖက်လိုက်ပြီး နှုတ်ခမ်းလေးကို နမ်းပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာလုပ်တာလဲ ယံ၊ ကြည့်ပါဦး ကျွန်မမျက်နှာ သွေးတွေပေကုန်ပြီ ဒုက္ခပါပဲ"

ယံ ခေါင်းကဒဏ်ရာကို မေ့သွားရသည်။ ရှင်သခင် ထိတ်ထိတ်ပျာပျာဖြစ်ပြီး သူ့ရင်ခွင်ထဲမှ ရုန်းထွက်နေ၏။ သူက မလွှတ်ပေ။ ဒဏ်ရာက အရေးမကြီးပါဘူး။ ရှင်သခင်ရဲ့ စိုးရိမ်တကြီးမျက်နှာလေးကို မလွှတ်တမ်း စိုက်ကြည့်နေမိလေသည်။

"ယံ လွှတ်စမ်းပါ၊ သွေးထွက်လွန်တော့မယ်၊ ဒဏ်ရာကို ကြည့်ပါဦး"

ဒဏ်ရာက နည်းနည်းကွဲသွား၍ နှစ်ယောက်သား ဆေးခန်းကိုသွားရသည်။ သုံးချက်ချုပ်လိုက်ရ၏။ ယံတစ်ယောက် မင်္ဂလာဦးညမှာပဲ ခေါင်းမှာ ပတ်တီးကြီးနှင့်ဖြစ်နေသည်။ ယံက ပျော်နေ၏။ ရှင်သခင်က စိုးရိမ်နေလို့ပါ။ ခေါင်းက နည်းနည်းမူး သဖြင့် အိပ်ရာပေါ်မှာ လှဲနေရ၏။ ရှင်သခင်ကလည်း အနားမှာရှိနေသည်။ ပန်းသီးလှီးပေးရင် ကောင်းမလား စဉ်းစားနေမိ၏။ ယံ့ကို တရင်းတနှီး ချစ်သူလိုနေရမှာ သူမစိတ်တွေ ချောက်ချားနေမိသလိုပင်။ ယံကတော့ သူမကို ချစ်ပါတယ်။ သူမကရော။ ရှင်သခင်





ငြိမ်သက်စွာ ထိုင်နေမိလေသည်။ သူမ လက်ကိုင်ဖုန်းမှ တီးလုံးလေး မြည်လာသဖြင့် သူမဖွင့်ပြီးနားထောင်လိုက်တော့ မမကြီးဖြစ်နေ၏။ ယံ့ကို လှမ်းပေးလိုက်လေသည်။

"ဟဲလို"

"မောင်လေးယံ"

"ပြောပါ မမကြီး"

"မင်း ပန်းသီးစားပြီးပြီလား၊ ရှင်သခင်က မောင်လေး ကြိုက်တာတွေမှ လုပ်ပေးပါ့မလားလို့"

"လုပ်ပေးပါတယ် မမကြီး အခုတောင် ပန်းသီးစားနေကြ တာလေ၊ ရှင်သခင်က နွှာကျွေးနေတာပါ"

"အေး အေး"

"ဒါပဲနော် မမကြီး"

"နေဦး မာမီက ရှင်သခင်နဲ့ စကားပြောဦးမယ်"

"တော်ပါတော့ မာမီရာ၊ သား အိပ်တော့မယ်"

မာမီနှင့်ရှင်သခင် စကားပြောလို့ မဖြစ်ပေ။ ယံနှင့် အဆင် ပြေပြီးမှ ပြဿနာမတက်စေချင်ပေ။ မာမီက ရှင်သခင်နှင့် စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောဖို့ပဲ ပြောနေ၏။ ယံ ဖုန်းပိတ်ပစ်လိုက်သည်။

"ယံ ဘာဖြစ်လို့လဲ၊ မာမီက ရှင်သုခင်နဲ့ပြောချင်တာလား"

"အင်း"

"ဘာဖြစ်လို့ ယံက ဖုန်းပိတ်ပြစ်ရတာလဲ"

"အိပ်ချင်လို့"

"ယံ့မာမီက သူ့သားကို ပြုစုပေးဖို့ပြောမှာပါ"

"အိပ်ရအောင် အချစ်ရယ်"

"ဟွန်း"

ယံ မမှတ်သေးဘဲ ရှင်သခင့်ကိုယ်လေးကို ဖက်လိုက်လေသည်။ ရှင်သခင်ကလည်း ရန်းဖယ်တွန်းပစ်လိုက်၏။ သူ မီးကို မှိတ်လိုက်၏။ အမှောင်ထဲမှာ ချစ်ဇနီးကိုယ်လုံးလေးကို သိမ်းကျုံး၍ တင်းကြပ်စွာ ဖက်ထားမိသည်။

"ကိုယ် ရှင်သခင့်ကို အရမ်းချစ်တယ်၊ အဲ့ဒါကို သိရဲ့လားကွာ၊ ကိုယ့်ဘဝမှာ ရှင်သခင်မရှိလို့ လုံးဝမဖြစ်ဘူးနော်"

သူမက ရန်းဖယ်နေ၏။ မျက်နှာလေးက ဘယ်ညာရမ်းခါ





နေသည်။ ရှင်သခင် ရှက်ရမ်းရမ်းလေးနှင့် ငြင်းဆန်နေဆဲပင်ဖြစ်၏။ ယံကတော့ ခေါင်းမှ ဒဏ်ရာကိုမေ့နေပြီး ချစ်ဇနီးကိုသာ မြတ်နိုးတပ်မက်စွာ နမ်းရှိုက် ယုယနေမိလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ယံ စားသောက်ခန်းထဲဝင်ပြီး စားစရာတွေ စီစဉ်နေလေသည်။ သူ ဘာမှမလုပ်တတ်ပေ။ အိမ်မှာက အလုပ်သမားတွေနှင့် အစ်မတွေကသာ စီစဉ်ပေးနေသဖြင့် ဘာမှမလုပ်တတ်မကိုင်တတ်ပေ။ ချစ်ဇနီး ရှင်သခင် မနိုးသေးဘူး။ ယံကိုယ်တိုင် စားစရာတွေ ပြင်ဆင်ပေးချင်၍ မနက်အစောကြီးထပြီး ပေါင်မုန့်နှင့် ကြက်ဥကိုပဲ ကြော်ဖို့ စီစဉ်နေလေသည်။ ကော်ဖီဖျော်တာကတော့ မခက်ပါဘူး။ တွေ့သမျှ စားစရာတွေကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်နေသည်။ ရှင်သခင်အတွက် လုပ်ပေးနေရတာပဲ ယံ့စိတ်ထဲမှာ ပျော်ရွှင်ပီတိတွေ ဖြစ်နေရလေသည်။





"တီ တီ"

"ဟင်"

"တီ တီ"

မာမီတို့ကားသံပဲ သူ ကပျာကယာနှင့် အပြင်ထွက်လာပြီး ခြံတံခါးဖွင့်ပေးလိုက်ရသည်။ ကားပေါ်က ဆင်းလာကြတာက မာမီနှင့် မမတွေရော၊ ဘွားရောပဲဖြစ်နေ၏။ သူ့ခေါင်းက ပတ်တီးကို မြင်လိုက်ရတော့ အားလုံး အထိတ်တလန့်ဖြစ်သွားရလေသည်။

"ဟင်း မြေးလေး ဘာဖြစ်တာလဲ၊ ပတ်တီးနဲ့ ဘာဖြစ်တာလဲ ဟင်"

"ဟုတ်ပါရဲ့ သားရယ်၊ ဘာဖြစ်တာလဲ၊ ရန်ဖြစ်ကြတာလားဟင်"

"ဟို မာမီသားချော်လဲတာပါ၊ ရန်မဖြစ်ပါဘူး၊ နည်းနည်းပါ"

"နည်းနည်းဆိုတာ ဘာဖြစ်လို့ ပတ်တီးစည်းရမှာလဲ၊ ပြစမ်း ဆေးခန်းတောင်သွားရတယ် ဟုတ်လား"

သူ စိတ်ပျက်မိသည်။ မိသားစုဝင်တွေ ဘာဖြစ်လို့များ



www.burmeseclassic.com

www.burmeseclassic.com



အဲ့စောကြီး လာကြရတာလဲ။ သူတို့ဟာသူတို့ အဆင်ပြေနေတာကို ယံ စိတ်ညစ်နေမိသည်။ အစ်မတွေက မီးဖိုခန်းထဲဝင်သွားပြီး စားစရာတွေ ပြင်ဆင်ထားတာတွေတော့ အလန့်တကြား အော်ဟစ်နေကြသည်။

"မောင်လေးယံ မင်း အစောကြီးထပြီး မီးဖိုခန်းထဲဝင်တယ် ဟုတ်လား၊ မာမီကြည့်ပါဦး၊ ပေါင်မုန့်နဲ့ကြက်ဥ ကြော်ထားတယ်၊ ကော်ဖီဖျော်ထားတယ်၊ မောင်လေး ဘာလုပ်နေတာလဲ၊ ရှင်သခင်ရော အိပ်နေတယ်မဟုတ်လား"

"မမ"

"ဟင်"

"ပြန်ကြပါ"

"ဘာ"

"ပြန်ကြပါတော့"

"ရှင်သခင်ရော မြေး"

"အိပ်နေတယ်"

အပေါ်ထပ်မှာ ရှင်သခင်က အိပ်နေလေသည်။ သူက





မိသားစုဝင်ရောက်စွက်ဖက်တာ မနှစ်သက်ပေ။ ဘွားရော မိသားစုဝင်တွေပါ မကျေမနပ်ဖြစ်နေကြ၏။ ပွစိပွစိ ပြောနေကြလေသည်။ မာမီက တားနေသည့်ကြားမှ အပေါ်တက်သွား၏။ သူတားလို့မမှီတော့။ အိမ်ရှင်မက ဒီလိုမလုပ်သင့်ဘူးဟု ဘွားက ပြောနေလေသည်။

"ပြန်ကြပါတော့ဗျာ၊ သားတို့ဘာသာ နေပါရစေ"

"မရဘူး ယံ၊ မင်းမိန်းမက ဒီလိုလုပ်မယ်ဆိုတာသိလို့ မမတို့ စိတ်ပူပြီးလာကြတာ၊ ဘာဖြစ်လို့ ပြန်ရမှာလဲ"

"ဒုက္ခပါပဲဗျာ"

"ကြည့်စမ်း မင်း ခေါင်းမှာဒဏ်ရာနဲ့၊ ဟိုဟာမလေး ရိုက်တာမဟုတ်လား ယံ"

"မဟုတ်ပါဘူးဗျာ၊ ယံ ချော်လဲကျတာပါဆိုဗျာ"

"မောင်လေးရယ် ဖြစ်မှဖြစ်ရလေကွယ်၊ မမတို့ အိပ်လို့တောင်မရဘူး၊ ကြမ်းလိုက်တာ"

"ဒုက္ခပါပဲဗျာ"

ဒေါ်တိမ်ထက်စံကတော့ အပေါ်ထပ်သို့ တက်လာခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ချွေးမအချိုးကို မကြိုက်၍ဖြစ်၏။ သားက မိမိတို့သည်းသည်းလှုပ်ချစ်မြတ်နိုးရသူ။ အခုတော့ မိန်းမကအိပ်နေပြီး သားလေးက မီးဖိုခန်းထဲ ဝင်နေရလေသည်။

"ရှင်သခင် ထစမ်း ညည်း ဘယ်အချိန်ရှိနေပြီလဲ၊ ဖိမ်ကျနေလိုက်တာ၊ ညည်း အဒေါ်အိမ်မှာ ကပ်နေတုန်းက ဒီလိုအိပ်ရလို့လား ထစမ်း"

"ဒုန်း"

"ဒုန်း ဒုန်း"

အခန်းကို အဆက်မပြတ် ထုနေသည့်အသံကြောင့် ရှင်သခင် လန့်နိုးလာခဲ့သည်။ အပြင်မှာ ယောက္ခမကြီး အသံပဲ။ နာရီကြည့်လိုက်တော့ မနက် (၆)နာရီပဲရှိသေး၏။ ရှင်သခင် မျက်လုံးတွေကိုပွတ်သပ်ပြီး ကပျာကယာထပြီး တံခါးဖွင့်ပေးလိုက်သည်။

"ရှင်သခင် ညည်း တော်တော်ကောင်းတာပဲ၊ အိပ်နေလိုက်တာ၊ ဟိုမှာ ကျုပ်သားလေးက မီးဖိုခန်းထဲဝင်ပြီး စားသောက်စရာတွေလုပ်နေရတယ်"





ရှင်သခင် မေ့းခနဲ့ အိပ်ပျော်သွားတာပါ။ ညက အိပ်မပျော်ပေ။ ကောင်းကင်ယံကို သူမ ချစ်မချစ် စဉ်းစားနေမိပြီး အိပ်မပျော်ခဲ့။ ရှင်သခင့်မှာ စဉ်းစားမှုက ကင်းမဲ့နေသလိုပင်။ စိတ်တွေမလုံမလဲနှင့် ကောင်းကင်ယံ အနားကနေ ထွက်ပြေးပစ်လိုက်ချင်တဲ့ဆန္ဒတွေပဲရှိနေသည်။ ငွေမက်တဲ့မိန်းမ။ သူဌေးသားကိုချူစားပြီး အပိုင်ဖမ်းလိုက်တဲ့မိန်းမ။ ရှင်သခင် ဘယ်တော့မှ မဖြစ်ချင်ဆုံးပါပဲ။

"ကျုပ်သားလေးကို ညည်း တာဖြစ်လို့များ ဒီလောက်အထိ အနိုင်ကျင့်ရတာလဲ၊ ဆေးညည်းဆေးများ ခပ်ထားသလားအေ"

"သူထသွားတာ ကျွန်မ လုံးဝမသိပါဘူး မာမီ၊ သူ့ကိုလည်း မနိုင်းပါဘူး"

"ကိုယ့်ယောကျ်ားအနားကနေ ထသွားတာတောင် ညည်း မသိဘူးလား၊ အပျင်းထူလိုက်တာ၊ ညည်းက အခုမှ ဇိမ်ကျနေတာပေါ့လေ၊ စည်းစိမ်တွေက အပြည့်ဖြစ်နေတာကိုး"

ရှင်သခင် မကြားချင်ဆုံး စကားတွေပါပဲ။ ဒီလိုအသိုင်းအဝိုင်းထဲက လူတစ်ယောက်ကို လက်ထပ်ရင် ဒီလိုပဲ အပြောခံရမယ်ဆိုတာ ရှင်သခင် သိပြီးသားပါပဲ။ ဒါကြောင့် ရှောင်ခဲ့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းမှာလည်း ပတ်တီးနဲ့ ညည်းရိုက်ထားတာမဟုတ်လား"

ရှင်သခင် ဘာမှမပြောတော့။ ရှင်းပြနေလည်း လက်ခံမှာမဟုတ်တာပဲ။ ယောက္ခမကြီး ဒေါ်တိမ်ထက်စံကို မကြည့်တော့။ အောက်ထပ်မှတက်လာကြသော မိသားစုဝင်တွေရဲ့ အသံတွေ ကြားလာရသည်။ အဘွားရော အစ်မတွေရော အစောကြီး ဘာလာလုပ်တာလဲ။ အားလုံး အိပ်ခန်းထဲဝင်လာကြလေသည်။

"ဟဲ့ ကလေးမ ညည်း ကျုပ်မြေးလေးကို ရိုက်လိုက်တာလား၊ ဘယ့်နှယ်အေ၊ မင်္ဂလာဦးညမှာပဲ ခေါင်းကွဲရတယ်လို့ ညည်း ဘာဖြစ်လို့ အိပ်နေရတာလဲ၊ မိန်းမဖြစ်ပြီး ဒီလောက်ပဲ ပျင်းရလား"

ရှင်သခင့်ကိုယ်လုံးလေး ဆတ်ခနဲ ထောင်မတ်သွားရလေသည်။ သူ[illegible]တွေက နဂိုကမှ ပြောချင်နေကြတာပါ။ ရှင်သခင့်လို မိန်းကလေးကို ဘယ်သူက ချွေးမအဖြစ် လက်ခံချင်ကြမှာလဲ။ ရှင်သခင့်မျက်ဝန်းလေးက တင်းမာခက်ထန်သွားရလေသည်။

"အခု မနက် ၆ နာရီပဲရှိပါသေးတယ် ဘွား၊ အစောကြီး ရှိသေးတယ်လေ၊ သူက တိတ်တိတ်လေးထသွားတာပဲ"





"ညည်း ဒီလိုအချိုးတွေ ချိုးတယ်ဆိုတာသိလို့ ကျုပ်တို့ စိတ်ပူပြီး အစောကြီးထလာကြတာပေါ့အေ၊ ကျုပ်မြေးအတွက် စိတ်ပူပြီး အိပ်လို့တောင်မပျော်ကြဘူး"

"ကောင်းကင်ယံ သူငယ်နှပ်စားလေး မဟုတ်တော့ပါဘူး ဘွား၊ ကျွန်မနဲ့လက်ထပ်ပြီးနေပါပြီ၊ ဒီလောက်ကြီး ပူမနေသင့်တော့ပါဘူး"

"ဘာအေ"

ယံ အပေါ်ထပ်သို့ အပြေးအလွှား တက်လာလေသည်။ ရှင်သခင့်ရှေ့မှာပိတ်ကာ ရပ်ပစ်လိုက်၏။ မိသားစုဝင်တွေ သူ့အိမ်ထောင်ရေးမှာ ဝင်စွက်ဖက်တာမျိုး ယံ မနှစ်သက်မိပေ။

"ဘွား မာမီ ပြန်ကြပါ၊ ယံတို့ ဘာမှမဖြစ်ပါဘူး၊ အားလုံးအဆင်ပြေပါတယ်ဗျာ၊ ရှင်သခင်မသိအောင် ယံ အစောကြီး တိတ်တိတ်လေးထခဲ့တာပါ၊ မိန်းမကို စားသောက်စရာတွေ ပြင်ဆင်ပြီး ကျွေးချင်လို့ပါ"

"ဟင်"

"သေပါတော့ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"သားလေးရယ်"

အားလုံးစိတ်ပျက်သွားကြလေသည်။ ဒေါ်မဟာစံက ရင်ဘတ်ကိုဖိထားလိုက်ရ၏။ ရှင်သခင်ဆိုတဲ့ ဟာမလေး မြေးကို အနိုင်ကျင့်နေတာပဲ။ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ကို မြေးက စွဲလမ်းနှစ်သက်နေသည်။ ရင်နာလိုက်တာနော်။

"ဘွား"

"ဟင်"

"ပြန်ပါတော့၊ မြေးကိုချစ်ရင် ပြန်ကြပါတော့နော်၊ မြေးကို ဘာမှစိတ်မပူကြပါနဲ့၊ မြေး စိတ်ချမ်းသာပါတယ်၊ အားလုံးလည်း အဆင်ပြေနေတာပဲ"

သူ တောင်းတောင်းပန်ပန်နှင့် ပြောလွန်းသဖြင့် အားလုံး မကျေမနပ်နှင့် ပြန်သွားကြလေသည်။

"ညည်းလေး ကျုပ်မြေးကို သိပ်အနိုင်မကျင့်ပါနဲ့အေ၊ ညည်းလိုမိန်းကလေးကို ကျုပ်မြေးက နှစ်နှစ်ကာကာချစ်နေတာပါ၊ ညည်းဘက်ကလည်း တုံ့ပြန်ပေးပါ ရှင်သခင်"

"ဟုတ်တယ် ရှင်သခင်၊ ငါတို့မောင်လေးကို ချစ်လို့





ညည်းတောင်းဆိုတဲ့အတိုင်း လုပ်ပေးခဲ့တာပဲ"

"မမ"

"ယံ မောင်လေးကို ဘယ်လိုလုပ်ပြီး ပစ်ထားရက်မှာလဲ၊ မဖြစ်ပါဘူး၊ အလုပ်သမားတစ်ယောက် အမြန်ဆုံးပို့ပေးမှဖြစ်မှာပါ"

"ဘာအလုပ်သမားမှ မလိုပါဘူး မမရာ၊ မပို့ပါနဲ့၊ ရှုပ်လို့ပါ၊ ကျွန်တော်တို့လင်မယားကိစ္စထဲ ဝင်မပါပါနဲ့နော်"

"ယံ"

"သား"

"မြေးလေး"

မိသားစုဝင်တွေပြန်သွားမှ ယံ စိတ်သက်သာရာရသွားလေသည်။ ရှင်သခင့်မျက်နှာလေး တင်းမာခက်ထန်နေဆဲပင်။ ယံက ရှင်သခင် ကိုယ်လုံးလေးကို သိမ်းကျုံးဖက်ထားလိုက်သည်။

"ရှင်သခင်ရယ် ကိုယ့်မိသားစုဝင်တွေကို မေ့ပစ်လိုက်ပါကွာနော်၊ ကိုယ် တောင်းပန်ပါတယ်"

ရှင်သခင်ကတော့ ကျောက်ရုပ်လေးတစ်ရုပ်လို ထိုင်နေမိလေသည်။ ရင်ထဲမှာ မွန်းကြပ်နာကျင်နေရ၏။ သူမကို



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ယံရဲ့ မိသားစုဝင်တွေက ဘယ်လိုများ သတ်မှတ်ထားလို့လဲ။

"ရှင်သခင်"

"ကျွန်မကို ရှင် ဆက်မပေါင်းရင်လည်းရတယ်နော်၊ ကျွန်မ ရှင့်ကို အတင်းအကြပ်မပေါင်းခိုင်းဘူး"

"ရှင်သခင်လေးရယ် ကိုယ်က ဒီလိုမင်းကို ပိုင်ဆိုင်ခွင့်ရတာပဲ ကျေးဇူးတွေတင်ပြီး ဝမ်းသာနေပါပြီကွာ၊ နောက်ဆို လုံးဝကွာရှင်းပြတ်စဲဖို့စကားတွေ မပြောပါနဲ့"

ရှင်သခင့်မျက်နှာလေးကို သူက နမ်းမယ်လုပ်တော့ မျက်နှာမသစ်ရသေးဘူးဟု ခပ်ဆတ်ဆတ်ပြောပြီး ရုန်းထွက်လာခဲ့မိလေသည်။

❦ ❦ ❦



# အခန်း (၂၀)

တူယှဉ်ပြိုင်ကလည်း ကောင်းကင်ယံနှင့် ရှင်သခင်တို့ကို နည်းနည်းမှ မကျေနပ်မိပေ။ ပြိုင့်လိုမိန်းမတစ်ယောက်ကို အနိုင်ယူသွားတဲ့ ရှင်သခင့်ကိုလည်း ပြဿနာပြန်ရှာပစ်ချင်နေမိလေသည်။ ပြိုင့်ကို မင်္ဂလာဆောင်ကို ဖိတ်ခွင့်မပြုဘူးတဲ့။ ဘယ်ရမလဲ။ ပြိုင်ကလည်း အရွဲ့တိုက်ပြီး မင်္ဂလာပွဲကို သွားပစ်လိုက်၏။ ငွေမက်တဲ့ မိန်းမ။ ယံ့ကို ဆေးခပ်ယူတာပဲဖြစ်မှာပါ။ ယံ့ကို လက်လွှတ်ဆုံးရှုံးလိုက်ရ၍ မကျေမနပ်လည်းဖြစ်မိသည်။

"အန်တီစံတို့က သားကို ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်လက်ထဲ အလွယ်တကူ ထည့်လိုက်တာကိုး၊ ယံ့ကို



www.burmeseclassic.com

www.burmeseclassic.com



သက်သက်အနိုင်ကျင့်နေတာပဲ''

ပြိုင် တွေးမိတိုင်း အလိုမကျမှုတွေနှင့် ဒေါသတွေ ပေါက်ကွဲထွက်ချင်လာရလေသည်။ ယံ့ကို လက်လွှတ်ဆုံးရှုံးလိုက်ရ၍ ပြိုင် အရှုံးပေးလိုက်ရပြီလေ။

''ဘာဖြစ်လို့ ဒီမိန်းမကိုမှ ဒီလောကအခွင့်အရေးတွေ ပေး နေရတာလဲ၊ ခွဲပစ်လိုက်၊ ပြိုင် ပြဿနာရှာပြမယ်''

''အန်တီစံလည်း သဘောမကျပါဘူး ပြိုင်လေးရယ်၊ ချွေးမကို လုံးဝမကြိုက်တာဘဲ၊ သားက ဒီဟာမလေးမှ ဒီဟာမလေး ဖြစ်နေလို့ပါ''

''ပြိုင် ပြဿနာရှာမယ်၊ ယံနဲ့ဒီဟာမ ကွဲကိုကွဲစေရမယ်''

''ကောင်းတယ် ပြိုင်၊ အမိက သား ပြိုင့်ဘက်ပါလာအောင် လုပ်စမ်းပါ၊ အန်တီတို့က မလုပ်ချင်ဘူး သားရှိနေတယ်လေ၊ ဟင်း မာနကကြီးလိုက်တာ၊ သင်းက ဘာမို့လို့လဲ''

တူယှဉ်ပြိုင်ကို အားလုံးက မြှောက်ပေးနေကြသည်။ ဒေါ်တိမ်စံလည်း ချွေးမကို မကျေနပ်ဆုံးပင်။ သားလေး ဘာဖြစ်နေပြီလဲ။ မိန်းမခိုင်းစေသမျှ လုပ်ဆောင်ပေးနေရပြီလား။ စိတ်ပူလိုက်





တာ။ မခံမရပ်နိုင်အောင် ဖြစ်နေရသည်။

''မောင်လေး ဘာတွေဖြစ်နေပြီလဲ၊ ခေါင်းကဒဏ်ရာကလည်း ဟိုဟာမလေး ရိုက်လိုက်တာပဲဖြစ်မယ်''

''မောင်လေးကို စိတ်ပူလိုက်တာ၊ အခုဆိုရင် မောင်လေး သင်းခိုင်းစေသမျှ လုပ်နေရပါပြီ''

တူယှဉ်ပြိုင်ကတော့ မိသားစုဝင်တွေအားလုံး သူမဘက်မှပါနေ၍ ယံ့ကို ပြန်လုယူဖို့ပဲ ဆုံးဖြတ်လိုက်မိသည်။ ကားလေးနှင့် ယံတို့နေတဲ့ခြံကြီးထဲ ရောက်လာခဲ့တော့ ခြံတံခါးက ပိတ်ထား၍ ဟွန်းကို အဆက်မပြတ်တီးပစ်လိုက်သည်။ ယံ ပြေးလာပြီး တံခါး ဖွင့်ပေးပြီးမှ သူမကို တွေ့လိုက်သဖြင့် အထိတ်တလန့်ဖြစ်သွားရ၏။ မောင်းထုတ်ဖို့ကလည်း ခြံထဲရောက်နေသည်။

''မင်း ဘာလာလုပ်တာလဲ တူယှဉ်ပြိုင်၊ ဘာဖြစ်လို့ လာရတာလဲ''

''အန်တီစံက လွှတ်လိုက်လို့လေ''

''ဘာ''

''ယံ ရှင် ဘာဖြစ်နေတာလဲ၊ ဘွားရော၊ အန်တီစံရော၊



www.burmeseclassic.com

www.burmeseclassic.com



မိသားစုဝင်တွေအားလုံး စိတ်သောကရောက်အောင် ဘာဖြစ်လို့ လုပ်ချင်ရတာလဲ''

''မင်းနဲ့ဘာဆိုင်လို့လဲ တူယှဉ်ပြိုင်၊ ပြန်ထွက်သွားစမ်း''

''မသွားဘူး၊ ရှင့်ခေါင်းကဒဏ်ရာက ဟိုဟာမလေး ရိုက်တာမဟုတ်လားယံ''

''မင်းနဲ့မဆိုင်ဘူး''

''ဆိုင်တယ်''

''မင်းပြန်ပါ''

သူမ ဘာကိုမှ ဂရုမစိုက်ဘဲ တိုက်ကြီးထဲ ဝင်လာခဲ့လေသည်။ ယံ ဘာဖြစ်နေရတာလဲ။ ဆေးမိသွားတာလား။ ရှင်သခင်နင်ကဘာလဲ။ စည်းစိမ်ဥစ္စာတွေ အပိုင်ချိုင်ချင်နေလို့လား။ တိုက်ကြီးထဲရောက်တော့ တူယှဉ်ပြိုင်အကြည့်တွေက ဧည့်ခန်းထဲမှာ အခန့်သားထိုင်နေတဲ့ ရှင်သခင့်ကို တွေ့လိုက်ရလေသည်။

''ရှင်သခင် နင် ယံ့ကို ကွာရှင်းပေးမယ်ဆိုရင် နင်လိုချင်တဲ့ ဒီတိုက်ကြီးနဲ့ခြံကို ပေးမယ်လေ၊ ဘယ်လိုလဲ''

ရှင်သခင်ကတော့ အေးစက်စွာထိုင်နေသည်။ တူယှဉ်ပြိုင်





ဆိုတဲ့မိန်းမက မဆီမဆိုင် ဝင်ပါနေ၏။ ယံ အသိုင်းအဝိုင်းတွေက လွှတ်လိုက်တာများလား။ ယံက နောက်မှပြေးလိုက်လာလေသည်။

''ပြောလေ နင်လိုချင်တာက ပစ္စည်းတွေမဟုတ်လား''

''ဟုတ်တယ်''

''ရှင်သခင်ရယ် ကိုယ် တောင်းပန်ပါတယ်ကွာ၊ သူတို့တွေအားလုံးက နှောင့်ယှက်နေကြတာပါ''

''ယံ ရှင် ဘာဖြစ်နေရတာလဲ၊ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ကို ရှင် ဒီလောက်အထိ အောက်ကျခံစရာမလိုပါဘူး၊ ရှင့်အဘွား အသည်းကွဲနေပြီ၊ မြေးအတွက် စိတ်သောကတွေ ရောက်ရလွန်းလို့သေတော့မယ်''

''တူယှဉ်ပြိုင် မင်းနဲ့ဘာမှမဆိုင်ပါဘူး၊ ရှင်သခင်က ငါ့မိန်းမနော်''

''ယံ မိန်းမဆိုတဲ့ဟာမက တိုက်နဲ့ခြံပဲလိုချင်ပါတယ်လို့ ပြောထားပြီးပြီပဲဟာ''

''ဟုတ်တယ် တူယှဉ်ပြိုင်၊ ကျွန်မက ခြံနဲ့တိုက်ပဲလိုချင်တာ ကောင်းကင်ယံကို ပြန်ခေါ်သွားလေ''



www.burmeseclassic.com

www.burmeseclassic.com



ရှင်သခင် အမြင်ကတ်ကတ်နှင့် အရွဲ့တိုက်ပြီး ပြောပစ်လိုက်လေသည်။ ကောင်းကင်ယံကို လက်ထပ်တာ ငွေမက်လို့ဟု ထင်နေကြတာပဲ။ ဟုတ်တယ်လေ။ ဘာဖြစ်လဲ။

"ရှင်သခင် ဘာတွေပြောနေတာလဲ၊ မင်းက ငွေမက်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်တာ ကိုယ်သိပါတယ်၊ မင်းကို ဘယ်လိုအကြောင်းနဲ့မှ ကိုယ် မကွာချင်ဘူး"

"ယံ ရှင် ဘာတွေဖြစ်နေရတာလဲ၊ သူက ရှင့်ကိုမှမချစ်တာပဲ"

"တူယှဉ်ပြိုင် မင်းပြန်ပါ၊ ဘယ်လိုနည်းနဲ့မှ ကိုယ့်မိန်းမကို မကွာဘူး"

"ကောင်းကင်ယံ ရှင်လိုက်သွားပါ၊ ကျွန်မအတွက် လိုအပ်တာက တိုက်နဲ့ခြံပဲ"

"မဟုတ်တာတွေမပြောပါနဲ့ ရှင်သခင်ရယ်၊ မင်းမှာ ဒီလို စိတ်ဓာတ်မျိုး မရှိတာကို ကိုယ်သိပါတယ်"

"ဘယ်လိုလဲ တူယှဉ်ပြိုင်၊ သူက ကျွန်မကို အရမ်းချစ်နေတယ်၊ ကျွန်မ ဆေးနဲ့လုပ်ထားတာပဲ၊ အခု သူ့ကို ရအောင်ခေါ်





လေ၊ မရရင်တော့ နောက်ဘယ်တော့မှ ဒီခြံရိပ်ကိုလာမနင်းနဲ့"

"ညည်း ညည်း လူပါးဝလိုက်တာ၊ သူများဟာတွေ မတရားအပိုင်စီးထားပြီးတော့"

"ယံ သူ့ကိုမောင်းထုတ်ပစ်လိုက်ပါ၊ နောက်ဘယ်သူပဲလာလာ ကြိုတင်ဖုန်းမဆက်ထားရင် တံခါးဖွင့်ပေးစရာမလိုတော့ဘူး"

ရှင်သခင် လေသံမာမာထန့်ထန့်နှင့်ပြောပြီး အိပ်ခန်းထဲ ပြန်ဝင်လာခဲ့မိလေသည်။ ဒေါသတွေနှင့် ပေါက်ကွဲချင်နေ၏။ ဘယ်လိုလူတွေလဲ။ တူယှဉ်ပြိုင်ရဲ့ အထင်သေးတဲ့ မျက်ဝန်းတွေကို ရှင်သခင် မုန်းတီးနေမိလေသည်။ ယံ့ရဲ့မိသားစု အသိုင်းအဝိုင်းတွေရဲ့ အကြည့်တွေကရော ဘာထူးလို့လဲ။ ရှင်သခင့်ကို အထင်သေးနေကြလေသည်။ တူယှဉ်ပြိုင်ကို ဘာဖြစ်လို့ လွှတ်လိုက်ရတာလဲ။ ရှင်သခင့်ကို မလိုလားလို့ပဲမဟုတ်လား။ မုန်းလိုက်တာ။ ကျွန်မ ငွေမက်လို့ ယောကျ်ားတစ်ယောက်ကို လက်ထပ်တာမဟုတ်ဘူး။ ရှင်သခင် အော်ဟစ်ပစ်ချင်နေရသည်။ သူမဘဝမှာ အားကိုးတွယ်တာရာကင်းမဲ့ပြီး အထီးကျန်စွာ ကြီးပြင်းလာရ၏။ ဦးလေးအိမ်မှာ ညှိုးငယ်နွမ်းချစွာ နေထိုင်ကြီးပြင်းလာခဲ့ရသည်။ ရှင်သခင့်ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မာနတွေရှိနေ၏။ အနှိမ်ခံဘဝကိုမုန်းတယ်။ သူများအပြောအဆိုခံ ဘဝကနေ လွတ်မြောက်အောင် ရှင်သခင် ကြိုးစားနေတာပါ။ တွေးမိရင်း ရှင်သခင် ဒေါသတွေပေါက်ကွဲနေတော့သည်။

"ဝုန်း"

"ဒိုင်း"

"ရှင်သခင့်ကို ဘာဖြစ်လို့ အတင်သေးကြရတာလဲ၊ ကျွန်မကို ဘာဖြစ်လို့ အလကားနေရင်း နှိမ်ချဆက်ဆံနေကြရတာလဲ"

"ဝုန်း"

"ဒိုင်း"

"ဝုန်း"

"ရှင်သခင်"

"ရှင် လိုက်သွားလေ၊ တူယှဉ်ပြိုင်ဆိုတဲ့ မိန်းမနောက် ဘာဖြစ်လို့လိုက်မသွားရတာလဲ၊ ကျွန်မအတွက် တိုက်နဲ့ခြံကို ထားခဲ့လေ ဟုတ်တယ်၊ ကျွန်မမက်မောတာက ငွေတွေပဲ"

"မင်း စိတ်တွေက အဲ့ဒီလိုမဟုတ်ဘူးဆိုတာ ကိုယ်သိပါ





တယ်၊ မင်းကို ကိုယ် စိတ်မဆိုးပါဘူး၊ မင်းကလွဲပြီး ကိုယ် ဘယ်သူ့နောက်မှလည်း လိုက်မသွားပါဘူး"

ရှင်သခင့်လက်လေးတွေကို ဖမ်းချုပ်လိုက်ပြီး ခန္ဓာကိုယ်လေးကို ပွေ့ဖက်ထားစဉ် ရှင်သခင်က ရုန်းဖယ်ပစ်လိုက်သဖြင့် အိပ်ရာပေါ် လုံးထွေးပစ်လဲကျသွားလေသည်။

"ရှင်ဖယ်စမ်းပါ၊ ရှင့်ကြောင့် ကျွန်မ အထင်သေး အမြင်သေးနဲ့ အပြောခံနေရတာ"

သူဌေးသားတစ်ယောက်ကို ရှင်သခင် ဘယ်တော့မှ လက်မထပ်ချင်ခဲ့ပါဘူး။ ရှင်သခင် လက်ထပ်မိပြီ။ မုန်းလိုက်တာ။

"ကျွန်မကို ကွာပေးပါ၊ ရှင် ကျွန်မကိုပဲ ဘာဖြစ်လို့ ဒီလောက်အထိ ချစ်နေရတာလဲ"

"ရှင်သခင်"

သူ့ရင်ခွင်ထဲမှ ရုန်းဖယ်ထွက်နေတဲ့ ရှင်သခင့် ကိုယ်လုံးလေးအား သူ့လက်တွေနှင့် တင်းကြပ်စွာ ရစ်ပတ်သိုင်းဖက်ထားလိုက်သည်။ မင်းရဲ့စိတ်တွေကို ကိုယ်သိပါတယ် ရှင်သခင်ရယ်။ မင်းဦးလေး အိမ်ထောင်ရေး ပြိုကွဲမှာစိုးလို့ ကိုယ့်ကို လက်ထပ်တာ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ဘွားတို့ မမတို့ပေးတဲ့ လက်ဝတ်ရတနာတွေကို ရှင်သခင်က လက်မခံခဲ့ပေ။ သူ ရှင်သခင်ကို ချစ်မြတ်နိုးစွာ ဖက်ထားမိသည်။ သူတို့ အိမ်ထောင်ရေးကြားမှာ မိသားစုဝင်တွေရော တူယှဉ်ပြိုင်ရော ဝင်စွက်ဖက်နေတာလည်း မဖြစ်သင့်ဟု ထင်မိနေသည်။ သူ့အိမ်ထောင်ရေး ပြိုကွဲမှာ အကြောက်ဆုံးပဲ။

"ချစ်ရယ် ကိုယ် တောင်းပန်ပါတယ်ကွာ၊ နောက်ဆို ချစ်သဘောမတူဘဲ ဘယ်သူ့ကိုမှ တံခါးမဖွင့်ပေးတော့ဘူး ကျေနပ်လား"

သူ့ရင်ခွင်ထဲမှ ရုန်းကန်တွန်းဖယ်နေတဲ့ ရှင်သခင် ငြိမ်သက်သွားလေသည်။ ယံက သူမဘက်ကနေ တစ်ဖက်သတ် ရပ်တည်နေခဲ့၏။ ဒါပေမဲ့ တူယှဉ်ပြိုင့်ကို ဘာဖြစ်လို့ သူ တံခါးဖွင့်ပေးရတာလဲ။ ရှင်သခင်က မပတ်သက်ချင်ပါဘူးလို့ ပြောထားခဲ့သားပဲ။ ရှင်သခင့်ကို ပြောချင်တာတွေပြောနိုင်ဖို့ မဟုတ်လား။ ရှင်သခင် စိတ်တွေ အလိုမကျဖြစ်နေရသည်။

"ရှင်သခင်"

"ဖယ်ပါ"





"မဖယ်ဘူးကွာ"

"ရှင် ဒီတိုက်နဲ့ခြံကို လိုချင်တယ်လေ၊ ရှင်ဘာဖြစ်လို့ ကျွန်မအနားကနေ ထွက်မသွားရတာလဲ"

"ချစ်လို့"

"ဟင်"

"အရမ်းချစ်လို့"

သူက ရှင်သခင့်ကို ချစ်မြတ်နိုးလွန်းတာကိုတော့ ရှင်သခင် သိနေပါ၏။ ဘာကြောင့်လဲ။ ကျွန်မစိတ်ထဲမှာ အလိုမကျသလို ဘာဖြစ်လို့များ ဖြစ်နေရတာလဲ။ ရှင့်ကို ကျွန်မ ချစ်တယ်ဆိုတာ အရိပ်အမြွက်လေးသိအောင် ပြဖို့ တောင် ကျွန်မ ဝန်လေးနေမိတာတော့ အမှန်ပဲ။ ရှင်သခင့် ရင်ထဲမှာ ကိန်းအောင်းနေတဲ့ မာနတွေကိုလည်း မုန်းတီးကြောက်ရွံ့ လာနေမိလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"မိန်းမ ကိုယ် မနက်စာစီစဉ်ပြီးပြီ၊ ထတော့နော် မျက်နှာသစ်"

"အင်း"

သူမထလိုက်လေသည်။ သူ့ရဲ့ပြုံးရွှင်ပီတိတွေ လွှမ်းနေသော အကြင်နာမျက်ဝန်းတွေကို တွေ့လိုက်ရ၏။ တယုတယ ပွေ့ယူပြီး ထစေ၏။ ရှင်သခင့်ကို ကလေးတစ်ယောက်လို ပြုစုနေသော ယံ့ကို သူမ အရေးမစိုက်သလိုလုပ်ကာ ရေချိုးခန်းထဲဝင်လာခဲ့သည်။

"ဟင်"





ရေချိုးခန်းထဲမှာ အားဆုံးအဆင်သင့်ပဲ သွားပွတ်တံမှာ သွားတိုက်ဆေးထည့်ပြီးသား အဆင်သင့်။ မွှေးကြိုင်သစ်လွင်နေသော မျက်နှာသုတ်ပဝါ ဆပ်ပြာ သူမအား ယံက တခမ်းတနား မြတ်နိုးစွာ ဆက်ဆံနေလေသည်။ ရှင်သခင် မျက်နှာသစ်လိုက်၍ စိတ်က မလုံသလိုပင်။ တကယ်ဆိုရင် ယံက သူဌေးသား အခြွေအရံ အသိုင်းအဝိုင်းတွေနှင့် လိုလေသေးမရှိ နေထိုင်ခဲ့ရသူပဲ။ လင်ယောကျ်ားရဲ့ ဝေယျာဝစ္စတွေကို ရှင်သခင်က လုပ်ပေးရမှာပါ။ သူမ အပြင်ထွက် လာတော့ အိပ်ရာတွေက သန့်ရှင်းသပ်ရပ်စွာ ရှင်းလင်းထားပြီးသား ဖြစ်နေသည်။

"ရှင်သခင် အဝတ်အစားတွေလဲပြီးရင် စားသောက်ခန်းထဲလာခဲ့နော်၊ ကိုယ် အဆင်သင့်စောင့်နေမယ်"

ယံရယ် ရှင်သခင်လို မိန်းမတစ်ယောက်ကို ဘာဖြစ်လို့ ဒီလောက်အထိ ချစ်နေရတာလဲဟင်။ ရှင်သခင်က ရှင့်ကို ဒူးမထောက်ချင်ဘူး။ ဦးမညွတ်ချင်ဘူး။ မာနတွေ ပြချင်နေတယ်။ ရှင်သခင်က ချမ်းသာတဲ့ ယောကျ်ားတစ်ယောက်ကို အောက်ကျို့နေရတာမျိုး အဖြစ်မခံနိုင်တော့။ ရှင် ကျွန်မကို ကွာချင်ကွာပါ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်ပြီး မပေါင်းပါနဲ့။ ရှင်သခင့်ကို ရှင် စိတ်ကုန်သွားမဲ့နေ့ကို စောင့်နေတာပါလေ။

"ရှင်သခင် လာလေ ဘာလုပ်နေတာလဲ"

ရှင်သခင်မလာသဖြင့် သူက ရှင်သခင့်လက်လေးကိုဆွဲပြီး ခေါ်ဆောင်နေလေသည်။ ဒီတိုက်ကြီးထဲမှာ နေထိုင်စားသောက်ရတာပင် ရှင်သခင့်စိတ်တွေက မလုံပေ။ ကျွန်မ ထွက်သွားချင်တယ်။ ကျွန်မဘဝကို ကျွန်မ ခွန်အားတွေနဲ့ ရပ်တည်ချင်တာပါ။

"ရှင်သခင်"

"ဟင်"

"စားနော်၊ ဒါက ရှင်သခင်ကြိုက်တဲ့ မုန့်ဟင်းခါးလေ"

"ဟင် ယံ ဘယ်လိုချက်လိုက်တာလဲ၊ ချက်တတ်တယ်ဟုတ်လား"

"ရယ်ဒီမိတ်လေ၊ အညွှန်းကြည့်ချက်တာပေါ့၊ စားကြည့်ပါဦးကွာ"

သူက တယုတယနှင့် ရှင်သခင်စားဖို့အတွက် ပြင်ဆင်ပေးနေလေသည်။ မုန်းလိုက်တာ။ ရှင်သခင်က မိန်းမပဲ။ ပြီးတော့





ရှင့်ကြောင့် စည်းစိမ်ချမ်းသာတွေနဲ့ နေရတာပဲဟာ။ တစ်ခါတစ်ရံ ယံရင်ခွင်ထဲသို့ပြေးဝင်ပြီး တောင်းပန်ချင်မိလေသည်။ ဒါပေမဲ့ ရှင်သခင် ခေါင်းမာစွာမလုပ်ခဲ့။ ယံ့မိသားစု အသိုင်းအဝိုင်းကလည်း သားအတွက် ခံပြင်းနေကြမှာပဲ။ ရှင်သခင့်ဘက်က မာကျောကျော ဆက်ဆံနေလေသည်။ ရှင်သခင် မှားမှန်း တဖြည်းဖြည်းသိလာရပေမဲ့ မာနက မချချင်ပေ။ ကွဲချင်လဲ ကွဲဆိုတဲ့သဘောနှင့် နေပစ်လိုက်သည်။ ရှင်သခင် မှားနေပြီလား။ သူ ပြင်ဆင်ထားတဲ့ စားစရာတွေကို မစားချင်ပေ။ ယံကကြည့်နေသည်။

"မိန်းမ စားလေ ဘာဖြစ်လို့လဲ မကောင်းလို့လား၊ ကိုယ် ညံ့သွားပြီထင်တယ်၊ ရှင်သခင်မကြိုက်ဘူးလား၊ ကိုယ် ဘာလုပ်ပေးရမလဲဟင်"

"မစားချင်ဘူး၊ နောက်တစ်ခါ ကျွန်မကို ဒီလိုမျိုးတွေ မလုပ်ပေးပါနဲ့၊ တော်ကြာ ရှင့်မိသားစုတွေက ကျွန်မကို အပြစ်တင်နေပါဦးမယ်"

"ကိုယ်တို့နှစ်ယောက်ကြားမှာ ဘယ်သူမှဝင်ပြီး စွက်ဖက်လို့မရပါဘူး ရှင်သခင်ရယ်၊ ကိုယ်က မင်းအတွက်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အလုပ်လုပ်ချင်တယ်၊ အိမ်ကြီးထဲမှာပဲ နေလို့ မဖြစ်သေးပါဘူး၊ ကျွန်မ သင်တန်းတွေတက်ရဦးမယ်လေ"

"ရှင်သခင့် သဘောပါပဲ၊ ကိုယ် ဘွားဆီက ငွေယူပြီး ကုမ္ပဏီတစ်ခုထောင်မယ်လေ"

"ရှင့်မိသားစုဆီက မလိုချင်ပါဘူး၊ ကျွန်မ ကုမ္ပဏီမှာပဲ အလုပ်တစ်ခုခု သွားလျှောက်မယ်"

"အဲ့ဒီလိုမလုပ်ပါနဲ့ ရှင်သခင်ရယ်၊ မင်းက ကုမ္ပဏီပိုက်ရှင် ဖြစ်ရမှာပါ၊ ကိုယ့်ငွေက မင်းငွေပဲလေ"

"ကျွန်မကို ရှင့်မိသားစု အသိုင်းအဝိုင်းတွေ အထင်သေးတာကို မခံနိုင်ဘူး"

"ကိုယ့်မိသားစုက ကိုယ့်သဘောပါပဲ ရှင်သခင်ရယ်၊ မင်းလုပ်ချင်တာတွေလုပ်ပါ၊ ကိုယ် အားလုံးဖြည့်စွမ်းပေးပါ့မယ်"

ချစ်သူလက်လေးကို ယံ ဆုပ်ကိုင်ဖျစ်ညစ်ထားမိလေသည်။ ရှင်သခင်ရယ် မင်း ခံစားချက်တွေကို ကိုယ်သိနေပါတယ်။ မင်းမာနတွေက ချစ်စရာကောင်းတဲ့ မာနတွေပါ။ ယံ မြတ်နိုးစွာ ကြည့်မိနေသည်။





"ရှင်သခင်"

"ဟင်"

"ကိုယ့်ကို မင်းရဲ့လင်ယောကျ်ားအဖြစ် အသိအမှတ်ပြုပေးပါလားကွာ"

ချစ်ဇနီးမျက်နှာလေးကို စူးစိုက်ကြည့်ပြီး အကြင်နာသံလေးနှင့် တောင်းဆိုလိုက်မိလေသည်။ ရှင်သခင့်မျက်နှာလေးက တင်းမာနေဆဲပင်။ ရှင်သခင်ကို သူ လက်ထပ်လိုက်ရသည်အထိ သူမမျက်နှာလေးက အမြဲတင်းတင်းမာနေလေသည်။ ရှင်သခင့် မျက်ဝန်းလေးထဲမှာ အချစ်ရိပ်တွေ လွှမ်းသွားအောင် ယံ ဘယ်လိုလုပ်ဆောင်ပေးရမလဲ။ ရှင်သခင် မျက်နှာလေးနားသို့ သူ့မျက်နှာလေးအား ထိလုမတတ် ကပ်ထားမိသည်။

"ဖယ်ပါ"

"ရှင်သခင်"

"ရှင် ကျွန်မနဲ့ လက်ထပ်ရတာ အရမ်းနစ်နာနေပြီထင်တယ်၊ ကျွန်မလည်း ရှင့်ကို လက်ထပ်ရတာ လုံးဝမပျော်ရွှင်ဘူးယံ၊ နောင်တတွေရနေတယ်၊ ကျွန်မက တူယှဉ်ပြိုင်စွပ်စွဲသလို



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းလုံးဖြစ်နေပြီလား"

"ရှင်သခင် အဲ့ဒီလိုမပြောပါနဲ့ကွာ၊ ကိုယ့်ဘဝမှာ ရှင်သခင် မရှိလို့မဖြစ်ပါဘူး၊ ကိုယ် မင်းကိုချစ်တယ်၊ မင်းဆီက အချစ်တွေကို လိုအပ်ပါတယ်"

ရှင်သခင်ရယ် မင်းခံစားချက်တွေကို ကိုယ်နားလည်ပါတယ်။ မင်းစိတ်တွေမလုံတာ မဟုတ်လား။ မင်း မာနတွေ ပြစမ်းပါကွာ။ ဘယ်လောက်အထိ မာနတွေပြမလဲ။ ကိုယ့်အချစ်တွေကို သက်သေပြချင်တယ်။ လက်ကလေးကိုဆုပ်ကိုင်ပြီး ပါးပြင်လေးကို ဖွဖွနမ်းရှိုက်မိလေသည်။ ရှင်သခင့်မျက်နှာလေးက ချာခနဲ လှည့်သွား၏။ ရှင်သခင်ရဲ့ တင်းမာတဲ့ မျက်ဝန်းအရိပ်တွေ လျှော့ပါးစေချင်သည်။

"ရှင်သခင် ကိုယ် ခွံ့ကျွေးချင်တယ်ကွာ၊ စားနော်"

"ဖယ်ပါ"

"မုန့်ဟင်းခါး၊ မစားချင်တာလား၊ ကိုယ် ကော်ဖီဖျော်ပေးမယ်၊ ပေါင်မုန့်ကို မီးကင်ပေးမယ်၊ အိုကေ"

"ရပါတယ်၊ ကျွန်မ မုန့်ဟင်းခါးပဲစားတော့မယ်"





ရှင်သခင် သူ့ကို တွန်းဖယ်ပစ်လိုက်ပြီး မုန့်ဟင်းခါးကိုစားသည်။ ကောင်းသားပဲ။ ယံတော်တယ်။ သူမအတွက် တစ်ကြိမ်တစ်ခါမှ မလုပ်ဖူးတဲ့ အလုပ်တွေကိုပဲ လုပ်နေလေသည်။ ရှင်သခင်နှင် ယံ့ကို ဘာဖြစ်လို့ မာနတွေပြနေရတာလဲဟယ်။ ယံ့ကိုချစ်ဖို့ ဘာဖြစ်လို့များ ရှင်သခင် မကြိုးစားချင်ရတာလဲ။ တကယ်တော့ ရှင်သခင်က ယံ့ကို ဆင်းရဲဒုက္ခထဲကိုလည်း ခေါ်မသွားချင်ပါဘူး။ ရှင်သခင်ကတော့ ကွာရှင်းပြတ်စဲချင်တယ်။ ရှင့်ဆီက ဒီအခွင့်အရေး တစ်ခုပဲ ရယူချင်ပါတယ် ယံရယ်။ ယံ အနမ်းတွေကို သူမခါးသည်းစွာ ငြင်းဆန်နေမိလေသည်။ ရှင်သခင် ကြည်ကြည်ဖြူဖြူလက်ခံလိုက်ရင် ဖြားယောင်းသွေးဆောင်တဲ့သဘော ဖြစ်နေမှာ စိုးရိမ်မိသလိုပင်။

"ဖယ်ပါ"

"ချစ်တယ်"

"မိန်းမ"

"အဲ့ဒီလိုမခေါ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



“မိန်းမမို့ မိန်းမခေါ်တာပဲဟာ၊ ရှင်သခင်က ကိုယ့်မိန်းမလေ၊ ပြီးရင် ကိုယ်တို့နှစ်ယောက် အပြင်ထွက်မယ်၊ ရှင်သခင် လုပ်ငန်းတွေလုပ်ဖို့ကိစ္စတွေ လေ့လာကြမယ်၊ မိန်းမ ဆန္ဒအတိုင်း ဖြစ်စေရမယ်လေ”

“ယံ ဝင်မပါပါနဲ့၊ ပြီးတော့ ယံ့ငွေကြေးတွေနဲ့ မလုပ်ချင်ဘူး၊ ကျွန်မ အမြဲတမ်း မျှော်လင့်ခဲ့တာက ကျွန်မဘဝကို ကျွန်မခွန်အားတွေနဲ့ ရပ်တည်နိုင်ဖို့လေ”

“ရှင်သခင့်မှာ ခင်ပွန်းရှိနေပြီပဲ၊ အားကိုးစမ်းပါ မိန်းမရာ၊ ရှင်သခင့် ဆန္ဒတွေကို ဖြည့်စွမ်းပေးရမယ်လေ၊ ကိုယ်က ရှင်သခင့်ယောကျ်ားပဲဟာ”

သူမ နာကျင်အေးစက်စွာ ယံ့ကိုကြည့်မိသည်။ ဟုတ်တယ်လေ။ ယံက ရှင်သခင့်ယောကျ်ားပဲ။ တရားဝင် လက်ထပ်ထားခဲ့ကြတာပဲ။ ရှင်သခင့်ရင်ထဲကို အဲ့ဒီအယူအဆတွေ တိုးဝင်နိုင်မြဲအောင် ကြိုးစားပစ်ချင်ပါတယ် ယံရယ်။ သူမစိတ်တွေ အေးစက်မာကျောစွာ ပြောင်းလဲပစ်၍မရ ဖြစ်နေလေသည်။ ဒီကြားထဲ ယံ့မာမီဖုန်းက





ဝင်လာတော့ ပြဿနာက ပို၍ပင် ရှုပ်ထွေးသွားရတော့၏။ ရှင်သခင့်ကို လက်ကိုင်ဖုန်းပေးပေမဲ့ သူမက မယူပေ။ ယံပဲကိုင်ထားသည်။

“မင်းမိန်းမက ဘာဖြစ်လို့ ဖုန်းမကိုင်ရတာလဲ ယံ၊ မာမီက မင်းမိန်းမနဲ့ပဲ စကားပြောချင်တယ်၊ ဖုန်းပေးလိုက်”

ယံ့မာမီအသံမာမာကို ရှင်သခင် ကြားလိုက်ရသည်။ ယံက သူနဲ့ပဲပြောဖို့ မာမီ့ကိုပြောနေ၏။ ရှင်သခင် ထလာခဲ့မိသည်။ ယံ့မာမီတို့က ရှင်သခင့်ကို အထင်သေး နှိမ့်ချတဲ့စကားတွေပြောမှာကို မကြားလိုပေ။ ရှင်သခင်က မာနပြချင်လာရင် အခက်ပဲ။ ရှောင်ပစ်လိုက်တာပါ။

“ရှင်သခင်”

“ဟင်”

“မာမီက”

“ယံနဲ့ပဲပြောပါ”

“ဟိုလေ မာမီက အလုပ်သမားတစ်ယောက် ပို့ပေးချင်လို့တဲ့၊ ကိုယ် လက်ခံလိုက်ရမလား၊ ရှင်သခင် နိုင်းချင်ရာခိုင်းလို့ရတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"တကယ်လား ရှင်သခင်၊ ကိုယ် လက်ခံလိုက်မယ်နော်"

ရှင်သခင် ခေါင်းပဲညိတ်ပြလိုက်လေသည်။ အိမ်မှုကိစ္စတွေ ယံပဲ လုပ်နေရ၍ ရှင်သခင် လက်ခံလိုက်တာပါ။ သူမဘက်မှ အလျှော့ပေးလိုက်ခြင်းပင်။ ယံက မာမီနှင့် ဖုန်းဆက်ပြောနေသည်။

"ရှင်သခင်"

"ဟင်"

"မာမီနဲ့မမလာမယ်တဲ့၊ အလုပ်သမားလာပို့မှာ၊ ကိုယ် လက်ခံလိုက်ရမလားဟင်၊ ဒါမှမဟုတ် ကိုယ်ပဲ သွားခေါ်လိုက်မယ်လေ"

"ဒါရှင့်အိမ်ပဲ ယံ၊ ကျွန်မ ခွင့်မပြုနိုင်စရာ အကြောင်းမရှိပါဘူး"

ရှင်သခင် ပြောပြီးထွက်လာခဲ့လေသည်။ ယံ့ကို သူမ အနိုင်ကျင့်သလိုကြီး ဖြစ်နေ၍ ယံ ဆုံးဖြတ်စေခဲ့၏။ ရှင်သခင့် မျက်နှာလေးကို အရိပ်လိုကြည့်ပြီး ပျာယာခတ်နေတဲ့ ယံ့ကို သနားလာမိသလိုပင်။ ဒါပေမဲ့ ရှင်သခင် မျက်ဝန်းလေးကတော့ မာထန်နေ





ဆဲပင်။ ရှင်သခင့်ကို ယံ ချစ်မနေချင်ပါဘူး။ နာဂျည်းမုန်းတီးပြီး ကွာရှင်းသွားစေလိုနေမိလေသည်။ ကျွန်မ ရှင်ရဲ့အရိပ်မဲကြီးအောက်ကနေ ရုန်းထွက်ပစ်ချင်နေမိတာပါ ယံရယ်။ သူဌေးသား တစ်ယောက်ကို အရရှိုင်ထားတယ်ဆိုတဲ့ အရိပ်မဲကြီးအောက်ကနေ ရုန်းထွက်ပစ်ချင်နေမိတယ်။ ပတ်ဝန်းကျင်ကလည်း ရှင်သခင့်ကို အဲ့ဒီလိုပဲ ဝေဖန်ပြောဆိုနေကြတာပါ။ ကျွန်မ အဲ့ဒီလိုကြီး မချမ်းသာချင်ပါဘူး။ မုန်းတယ်။ ကျွန်မ ဒီဘဝကို မနှစ်သက်ဘူး။ မာနတွေနဲ့ ရုန်းထွက်ပစ်ချင်တာ။

"ရှင်သခင်"

"ဟင်"

"ရှင်သခင် မနှစ်သက်ရင် ကိုယ်ပဲ အလုပ်သမားကို သွားခေါ်လိုက်မယ်၊ ကိုယ့်မိသားစုဝင်တွေနဲ့ မပတ်သက်တာ မဟုတ်လားကွာ"

ယံ့လက်တွေက သူမမျက်နှာလေးကို ချုပ်ကိုင်လိုက်သည်။ အကြည့်တွေက ကြင်နာရိပ်တွေနှင့် အချစ်တွေ ပြည့်လျှံနေတော့၏။ အရာအားလုံး ရှင်သခင့်အလိုကျ ဖြစ်စေရမည်ဆိုတဲ့ မျက်ဝန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှင်သခင့်စိတ်တွေ ညွတ်နူးပျော့ခွေ ကျသွားချင်ပေမဲ့ ဖယ်ပါဟု ပြောပြီး သူ့လက်တွေကို ဆွဲဖယ်ပစ်ကာ ကျောခိုင်းပစ်လိုက်မိလေသည်။

* * *



## အခန်း (၂၂)

"တို့မောင်လေးက ညည်းလေးကို အရမ်းပဲ ချစ်ခင်နှစ်သက်နေတာပါ၊ ရှင်သခင် အိမ်မှုကိစ္စတွေအားလုံး တို့မောင်လေးပဲ လုပ်နေရလို့ တို့ ဘယ်လောက်အထိ စိတ်သောကတွေ ရောက်ခဲ့ရလဲ၊ အိမ်ဖော်ကိုတော့ သင့်မြတ်အောင်နေပါ၊ နေချင်အောင်လည်းထားပါအေ"

ရှင်သခင်ကတော့ ဘာမှတုံ့ပြန်ပြောဆိုခြင်း မပြုပေ။ မျက်ဝန်းလေးတွေက တင်းနေလေသည်။ ယံ့ကို သူမခိုင်းစေနေတာ မဟုတ်ပါဘူး။ ယံက သူမထက် အရင်ဦးအောင် လုပ်ဆောင်ပေးနေခဲ့၏။ အခုလည်း ယံ သက်သာအောင် အလုပ်သမားကို လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ပြီပဲ။

"ရှင်သခင် ညည်းလေးက တိုက်နဲ့ခြံပဲလိုချင်တာ၊ ကျုပ်တို့သားကို လိုချင်တာမဟုတ်ဘူးလို့ တူယုဉ်ပြိုင်ကို ပြောတယ်ဆို"

ယုံမာမီရဲ့ စကားတွေက သူမကို မလိုလား မနှစ်သက်ဘဲ မုန်းတီးနေတဲ့ အသံတွေနှင့် အထင်သေး နှိမ့်ချလေသံတွေ ရောယှက်နေသည်။ ယံ အပြင်ခဏသွားတုန်း သူမအား ပြောဆိုနေကြ၏။ ချမ်းသာသောသူတွေရဲ့ အထင်သေးတဲ့ မလိုမုန်းထား အကြည့်တွေကို ရှင်သခင် ရင်မဆိုင်ချင်ဆုံးပဲ ဖြစ်နေလေသည်။

"ကျုပ်သားကို ညည်းက ချစ်တာမှမဟုတ်တာပဲ၊ ငွေပဲ ချစ်တာပါ၊ ညည်းလိုချင်တာတွေရဖို့ ကျုပ်သားစိတ်ပျက်အောင် အနိုင်ကျင့်တာမဟုတ်လား"

"ဟုတ်တယ် မာမီ၊ မောင်လေးက ချစ်နေမှန်းသိလို့ အနိုင်ကျင့်နေတာ"

"ကျုပ်သားလေးကို ကျုပ်တို့ အရမ်းချစ်လို့ အလိုလိုက်ခဲ့တာ၊ ညည်းရဲ့ ညှင်းပန်းနှိပ်စက်တာကို ခံရမလို ဖြစ်နေတယ်၊ ကောင်းပါတယ်လေ၊ ကျုပ်သား စိတ်နာသွားအောင် လုပ်ပါ၊ ဒါမှ





ကျုပ်တို့ဆီ ပြန်လာမှာ၊ ညည်းလိုချင်တာတွေ ယူထားနိုင်ပါတယ်"

ရှင်သခင်ရဲ့ မျက်ဝန်းတွေ တင်းမာခက်ထန်သွားရလေသည်။ နှုတ်ခမ်းသားလေးတွေ စေ့ကပ်သွားရ၏။ ဒေါ်တိမ်ထက်စံရဲ့ အကြည့်တွေကလည်း မာထန်နေသည်။

"ကျုပ်တို့အမေ အိပ်ရာပေါ်မှာ လဲနေပြီ ရှင်သခင်၊ ညည်းလိုချင်တဲ့ တိုက်နဲ့ခြံကို ပေးခဲ့တော့တဲ့၊ သူ့မြေး သူ့ရင်ခွင်ထဲပဲ ပြန်ရောက်စေချင်နေပြီတဲ့လေ"

"သူ့ကိုပြန်ခေါ်သွားကြပါ၊ မရရတဲ့နည်းနဲ့ ခေါ်သွားကြလေ၊ ကောင်းကင်ယံကို မချစ်ဘူး၊ သူ့ကို တိုက်နဲ့ခြံ လိုချင်လို့ ယူခဲ့တာပဲ၊ ကျွန်မအနားမှာ ကောင်းကင်ယံ ရှိနေတာအမုန်းဆုံးပဲ"

ခါးသီးစွာပြောပြီး သူမအိပ်ခန်းထဲဝင်ခဲ့ပြီး တံခါးပိတ်ထားလိုက်လေတော့သည်။ ယံအမေနဲ့အစ်မက ဒေါသတကြီး အော်ဟစ်နေကြ၏။ ရှင်သခင့်ကို ချိုးဖဲ့နှိမ်ချစွာ ပြောဆိုနေကြ၏။

"ငါ့သားကိုတော့ နင် ညှုချနေတာမဟုတ်လား၊ တိုက်တွေခြံတွေ မရခင်ကတော့ နင် ဒီစကားတွေပြောမှာ မဟုတ်ဘူး၊ တော်တော်ငွေမက်တဲ့မိန်းမပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမ ငြိမ်သက်စွာ ထိုင်နေမိလေသည်။ ဒါကြောင့် ယံ မိသားစုဝင်တွေနဲ့ မပတ်သက်ချင်တာပါ။ ရှင်သခင့်ဘက်မှ အလျှော့ပေးတော့လည်း ယံ့အသိုင်းအဝိုင်းက နားလည်မှု ရှိမနေပေ။ သူတို့က ရှင်သခင့်ကိုမှ မလိုလားကြတာပဲ။ သူတို့ထင်နေတာကိုလည်း မရှင်းပြလိုပေ။ ကျွန်မ ငွေမက်လို့ ရှင်တို့သားကို လက်ထပ်တာ မဟုတ်ဘူးဆိုတာ သက်သေပြမှာပါ။ ယံ ပြန်ရောက်လာလေသည်။

"ရှင်သခင်"

"ဒေါက်...ဒေါက်"

"ရှင်သခင် ကိုယ့်ကို တံခါးဖွင့်ပေးပါဦး၊ ကိုယ် တောင်းပန်ပါတယ်ကွာ"

ယံအမေနဲ့အစ်မတွေ ပြန်သွားကြပြီဆိုတာ ရှင်သခင် သိလိုက်သည်။ ယံ ကျွန်မ ဘယ်လိုလုပ်ရမလဲ။ တကယ်တမ်း ရှင့်ကို ကွာရှင်းပြတ်စဲဖို့ကျတော့လည်း ကျွန်မ တွန့်ဆုတ်နေမိပြီ ထင်တယ်။ ရှင်ပြန်လိုက်သွားမှာ ကြောက်ရွံ့နေမိသလိုပဲ။ ရှင့် အသံကြားမှ ကျွန်မစိတ်တွေ အေးသွားရတာ ထင်တယ်။

"ရှင်သခင်ရယ် ကိုယ့်ကို တံခါးဖွင့်ပေးစမ်းပါကွာ၊ ကိုယ်





မပြောစရာတွေရှိတယ်၊ ကိုယ့်မာမီ ဘာတွေပြောသွားလဲ၊ ကိုယ် တောင်းပန်ပါတယ် ရှင်သခင်ရယ်"

ယံ့အသံတွေက ကြေကွဲဆို့နင့်နေလေသည်။ ရှင်သခင် ဆုံးဖြတ်ချက် ချပစ်လိုက်၏။ ယံ အနားကနေ သူမ ထွက်ခွာသွားတော့မည်။ ရှင်နေခဲ့ပါတော့ ယံရယ်။ ရှင်သခင်က ရှင်နဲ့မတန်ပါဘူး။ တူယှဉ်ပြိုင်နဲ့ပဲ လက်ထပ်ပါ။ အဲဒါမှ မိသားစုဝင်တွေ စိတ်ချမ်းသာရမှာ မဟုတ်လား။

"ရှင်သခင် ကိုယ်တောင်းပန်ပါတယ်၊ ကိုယ့်ကို တံခါး ဖွင့်ပေးပါကွာ"

ရှင်သခင် စိတ်တွေကို တင်းပစ်လိုက်ပြီး ယံနှင့်ရင်ဆိုင်ရန် တံခါးကို ဖွင့်ပေးလိုက်သည်။

"ရှင်သခင်ရယ်"

ယံ့လက်တွေက သူမအား ရစ်သိုင်းဖက်လာသဖြင့် သူမ ဆွဲဖယ်ပစ်လိုက်လေသည်။

"ကျွန်မကို ကွာရှင်းပေးပါ ကောင်းကင်ယံ၊ ကျွန်မ ရှင့်ကို မချစ်ဘူး၊ ကျွန်မ တိုက်နဲ့ခြံကိုလိုချင်လို့ ရှင့်ကိုလက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



တာပဲ"

"မဟုတ်ပါဘူး၊ မဖြစ်နိုင်တာပဲ ရှင်သခင်၊ မင်းစိတ်တွေကို ကိုယ်သိပါတယ်၊ ကိုယ့်ကို မချစ်ဘူးဆိုတာ မှန်ချင်မှန်နေပေမဲ့ မင်း တိုက်နဲ့ခြံကို မက်လို့ဆိုတာ မဖြစ်နိုင်ဘူး"

"ဟုတ်တယ်၊ အဲဒါအမှန်ပဲ၊ ကျွန်မကို တိုက်နဲ့ခြံ ပေးထားခဲ့ပြီး ရှင် ကွာပေးခဲ့ပါ၊ ကျွန်မတစ်ယောက်တည်း နေချင်တယ်၊ တိုက်နဲ့ခြံကို ပေးခဲ့ရမှာ ရှင် နှမြောတွန့်တိုနေတာလား"

ကြေကွဲဆို့နင့်နေတဲ့ မျက်ဝန်းတွေနှင့် ရင်ဆိုင်လိုက်ရသည်။ ရှင်သခင် စိတ်တွေကို ထိန်းထားသည့်ကြားမှ ယံ့ရင်ခွင်ထဲ ပျော့ခွေယိုင်နဲ့ကျသွားချင်နေ၏။ ယံရဲ့တောင်းပန်တိုးလျှိုးနေတဲ့ မျက်ဝန်းအရိပ်တွေက ရှင်သခင့်နှလုံးသားတွေကို ဆုပ်ကိုင်ချေမွလိုက်သလို နာကျင်စူးရှသွားရသည်။ ယံ ရှင့်ကို ကျွန်မ ချစ်မိနေပြီထင်တယ်။ ခွဲခွာသွားရမှာကို ကြောက်လာမိသလိုပဲလေ။ ရှင်က အရာအားလုံး ပြည့်စုံနေတဲ့ ယောကျ်ားတစ်ယောက်ပါ။ ရှင်သခင့်ကို ချစ်နေလို့ အရမ်းထိခိုက်နစ်နာနေပြီထင်တယ်။

"ကျွန်မ ရှင့်ကို ဘယ်လိုမှ ချစ်လို့မရဘူး ယံ၊ ကျွန်မက





ငွေပဲမက်တာပါ၊ ကျွန်မတို့နှစ်ယောက် ကွာရှင်းပြတ်စဲလိုက်တာက အသင့်တော်ဆုံးပဲထင်တယ်"

ရှင်သခင် နောက်မဆုတ်ဖို့ပဲ ဆုံးဖြတ်လိုက်လေသည်။ ယံနှင့်နေလည်း သူမစိတ်တွေက အမြဲတမ်း မလုံမလဲဖြစ်နေပြီး မာနတွေပြနေမိတော့မှာပါပဲ။ ယံတို့ မိသားစုကလည်း ရှင်သခင့်ကို ငွေမက်လို့ သူ့သားကို လက်ထပ်တယ်ဆိုတဲ့ အစွဲရှိနေလေသည်။ ဟုတ်တယ်။ ရှင့်ကို ကျွန်မ ကွာရှင်းလိုက်တာ အမှန်ဆုံးပဲလေ။

"ရှင်သခင်ရယ်"

"ရှင် ဒီကနေ ထွက်သွားပါ၊ တရားဝင် ကွာရှင်းပေးပါ၊ ကျွန်မ ရှင့်ကိုမချစ်ဘဲ လက်ထပ်မိတာ မှားနေပြီ၊ နောင်တတွေလည်း အရမ်းရနေပြီ၊ ကျွန်မ ကွာရှင်းချင်တယ်"

"ကိုယ် ကွာရှင်းပေးမှ မင်းစိတ်ချမ်းသာမှာလား ရှင်သခင်"

"ဟုတ်တယ်၊ ကျွန်မလိုချင်တာက တိုက်နဲ့ခြံပဲ၊ ရှင့်ကို မဟုတ်ဘူး၊ ကျွန်မကို ကွာရှင်းပေးပါ"

"မင်း တော်တော်ငွေမက်တာပဲ ရှင်သခင်၊ ကိုယ် ထင်



www.burmeseclassic.com

www.burmeseclassic.com



တောင်မထင်မိဘူးကွာ၊ ကိုယ်က တိုက်နဲ့ခြံ မပေးနိုင်ဘူးဆိုရင်ရော မင်း ကိုယ့်ကိုကွာမှာလား''

''အဲဒါတော့ မဖြစ်နိုင်ဘူးထင်တယ် ယံ၊ ကျွန်မဘဝ အတွက် တိုက်နဲ့ခြံက လိုအပ်တယ်လေ၊ မပေးရင်တော့ ကျွန်မ လုံးဝကွာရှင်းမပေးနိုင်ဘူးနော်''

ရှင်သခင့်မျက်ဝန်းတွေကို ယံ စူးစိုက်စွာ ကြည့်မိနေလေသည်။ မင်း တကယ်ပဲ ငွေမက်တာလား ရှင်သခင်ရယ်။ ကိုယ့်ကို ငွေကြောင့် အပိုင်ချိူင်တာလားကွာ။ ကိုယ်တကယ် မထင်မိဘူး။ မင်းမာနတွေကြောင့် ကိုယ့်ကို ဂျစ်တိုက်နေတယ်ပဲ ထင်မှတ်နေမိတာပါ။ ရှင်သခင် ဘယ်လိုပဲ ပြဿနာရှာနေပါစေ သူ့ဘက်မှ မစွန့်လွှတ်နိုင်ခဲ့ပေ။ ရှင်သခင်ကတော့ တင်းမာတဲ့ မျက်ဝန်းတွေနှင့် ကြည့်နေလေသည်။ မင်းမျက်ဝန်းတွေထဲမှာ အမုန်းရှိနေတာပါလား။ မာမီက ရှင်သခင် တိုက်နဲ့ခြံပေးရင် သားကို ကွာရှင်းချင်တယ်တဲ့။ သားကို မချစ်ဘူးတဲ့။ ပိုင်းလုံးမတဲ့။ သူ နာကျင်စွာဖြင့် ရှင်သခင်ကို ကြည့်နေမိလေသည်။

''ကောင်းပြီလေ ရှင်သခင်၊ မင်းလိုချင်တာတွေ ငါပေး





မယ်၊ မင်းကို ငါကွာရှင်းပေးမယ်၊ မင်းကျေနပ်တယ် မဟုတ်လား''

''ကျွန်မကျေနပ်တယ် ကောင်းကင်ယံ၊ ကျွန်မ အလိုချင်ဆုံးက ဒီခြံကြီးနဲ့ တိုက်ပဲလေ''

''မင်းဟာ တော်တော်မုန်းစရာကောင်းတဲ့ မိန်းမပဲ၊ ငါ ဘာဖြစ်လို့များ မင်းကိုချစ်မိနေရတာလဲ ရှင်သခင်၊ ငါ့ဝဋ်ကြွေးပဲလို့ မှတ်လိုက်ပါ့မယ်၊ မင်းဆန္ဒအတိုင်းပဲ တိုက်နဲ့ခြံနဲ့ပေးပြီး ကွာရှင်းဖို့ စီစဉ်မယ် ရှင်သခင်''

''မနက်ဖြန်ပဲ ကျွန်မတို့ ကွာရှင်းလိုက်ကြရအောင်''

''ကောင်းပြီလေ၊ ကိုယ်စီစဉ်ပေးမယ်၊ မင်း မနက်ဖြန် တရားရုံးကို လိုက်လာဖို့ပဲ၊ ငါဖုန်းဆက်လိုက်မယ်၊ မင်းကို ငါ အရမ်းမုန်းသွားပြီ ရှင်သခင်၊ မင်းဟာ အလကားမိန်းမပဲ၊ မင်း မက်မောတဲ့ ပစ္စည်းတွေပဲ ယူလိုက်တော့၊ မင်းဟာ အချစ်နဲ့မတန်တဲ့ မိန်းမပဲ''

ယံ နာနာကြည်းကြည်းပြောပြီး ထွက်သွားလေသည်။ ကားကိုမောင်းထွက်သွားသံ ကြားလိုက်ရ၍ ရှင်သခင် နှလုံးသားတွေ နာကျင်စူးရှစွာ ယိုင်ခွေညွှတ်ကျသွားရသည်။ ယံ ရှင် တကယ်



www.burmeseclassic.com

www.burmeseclassic.com



ပဲ ရှင်သခင့်ကို ထားခဲ့ပြီလား။ အိမ်ဖော်ကောင်မလေးပါ ပြန်ခေါ်သွား၍ တိုက်ကြီးထဲမှာ ရှင်သခင်တစ်ယောက်တည်း ကျန်ခဲ့၏။ ကျွန်မ ရှင့်ကို အရမ်းချစ်တယ်ယံ။ တကယ်တမ်း ဝေးကွာသွားပြီဆိုတဲ့ အသိတွေဝင်လာမှ ယုံကို ကျွန်မ ချစ်မိသွားရတာပါ။

"မောင် ကျွန်မ မောင့်ကို အရမ်းချစ်မိသွားပြီ၊ ကျွန်မဆီ ပြန်လာခဲ့ပါလားဟင်၊ ကျွန်မ စိတ်တွေကို နားအလည်ဆုံးက မောင်ပါပဲ၊ ကျွန်မကို အထီးကျန်ဖြစ်အောင် မထားခဲ့ပါနဲ့ မောင်ရယ်"

ရှင်သခင်တစ်ယောက်တည်း ရှူးသွပ်စွာ အော်ဟစ်ပစ်ချင်လာရသည်။ မထင်မှတ်ဘဲ မောင်ဆိုတဲ့အသံက သူမရင်ကို ပဲ့တင်ထပ်စေ၏။ ရှင်သခင့်မှာ နားခိုစရာ မရှိပါဘူး။ ဦးလေးဆီလည်း မပြန်ချင်ပေ။ ဒေါ်လေးက လက်ခံမှာမဟုတ်။ ဦးလေးကိုလည်း ဒုက္ခတောထဲ ထပ်၍မခေါ်လိုတော့ပေ။ သူမကို ချစ်မြတ်နိုးလွန်းတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာပဲ နားခိုချင်တာပါ။ ကျွန်မ မာနတွေကို မုန်းတယ်။ အတ္တတွေကို မုန်းလိုက်တာ မောင်ရယ်။ ယုံ့ဆီဖုန်းဆက်ပြီး တောင်းပန်စကားတွေပြောပြီး မာနတွေကို ချပစ်လိုက်ချင်ပေမဲ့ ယုံ့အသိုင်းအဝိုင်းတွေက ရှင်သခင့်ကို ခွင့်လွှတ်နိုင်ကြ





မှာမဟုတ်လို့ မောင်ပဲ စိတ်သောကတွေရောက်ရပြီး အမြဲတမ်းဗျာများနေရတော့မယ်လေ။ သူမ နှုတ်ခမ်းသားလေးတွေကို တင်းကြပ်စွာ စေ့ကပ်ထားလိုက်မိလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ယံနှင့် ကျွာရှင်းပြတ်စဲခြင်း လက်မှတ်ထိုးပြီးနောက် သူမ ခန္ဓာကိုယ်လေး အင်အားတွေ ချိနဲ့နုံးခွေသွားရသည်။ ရှင်သခင်နဲ့ ယံ တကယ်ပဲ ကွာရှင်းပြတ်စဲ သွားကြပြီလား။ ဝေးကွာပြီထင်တယ်။ ရှင်သခင့်နှလုံးသားတွေထဲမှာ နာကျင်ကြေကွဲနေရ၏။ ယံ့ကို ချစ်တယ်။ ကျွန်မ ယံ့ကိုချစ်တယ်။ မောင်နဲ့ဝေးရမှာကို ကျွန်မ တဖြည်းဖြည်း ကြောက်လာသလိုပဲ။ ယံနဲ့နေခဲ့တဲ့တိုက်ကြီးဆီ ရောက်လာသည်။ ကျွန်မ ဒီပစ္စည်းတွေကို မက်မောမယ် ထင်လို့လားမောင်ရယ်။ ရှင်သခင့်ကို စိတ်နာပြီး ကွာရှင်းလိုက်အောင်ပါ။ သူများဆီက အချောင်ရတဲ့ ပစ္စည်းတွေကို ရှင်သခင် မလိုချင်ပါဘူး။





ရှင်သခင်က ငွေမက်တဲ့ မိန်းမလည်းမဟုတ်ပါဘူး။ မောင် တိုက်ကြီး တစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်နေပြီး မောင်နှင့်သူမ နေထိုင်ခဲ့တဲ့ အရိပ်လေးတွေ လွှမ်းမိုးနေသည်။

"မိန်းမ ဘာစားမလဲ၊ ကိုယ် မုန့်ဟင်းခါးချက်ထားတယ်၊ မြည်းကြည့်ပါဦး၊ မကြိုက်ရင် ပေါင်မုန့်ကင်ပေးရမလား၊ ကော်ဖီ ဖျော်ပေးမယ်"

သူမအား ယုယကြင်နာစွာ လိုလေသေးမရှိ ဖြည့်စွမ်းပေး နေခဲ့သော ယောကျ်ားတစ်ယောက်ဖြစ်သည်။

"မိန်းမ"

"ဟင်"

သူမ လှည့်ကြည့်လိုက်တော့ ဘယ်သူမှ မရှိပေ။ မောင့် အရိပ်တွေကို ရှင်သခင် မေ့ပစ်လို့မရ။ ရှင်သခင့်မျက်ဝန်းတွေထဲမှာ မောင်ပဲရှိနေလေသည်။ ရှင်သခင် အခုမှ မောင့်ကို ဘယ်လောက်ထိ များ ချစ်ခင်မြတ်နိုးတယ်ဆိုတာ သိလိုက်ရ၏။ ရှင်သခင့်ကို ချစ်မြတ်နိုးလွန်းသော ယောကျ်ားတစ်ယောက် ရင်ခွင်နှင့် ရှင်သခင် ဝေးကွာရတော့မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းက ကျူပ်သားကို အနိုင်ကျင့်နေတာပဲ၊ ညည်းလို မိန်းမမျိုးက ငွေပဲမက်မောမှာပေါ့"

ရှင်သခင် အရာအားလုံးကို မေ့ပစ်လိုက်ချင်သည်။ ဘာဖြစ်လို့ မေ့ပစ်လို့မရတာလဲ။ နာကြည်းစရာတွေရော၊ လွမ်းမောတမ်းတဖွယ်ရာတွေရော ရှင်သခင့်နှလုံးသားတွေထဲ ဝင်ရောက်ထိုးနှက်နေသည်။ ကျွန်မ မောင့်ကို မေ့ပစ်လို့မရဘူး၊ သတိရ တမ်းတနေမိသည်။

"မောင် ကျွန်မဆီကို ပြန်လာခဲ့ပါ၊ ကျွန်မ မောင်နဲ့ဝေးရမှာကို အရမ်းကြောက်နေပါပြီ၊ ကျွန်မတစ်ယောက်တည်း အရမ်းပဲအထီးကျန်ဆန်နေရတယ်"

ရှင်သခင့်ကြောင့် မောင် ဒဏ်ရာအနာတရ ဖြစ်ခဲ့ရသည်။ မိသားစုနှင့် ဆန့်ကျင်ဘက်တွေနှင့် သောကတွေ ရင်ဆိုင်ခဲ့ရ၏။ ဘာပဲဖြစ်ဖြစ် မောင်က ကျွန်မဘက်ကနေ ရပ်တည်ခဲ့တာပဲမဟုတ်လား။ ရှင်သခင် အခုလို ကွာရှင်းပြတ်စဲဖို့ ဆုံးဖြတ်ရတာလဲ မောင့်အတွက်ပါ။ ကျွန်မ မာနတွေကို ကျွန်မ အရမ်းမုန်းတယ်။ ကျွန်မဘဝမှာ ယောကျ်ားတစ်ယောက်ကို ချမ်းသာတာတစ်ခုပဲကြည့်ပြီး





လက်ထပ်တာမျိုး မလုပ်ချင်ခဲ့တာပါ။ ကျွန်မ အကြောက်ဆုံးက ပိုင်းလုံးမဆိုတဲ့ နာမည်ရမှာပဲ။ ရှင်သခင့်ခေါင်းထဲမှာ နောက်ကျိမူးဝေနေခဲ့သည်။ ရင်ထဲမှာလည်း ပို့အန်ချင်နေ၏။ မောင်နှင့် ဇနီးမောင်နှံအဖြစ် နှစ်လသုံးလလောက် နေထိုင်ခဲ့စဉ်အတွင်း ရှင်သခင့်မှာ မောင့်ရင်သွေးလေးများ ရှိနေနိုင်မလား။

"ဝေါ့"

"အမလေး"

"ဝေါ့"

"ဝေါ့"

ရှင်သခင် ရေချိုးခန်းထဲဝင်ပြီး အန်ပစ်လိုက်သည်။ ခန္ဓာကိုယ်က နုံးခွေနေ၏။ မောင်မရှိဘဲနဲ့ ဒီခြံနဲ့တိုက်ကြီးက ကျွန်မအတွက် ဘာများအသုံးဝင်တော့မှာလဲ။ မောင့်ဘက်မှ ရှင်သခင်သွားအောင်ပါနော်။

"ဝေါ့"

"ဝေါ့"

"ဝေါ့"



www.burmeseclassic.com

www.burmeseclassic.com



အန်ချင်စိတ်တွေက အဆက်မပြတ်ဖြစ်နေသည်။ ရှင်သခင်မှာ မောင်နဲ့ရတဲ့ ရင်သွေးလေးများ တွယ်ကပ်ငြိနေပြီလား။ ဖြစ်နိုင်တာပဲ။ ရှင်သခင် တွေးကြည့်တော့မှ မိန်းမဓမ္မတာမလာတာ တစ်လကျော်နေပြီပဲ။ ရှင်သခင် တစ်ယောက်တည်းတော့ ဘဝကို မရပ်တည်နိုင်တာ။ ဒါပေမဲ့ ရှင်သခင် ဘဝကို ရုန်းကန်မှာပါမောင်။ ရှင်သခင် အရမ်းဝမ်းသာတာပဲ။ မောင့်ကိုယ်ပွားလေး ကျွန်မ ပိုင်ဆိုင်ခွင့်ရရင်လေ ရှင်သခင် မီးခံသေတ္တာကို ဖွင့်လိုက်သည်။ မြေနှင့်တိုက် ပိုင်ဆိုင်ခွင့် စာရွက်စာတမ်းတွေနဲ့ ငွေသိန်းတစ်ရာကို တွေ့လိုက်ရသည်။ မောင်က ရှင်သခင့်အတွက် အမြဲတမ်း မီးခံသေတ္တာထဲ ငွေအပြည့်ထည့်ပေးထားသည်။

“မိန်းမ သုံးနော်၊ ဘာမှအားမနာနဲ့၊ မောင့်ငွေက မင်းငွေပဲ၊ ကြိုက်သလိုသုံးစမ်းပါ”

မောင်က ရှင်သခင်ကို သိုင်းဖက်ပြီး တယုတယပြောတတ်သည်။ ဆင်းရဲနွမ်းပါးတဲ့ မိန်းကလေးဆိုပြီး နှိမ်ချဆက်ဆံတာမျိုး မရှိခဲ့ပေ။ ဘယ်အရာပဲဖြစ်ဖြစ် ကျွန်မ အလိုဆန္ဒတွေအတိုင်းပဲ ဖြစ်စေခဲ့သည်။





“ကိုယ့်ဘဝမှာ ရှင်သခင် မရှိလို့မဖြစ်ဘူး၊ ကိုယ့်အလိုအပ်ဆုံးက မင်းပဲလေ၊ ကိုယ့်နှလုံးသားထဲမှာ အရမ်းပဲ ချစ်မြတ်နိုးရတာပါ”

မောင့်အသံတွေက သူမအကြားအာရုံတွေကို လွှမ်းမိုးနေလေသည်။ မေ့ပစ်ချင်ပေမဲ့ မရ၊ နေရာအနှံ့ မောင့်အရိပ်တွေပဲ ထင်ဟပ်နေ၏။ ရှင်သခင့်ကို မိန်းမရေ အချစ်ရေဟု ခေါ်သံတွေ ကြားကြားပြီး ကယောင်ကတမ်း လှည့်ကြည့်မိနေတတ်လေသည်။

“မောင့်မိန်းမက ငွေမမက်ပါဘူး၊ မောင် သိတယ်၊ မောင့်ကို မချစ်ရင်သာနေမယ်၊ စည်းစိမ်ဥစ္စာတွေ မက်မောပြီး မောင့်ကို လက်ထပ်တာတော့ မဖြစ်နိုင်ပါဘူး”

စာရွက်စာတမ်းတွေကို ထုတ်ယူကြည့်ပြီး ရှင်သခင် စာတစ်စောင် ရေးလိုက်လေသည်။ ဒီစာရွက်စာတမ်းတွေကို မောင့်မာမီနာမည်နှင့် ပြန်လွှဲပြောင်းပေးရန် စီစဉ်ရမည်ဖြစ်မည်။ မီးခံသေတ္တာထဲမှာရှိနေတဲ့ ငွေတွေကိုလည်း ရှင်သခင် ကိုင်တွယ်၍ပင် မကြည့်ပေ။ ရှင်သခင်နှင့် မဆိုင်တဲ့ ပစ္စည်းတွေပဲ။ မောင့်မိဘတွေက သား စိတ်ချမ်းသာဖို့အတွက် 'ကျွန်မနှင့် သဘောမတူဘဲ



www.burmeseclassic.com

www.burmeseclassic.com



တူခဲ့ရသည်။ ကျွန်မ တောင်းဆိုသမျှကို လိုက်လျောခဲ့ကြရ၏။ ရှင်သခင့်ဘက်မှ မာထန်စွာပြောဆိုဆက်ဆံခဲ့သည်။

"ကျွန်မက အရမ်းရိုင်းစိုင်းတဲ့ မိန်းမတစ်ယောက်ပါ မောင်ရယ်၊ ကျွန်မဘဝမှာ ကြီးမားတဲ့ အခွင့်အရေးတစ်ခုပါပဲ"

မောင့်အနမ်းတွေ၊ မောင့်အကြင်နာတွေကို ရှင်သခင် သတိရတမ်းတနေမိသည်။ မောင့်ရဲ့အကြင်နာ အယုအယတွေကို ကျွန်မ ခါးသီးစွာ ငြင်းဆန်ဖြစ်ခဲ့၏။ မာနတွေနှင့် မာထန်ခဲ့သည်။ ကျွန်မဘဝမှာ နွေးထွေးကြင်နာယုယမှုရင်ခွင် လွတ်ကင်းသွားပြီဖြစ်၏။ မောင့်မိဘတွေ၊ ပစ္စည်းတွေကို ကျွန်မ ပြန်ပေးမှာပါ။ ကျွန်မ စည်းစိမ်ဥစ္စာတွေကို မက်မောတဲ့ မိန်းမတစ်ယောက် ဘယ်တော့မှ မဖြစ်စေရပါဘူး။ အားလုံးပြန်ပေးဖို့ ဆုံးဖြတ်ထားပြီးသားဖြစ်သည်။

"ဝေါ့"

"ဝေါ့"

"ဝေါ့"

သူမရင်ဝကို ဖိထားလိုက်ရသည်။ အန်ချင်စိတ်တွေက ပြင်းပြစွာ ဖြစ်ပေါ်နေရ၏။ မောင် ကျွန်မ ဒီကနေ ထွက်သွားတော့





မယ်။ နားခိုရာမရှိပေမဲ့ ကျွန်မ အထီးကျန်စွာနဲ့ ဘဝကိုရပ်တည်မှာပါ မောင်ရယ်။ ရှင်သခင့် မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံစီးကျလာရလေသည်။ ရှင်သခင်တစ်ယောက်တည်း ရပ်တည်နိုင်ခြင်းမရှိတော့အောင် ဖြစ်သွားရ၏။ ရင်ထဲမှာ နောက်ကျို မွန်းကြပ်နေလေသည်။

ကောင်းကင်ယံကတော့ ငွေကြေးဥစ္စာတွေကို မက်မော လွန်းသော ရှင်သခင်နှင့် တွေ့ဆုံပတ်သက်ရတာပင် နာကြည်းပေါက်ကွဲနေရလေသည်။ သူချစ်မြတ်နိုးရသော မိန်းမသည် သူ့ထက် စည်းစိမ်ဥစ္စာတွေကို မက်မောနေခဲ့၏။ ရှင်သခင် မင်းကို ငါမုန်းတယ်ကွာ။ ရက်စက်တယ်။ သူကိုယ်တိုင်က ရှင်သခင့်ကို အတင်းအကြပ် လက်ထပ်ယူခဲ့တာပဲ။ ယံ ရင်ထဲမှာ တစ်စုံတစ်ခုအတွက် ကြေကွဲထိခိုက်နေရလေသည်။

"ယံ"

"ဟင်"

"ပန်းသီးလေး နွှာလာတာလေ၊ ယံက ညအိပ်ရာဝင်တိုင်း ပန်းသီးစားတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



တူယုဉ်ပြိုင်ကတော့ ယံ့ကို လိုလေသေးမရှိ ပြုစုပေးနေသည်။ မာမီတို့ကလည်း တူယုဉ်ပြိုင်နှင့် နီးစပ်စေချင်၏။ ယံကတော့ စိတ်ရှုပ်ထွေးလာရ၏။ သူ့နှလုံးသားတွေထဲမှာ အချစ်ဆိုတာ မရှိပေ။ အသစ်တဖန် ထပ်ပေါ်ဖို့ဆိုတာ မဖြစ်နိုင်တော့။ တူယုဉ်ပြိုင်ကို မချစ်နိုင်တာ သေချာသည်။

"ယံ"

"ဟင်"

"စိတ်တွေညစ်နေလားဟင်၊ ငွေမက်တဲ့သူတွေက ဒီလိုပါပဲလေ၊ မမြင်ဖူး မှူးမြစ်ထင်တယ်ဆိုတာ အဲဒါပေါ့ယံ၊ အရမ်းစိတ်ဓာတ်တွေ အောက်တန်းကျတယ် သိလား"

"ကိုယ်တစ်ယောက်တည်းနေချင်တယ် ပြိုင်"

"မဖြစ်ပါဘူး၊ ယံ့ကို စိတ်မချလို့သိလား၊ ရှေ့တစ်ပတ်ကျရင် ပြိုင် နိုင်ငံခြားကိုပြန်မယ်၊ ပြိုင်နဲ့အတူ လိုက်ခဲ့နော်"

"ကိုယ်မလိုက်ဘူး ပြိုင်၊ လောလောဆယ် ကိုယ်တစ်ယောက်တည်းနေချင်တယ်၊ ပြိုင် ထွက်သွားပေးပါလား"

"ရှင် အခုထိ ဟိုဟာမကို မမေ့နိုင်သေးဘူးမဟုတ်လား





ယံ"

"မင်းထွက်သွားပါ ပြိုင်"

"ရှင်ဘာဖြစ်နေတာလဲ ယံ၊ မိသားစုဝင်တွေအားလုံး အစော်ကားခံရပြီး စိတ်သောကရောက်အောင်လုပ်ခဲ့တဲ့ မိန်းမကို ရှင် မမေ့သေးဘူးလား"

တူယုဉ်ပြိုင် ဒေါသတွေ ပေါက်ကွဲနေရသည်။ ရှင်သခင့်လို မိန်းမတစ်ယောက်ကို ဘာဖြစ်လို့များ ချစ်ခင်နှစ်သက်နေရတာလဲ။ ယံ့ကို ဘယ်လိုပဲ ဖြားယောင်းမြူဆွယ်ပါစေ ပြိုင့်ကို တင်းတင်းမာမာဆက်ဆံနေ၍ ခံပြင်းနေရသည်။

"ယံရယ်"

ယံ့လက်မောင်းတွေကို တင်းကြပ်စွာ ဖက်တွယ်ထားလိုက်သည်။ ယံက အထိတ်လန့်နှင့် ဖယ်ပစ်နေ၏။ ပြိုင်ကတော့ ယံ့ကို သိုင်းဖက်ထားလိုက်သည်။

"ပြိုင် မင်းဘာလုပ်တာလဲ၊ ကိုယ့်အနားက ထွက်သွားစမ်းပါ"

ယံ လန့်သွားရသည်။ တူယုဉ်ပြိုင်ကို ယံ မချစ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှလည်း ခံစားလို့မရခဲ့။ ရှင်သခင့်ကို မုန်းတီးနာကြည်းနေခဲ့ပေမဲ့ တခြားတစ်ယောက်ကိုတော့ အလွယ်တကူ ပြောင်းလဲချစ်ဖို့ဆိုတာ မဖြစ်နိုင်ပေ။ တူယှဉ်ပြိုင်ရှိနေတာကို သူစိတ်ပျက်မိသည်။

"ယံ့ကို ပြိုင် ချစ်တယ်၊ အရမ်းချစ်တာပဲ ယံရယ်၊ 'ယံဘာတွေပဲဖြစ်နေဖြစ်နေ ပြိုင်ကတော့ ယံ့ကိုချစ်တယ်"

သူ့ကို ဖက်တွယ်ပွတ်သပ်နေတဲ့ ပြိုင့်လက်တွေအားတွန်းဖယ်ပစ်ကာ ယံ အပြင်သို့ ထွက်လာခဲ့လေသည်။ အောက်ထပ်သို့ ဆင်းလာတော့ ဧည့်ခန်းမှာ မိသားစုဝင်တွေ ရှိနေ၏။ ယံအားလုံးကို ကျော်ခိုင်းထွက်လာခဲ့သည်။

"ယံ ဘာဖြစ်နေလို့လဲ၊ ဘွားကိုရော မာမီ့ကိုရော စိတ်ဆင်းရဲအောင် ဘာဖြစ်လို့ လုပ်ရတာလဲ၊ တူယှဉ်ပြိုင်လေးကို လက်ထပ်လိုက်ပြီး နိုင်ငံခြားကိုပဲ ထွက်သွားလိုက်ပါလားကွယ်"

"တူယှဉ်ပြိုင်နဲ့ လက်ထပ်ဖို့ကိစ္စ ထပ်မပြောပါနဲ့ မာမီ၊ သား ဘယ်တော့မှ လက်ခံသဘောတူမှာ မဟုတ်လို့ပါ"

"သားယံ…မင်း မင်း ဟိုဟာမကို စိတ်မကုန်သေးဘူးလား၊ ထပ်ပြီးပတ်သက်ဖို့တော့ မစဉ်းစားနဲ့နော်၊ ဒီတစ်ခါ မာမီတို့ပါ





တိုက်ပေါ်ကဆင်းပေးရတော့မယ်"

ယံ ဘာမှပြောမနေတော့ဘဲ အပြင်သို့ ကားကို တရှိန်ထိုးမောင်းနှင်ကာ ထွက်လာခဲ့မိလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

မောင့်မာမီဆီကို ခြံနှင့်တိုက် စာရွက်စာတမ်းတွေနှင့် ပြန်လည်လွှဲပြောင်းပေးအပ်လိုက်လေသည်။ ရှေ့နေကတစ်ဆင့် စီစဉ်ပေးလိုက်ခြင်းဖြစ်၏။ ပြန်လည်လွှဲအပ်ကြောင်း မသိပါစေနဲ့ဟု စာရေးလိုက်သည်။

"မောင် ရှင်သခင့်ကို စိတ်နာနေပါစေလေ၊ သူ တူယှဉ်ပြိုင့်ကို လက်ထပ်ပြီးမှ အသိပေးပါ၊ ကျွန်မ တိုက်နဲ့ခြံကို ယူလိုက်တာလည်း ယံ စိတ်နာသွားစေဖို့ပါပဲ၊ ကျွန်မရဲ့အတွက်တွေ မာနတွေအတွက် ပြန်ပြီးပေးအပ်တာပါ"





ရှင်သခင် အိတ်တစ်လုံးဆွဲပြီး ထွက်လာခဲ့လေသည်။ မောင့်ကို လွမ်းမော တမ်းတမိပေမဲ့ ရင်ထဲမှာ နာကျင်နေရ၏။ ရှင်သခင့်မှာ ဘာမှမရှိတော့ပါဘူး။ မောင့်ရဲ့ချစ်ခြင်းမေတ္တာတွေကို ရှင်သခင် တမ်းတနေမိလေသည်။ ဒါပေမဲ့ သူမကတော့ မောင်နဲ့ အဝေးဆုံးမှာပဲနေဖို့ ဆုံးဖြတ်ထားပြီးပါပြီ။ ရှင်သခင့်ရင်ထဲမှာ မောဟိုက်နွမ်းလျနေသည်။ တစ်ညလုံးလည်း အိပ်မပျော်၍ မအိပ်ခဲ့ရ။ အန်ချင်တဲ့စိတ်တွေကလည်း ရှိနေ၏။ ဦးလေးဆီလည်း သွားလို့မဖြစ်ပေ။ ရှင်သခင်ကြောင့် အားလုံးပြဿနာဖြစ်မှာ စိုးမိသည်။ ခေါင်းထဲမှာ မူးလိုက်တာ။ မောင် ကျွန်မမှာ မောင့်ရင်သွေးလေးများ ရှိနေပြီလားပဲ။ ကျွန်မ ရပ်တည်နိုင်အောင် ကြိုးစားရမယ်လေ။ တကယ်လို့ မောင့်ရင်သွေးလေး ရှိနေမယ်ဆိုရင်တောင် ကျွန်မ ဖြေသိမ့်နိုင်မှာပါ မောင်ရယ်။

"ရှင်သခင်…နင်…နင်"

"နန္ဒာ"

"နင်ဘယ်လိုဖြစ်ရတာလဲ ရှင်သခင်၊ နင် သူဌေးသားနဲ့ လက်ထပ်ပြီး ချမ်းသာနေတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"နန္ဒာ"

"ဟင်"

"ရှင်သခင်တို့ လမ်းခွဲလိုက်ပြီ"

"ဘာ"

"အားလုံးထားခဲ့ပြီး ငါထွက်လာခဲ့တာပဲ"

"နင်မာနပြတာ မဟုတ်လား၊ နင့်ကိုကျော့တာ မခံချင်တာမဟုတ်လား"

"မပြောနဲ့တော့"

"ရှင်သခင် နင့်မှာ ဘာမှမရှိဘဲနဲ့များ မာနတွေပြရလား၊ ကောင်းကင်ယံက နင့်ကို အရမ်းချစ်တယ်မဟုတ်လား၊ ဒီလောက်ချစ်မြတ်နိုး ယုယတတ်တဲ့ယောကျ်ား ဘယ်လိုရှာမလဲ ရှင်သခင်"

"မကြားချင်ဘူး၊ ငါ ဘာမှမကြားချင်ဘူး၊ မပြောနဲ့တော့"

သူငယ်ချင်းနန္ဒာနေတဲ့ အိမ်လေးက ယိုင်နဲ့နေသည်။ နန္ဒာက ပြူးကြောင်အံ့သြစွာ ကြည့်နေ၏။ ရှင်သခင်မှာ နားခိုရာ အချစ်ဆုံးသူငယ်ချင်း နန္ဒာပဲ ရှိနေလေသည်။





"နင့်ကြည့်ရတာ အရမ်းအားနည်းနေသလိုပဲ ရှင်သခင်၊ ဘာဖြစ်လာလဲ၊ နေမကောင်းဘူးလား"

"စိတ်ညစ်လို့၊ ငါသေပစ်ချင်နေတယ် နန္ဒာ"

"သေလေ"

နန္ဒာက နှုတ်ခမ်းလေးတွေစူထော်ပြီး အရွဲ့တိုက်ပြောလေသည်။ ရှင်သခင့်ရင်ထဲမှာ တလှပ်လှပ် တုန်ခါနေ၏။ တကယ်လို့ ရှင်သခင့်မှာ မောင့်ရင်သွေးလေး ရှိနေရင် ဒီလိုတဲအိမ်လေးထဲမှာ ကြီးပြင်းစေရတော့မလား။ ရှင်သခင့်ခေါင်းထဲမှာ မူးနောက်ရီဝေနေသည်။ ရင်ထဲမှာ ပြည့်ကြပ်နေ၏။

"ဝေါ့"

"ဝေါ့"

"အမလေး"

"ရှင်သခင် နင်ဘာဖြစ်လာတာလဲ၊ နေမကောင်းဘူးလားဟာ"

"ဝေါ့"

"ဝေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်သခင်"

သူမ မီးဖိုခန်းဘက်ပြေးပြီး အန်ပစ်ဂေါ်ကိုက်လေသည်။ နောက်မှ နန္ဒာ လိုက်လာ၏။ ရှင်သခင်ကျောကို ဖိပေးနေသည်။

"နင့်မာနနဲ့နင် အားလုံးကိုစွန့်လွှတ်ပြီး ထွက်လာခဲ့တာ မဟုတ်လား၊ တကယ်လို့ နင့်မှာ ကိုယ်ဝန်ရှိနေရင် ဘယ်လိုလုပ်မလဲ ဟင်၊ ဒီကလေးက တဲစုတ်ထဲမှာ ကြီးပြင်းရမှာလား"

"တော်ပါတော့ဟယ်"

"ကောင်းကင်ယံကို နင် မာနမပြသင့်ပါဘူး ရှင်သခင်ရယ်"

နန္ဒာက ရင်ထုမနာနှင့် ဒေါသတွေ ထွက်နေလေသည်။ ထရံကိုကျောမှီပြီး ထိုင်နေမိ၏။ ရင်ထဲမှာ မောဟိုက်နေသည်။ အိပ်ရေးပျက်ပြီး အိပ်ချင်စိတ်လည်းမရှိဘဲ မျက်လုံးတွေက ကြောင်နေ၏။ ငါ့ကို ဘာမှမမေးပါနဲ့ နန္ဒာရယ်။ ငါ ဘာမှမဖြေပါရစေနဲ့။ ငါ့မာနတွေကို နင်သိတယ်မဟုတ်လား။ ချမ်းသာတဲ့ အသိုင်းအဝိုင်းက ယောကျ်ားတစ်ယောက်ကို ချစ်ပြီး ငါ့ကို မတူမတန်ဘူးလို့ နှိမ်ချပြောဆိုဆက်ဆံမှာ ငါအကြောက်ဆုံးပဲ မဟုတ်လား နန္ဒာရယ်၊





ငါ အမြဲတမ်း မာနတကြီး ရှောင်ရှားနေလာခဲ့တာပဲ မဟုတ်လား။

"ရှင်သခင်"

"ဟင်"

"ဆေးခန်းပြမလား၊ ငါ့အိမ်မှာ နင် နေချင်သလောက်နေနော်၊ ဘာမှအားမငယ်နဲ့၊ အမေနဲ့ငါပဲရှိတာပါ၊ ဒါပေမဲ့ နင်ချမ်းသာသွားလို့ ငါအရမ်းဝမ်းသာနေတာပါဟာ၊ နင်က အရမ်းလှတယ်၊ ချစ်စရာကောင်းတယ်၊ နင် အရမ်းကို ကြီးပွားချမ်းသာနေရမှာပါ"

"ငါ့ဘဝကို တစ်ကပြန်စမယ်၊ ငါကြိုးစားမယ်၊ ငါ့မှာ ရင်သွေးလေးရှိရင်တောင်မှ ငါ့ရင်သွေးလေးကို ချမ်းသာပြည့်စုံတဲ့ ဘဝလေးပဲ ပိုင်ဆိုင်စေရမှာပဲ"

"နင်နဲ့ငါက အချစ်ဆုံးသူငယ်ချင်းတွေပါ ရှင်သခင်ရယ်၊ ငါတို့ ဘဝတူ အမြဲတမ်းနေထိုင်ခဲ့ကြတာပဲဟာ၊ နင့်ကို ငါ အစွမ်းကုန်ကူညီမယ်လေ၊ နင် ဘာမှအားငယ်စရာ မရှိပါဘူးဟာ"

"နန္ဒာရယ်"

ရှင်သခင့်မှာ တခြားနားခိုစရာ မရှိတော့ပေ။ နန္ဒာရဲ့ အိမ်စုတ်လေးပဲ ရှိနေသည်။ မောင် ရှင်သခင် မာနတွေကို မုန်းတီး



www.burmeseclassic.com

www.burmeseclassic.com



နေမိပြီး မောင့်ရင်ခွင်ကို အရမ်းတမ်းတနေမိနေတယ်လေ။ ရင်ဝမှာ ဆို့တက်လာသည်။ နန္ဒာ လက်တွေကို တင်းကြပ်စွာ ဆုပ်ကိုင်ထားလိုက်ရ၏။ ရှင်သခင့်စိတ်တွေ ပျော့ညံ့လိုက်တာနော်။ အစက ဒီလောက်ပျော့ညံ့မည်ဟု မထင်မှတ်မိ။ မောင့်ကိုလည်း ရှင်သခင် ချစ်မြတ်နိုးနေမိသည်။

"ရှင်သခင် နင် နင် ဘာဖြစ်နေလဲဟင်၊ ဆေးခန်းသွားပြမယ်၊ ငါ့မှာ ပိုက်ဆံရှိပါတယ်၊ လာ ထလေ"

"အင်း"

ရှင်သခင့်မျက်ဝန်းတွေက လေးလံနေလေသည်။ အားအင်တွေကင်းမဲ့နေ၏။ မထနိုင်ပေ။ ရှင်သာ ကျွန်မအနားမှာရှိနေရင် ပျာယာခတ်ပြီး ကျွန်မ လိုအပ်တာတွေကို ပြုစုယုယ ကြင်နာနေမှာ မဟုတ်လားဟင်။ ခေါင်းထဲမှာ မူးလိုက်တာ။ ကျွန်မ အရမ်းပဲ အန်ချင်နေတယ်။ မောလိုက်တာ။ ကျွန်မရဲ့မာနတွေ ဘယ်ရောက်သွားပြီလဲဟင်။ ပျော့ညံ့ချင်နေတယ်။ မောင့်ရင်ခွင် ဘယ်မှာလဲ။ ရှင်သခင့်ကို ဖေးမကူညီပါဦး။ သူမ ယိုင်ခွေနေ၏။ နန္ဒာက ဖေးမ တွဲထူနေလေသည်။





"နင် ဘယ်လိုဖြစ်လာတာလဲ ရှင်သခင်ရယ်၊ နင့်ယောကျ်ားကို နင်ချစ်တယ်မဟုတ်လား၊ နင် တမင်မာနတွေ ပြခဲ့တာမဟုတ်လားဟင်"

သူမခေါင်းထဲမှာ ရီဝေနောက်ကျိလာပြီး နန္ဒာ့ရင်ခွင်ထဲ လဲပို့ကျသွားလေသည်။ မောင်ရယ် ရှင်သခင် အရမ်းကြောက်တာပဲ။ မောင့်ကို မတွေ့ရလို့လေ။ ကျွန်မအနားကနေ မောင်ထွက်သွားအောင် ကျွန်မ လုပ်ခဲ့တာပါပဲ။ ဘယ်မှာလဲဟင်။ မောင်နဲ့တွေ့ချင်တယ်။ ကျွန်မလေ မောင့်ရင်ခွင်ထဲ ပြေးဝင်ချင်တယ်။ ကျွန်မမာနတွေကို မုန်းလိုက်တာမောင်ရယ်။ အသက်ရှူရတာ မွန်းကြပ်နေသည်။ မျက်လုံးတွေထဲမှာ မှောင်မဲနေသလိုပဲ။ အားတင်းထားရ၏။ ကျွန်မမှာ မောင့်ရင်သွေးလေး ရှိချင်ရှိနေမှာပါ။ ကျွန်မ ပြုစုပျိုးထောင်ပေးရဦးမယ်။ အမှောင်ထုက သူမမျက်ဝန်းတွေထဲပါ ကျသွားရသည်။

"ရှင်သခင်"

"ရှင်သခင်"

"ရှင်သခင်ရယ်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဟိုးအဝေးကြီးက မောင့်အသံက စိုးလွင့်လာခဲ့လေသည်။ ရှင်သခင် မျက်ဝန်းတွေကို အားယူပြီး ဖွင့်ကြည့်ဖို့ ကြိုးစားလိုက်၏။ မောင့်အသံပါ။ ဟုတ်ပါတယ်။ မောင်ပဲ။ အကြင်နာတွေ ပြည့်ဝချိုအီနေတဲ့ မောင့်အသံပဲ သေချာပါတယ်လေ။

"ရှင်သခင် သတိရပြီလားကွာ၊ မောင်လေ"

သူမလက်ကလေးကို တင်းကြပ်စွာ ဆုပ်ကိုင်ထားသည်။ ရှင်သခင် မျက်လုံးတွေကို ကြိုးစားပြီး ဖွင့်ကြည့်မိ၏။ မောင် ဟုတ်ရဲ့လား။ ကျွန်မကို မောင်က အရမ်းမုန်းနေတာပါ။ မောင်နဲ့ ရှင်သခင်က ကွာရှင်းပြတ်စဲလိုက်ကြပြီပဲ။ မောင်လာတယ်ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။

"ရှင်သခင်ရယ် မြန်မြန်သတိရပါတော့ကွာ၊ မောင် အရမ်းစိတ်ပူနေတယ်၊ မျက်လုံးတွေ ဖွင့်ကြည့်စမ်းပါ"

မောင့်အသံပါ။ ရှင်သခင် ပီပီသသ ကြားလိုက်ရသည်။ ရှင်သခင် ဝမ်းသာအားရနှင့် မျက်ဝန်းတွေကို အင်အားတွေစုစည်းပြီး ဖွင့်ကြည့်လိုက်သည်။

"ရှင်သခင်"





"ဟင်...မောင်...ရှင်...ရှင်"

သူမခန္ဓာကိုယ်လေး ကြွတက်သွားရပြီး ရုန်းထဖို့ပြင်လိုက်စဉ် မောင့်လက်တွေက သိမ်းကျုံးဖက်ထားလိုက်လေသည်။

"မင်း အခုဆေးခန်းမှာလေ ရှင်သခင်၊ ဆရာဝန်က စမ်းသပ်ပြီး မင်းမှာကိုယ်ဝန်ရှိနေပြီတဲ့"

"ဟင်...ရှင် ရှင့်ကို ဘယ်သူက အကြောင်းကြားလိုက်တာလဲ နန္ဒာလား"

"ကိုယ့်မာမီက မင်း ဆေးခန်းရောက်လာတာ တွေ့လို့လေ၊ မာမီပဲ မင်းကို အကောင်းဆုံးဆေးခန်းကို ခေါ်လာခဲ့တာ"

ရှင်သခင်ကတော့ ဘာမှနားမလည်နိုင်သလို ပြူးကျယ်ဝိုင်းစက်တဲ့ မျက်ဝန်းလေးတွေနှင့် ကြည့်နေမိလေသည်။ မောင့်မာမီက ရှင်သခင့်ကို မုန်းတီးနေတာပါ။ မောင်က အကြင်နာမျက်ဝန်းတွေနှင့် သူမအား စူးစိုက်ကြည့်နေသည်။

"မင်းက ခြံနဲ့တိုက်ကို ပြန်ပေးခဲ့တယ်လေ၊ မောင် မသိအောင်ပေးပါဆိုတဲ့စကားနဲ့ တူယှဉ်ပြိုင်နဲ့ လက်ထပ်ပါဆိုတာ မာမီ မင်းကို အထင်ကြီးလေးစားသွားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ရှင်သခင့်ရင်ထဲမှာ ပင်ပန်းနွမ်းနယ်မှုတွေ ပြေလျော့လွင့်ပျောက်သွားရလေသည်။ မောင့်လက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ဖျစ်ညှစ်ထားလိုက်မိ၏။ မောင်က ရှင်သခင် မာနပြရမဲ့ ယောကျ်ားတစ်ယောက် မဟုတ်ပါဘူးနော်။

"ဒီရောက်တော့ ရှင်သခင့်မှာ ကိုယ်ဝန်ရှိနေပြီဆိုတော့ အားလုံးဝမ်းသာနေကြတယ်၊ ရှင်သခင် ဆေးခန်းကပြန်ရင် စိတ်ကြည်လင်အောင် မောင်တို့တိုက်ကြီးကို ပြင်ဆင်နေကြတယ်လေ"

"ရှင်သခင်လေ ဟို ရှင်သခင် မောင်နဲ့ဝေးသွားရမှ မောင့်အပေါ် ဘယ်လောက်အထိ သံယောဇဉ်ငြိတွယ်ပြီး ချစ်မြတ်နိုးရတယ်ဆိုတာ သိလာရတော့တယ်၊ လွမ်းလိုက်တာမောင်ရယ်၊ အားငယ်လိုက်ရတာ"

"ရှင်သခင်ရယ်"

မောင့်ရင်ခွင် ပျောက်ဆုံးသွားမှာ စိုးရိမ်သည့်အလား မောင့်ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ထားလိုက်မိလေသည်။ မောင်က ရှင်သခင့်ပါးပြင်လေးအား မြတ်နိုးစွာ နမ်းရှိုက်လိုက်၏။ ရှင်သခင့်





ကို ချစ်မြတ်နိုးလွန်းသော မောင့်အနားကနေ ဘယ်လိုအကြောင်းမျိုးနဲ့မှ ရှင်သခင်ထွက်ခွာမသွားတော့ပါဘူးနော်။ မောင့်အနမ်းတွေ၊ မောင့်အယုအယ၊ အကြင်နာတွေက ချိုမြိန်ရင်ခုန်လှိုက်ဖိုမောဖွယ်ဖြစ်နေရလေတော့သည်။

သင်မြတ်နိုး

BURMESE CLASSIC .com



www.burmeseclassic.com